# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ တနင်္လာနေ့။ Monday, 20 November 2023 ၁၁၂၈၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာဖြင့် အားပေးစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)ရှိ အရိုးရောဂါနှင့် ထိခိုက်ဒဏ်ရာကုသမှုဌာန၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ တစ်ဦးအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာ


**မြန်မာစာပေလောကသားတို့၏ အမြတ်တနိုး တန်ဖိုးထား ဂုဏ်ယူနေကြရသည့် စာဆိုတော်နေ့**

ဆောင်းပါး စာမျက်နှာ » ၆

**ပြည်သူ့အကျိုးအတွက် IT သုတေသနများ ကြိုးပမ်းဆောင်ရွက်**

စာမျက်နှာ » ၉

**တစ်သက်တာစာပေဆုဆိုတာ စာပေကိုချစ်မြတ်နိုးပြီး တစိုက်မတ်မတ်လုပ်ခဲ့တဲ့သူတွေအားလုံး အာရုံရှိတဲ့ဆုကြီးပါပဲ။ ဒီလို ကိုယ့်တစ်သက်တာလုံး ရေးခဲ့တဲ့စာတွေကို အသိအမှတ်ပြုပြီးတော့ ချီးမြှင့်တယ်ဆိုတော့ ဝမ်းမြောက်ဂုဏ်ယူရပါတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၁

ကြေးမုံ

# ဖိစီးနှိပ်စက်တတ်သည့်သောကများရှောင်ရှား

အခြေခံအဘိဓမ္မာတရားတွင် စိတ်ကို မကောင်းအောင် ခြယ်လှယ်တတ်သော အကုသိုလ်စိတ် ၁၄ ပါးကို မှတ်သားရှောင်ရှားနိုင်ရန် အရေးကြီးပါသည်။ ယခုကာလ လူတို့၌ အကုသိုလ်စိတ်တစ်မျိုးဖြစ်သည့် သောကစိတ်များ များပြားနေကြလေသည်။ သောကကို ဝမ်းနည်းမှုဟုဆိုသည်။ ဝမ်းနည်းစရာတွေ့၍ စိတ်မချမ်းမသာဖြစ်ရာ၌ သောကဟုခေါ်ရလေသည်။ သောကဖြစ်တိုင်း ဒေါသလည်းပါနေပြီး စိတ်မချမ်းသာမှု၊ စိုးရိမ်ကြောင့်ကြမှုတို့ ဖိစီးနှိပ်စက်တတ်သည်။

လူတို့အနေဖြင့် စိုးရိမ်ပူပန်မှုကို သာမန်အားဖြင့် ဖြစ်ရိုးဖြစ်စဉ်သဘောမျိုးဟုသာ ထင်ကောင်းထင်မြင်နိုင်သော်လည်း နောက်ဆက်တွဲဆိုးကျိုးများမှာ ကြီးမားလှသည်ကို သတိပြုမိရန်လိုအပ်ပါသည်။ စိုးရိမ်မှုများသည် သက်သက်သာသာဖြစ်ကြသည်မဟုတ်၊ ကိုယ်စိတ်နှလုံးကို ထိခိုက်စေ၍ လှိုက်လှိုက်လှဲလှဲဝမ်းနည်းခြင်း၊ ပူပန်ခြင်းဖြစ်ကြရသည်။ ထိုမျှ စိတ်ပန်းကိုယ်ပန်း မချမ်းမြေ့ စိုးရိမ်သောကကြောင့်ကြမှုကြောင့် တစ်စုံတစ်ခုကောင်းကျိုးပြုလျှင်တော်ပါ၏။ တစ်စုံတစ်ခုကောင်းကျိုး မပြုဘဲ အခြားသူတစ်ပါး သောကအပူလောင်မြိုက်ကူးစက်ပြီး ဆုံးရှုံးမှုများ ကြီးကြီးမားမားမကြုံတွေ့အောင် သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။

စိတ်ဆင်းရဲမှု၊ စိတ်မချမ်းသာမှု၊ စိတ်ညစ်မှု၊ စိတ်ပျက်မှုစသည်ဖြင့် စိတ်တွင်ဖြစ်ပျက်နေသောဒုက္ခအစုကို ဒေါမနဿဟုဆိုသည်။ ဤဒေါမနဿသည် စိတ်တွင် စွဲကပ်နေသောရောဂါတစ်မျိုးပင်ဖြစ်သည်။ စင်စစ်တွင် စိတ်နှလုံး၏ပူလောင်ခြင်းမှ တစ်ပါး ကောင်းကျိုးမည်သို့ပင်မရှိချေ။ ထို့ကြောင့် မိမိအတွက်ဖြစ်ဖြစ်၊ မည်သူ့အတွက်ဖြစ်ဖြစ် အကျိုးမဲ့အချည်းအနှီး အစိုးရိမ်ကြီးနေမည့်အစား ထိုသို့စိုးရိမ်ဖွယ်မရှိအောင် ပကတိအခြေအနေအမှန်တရားကို သတိကြီးစွာဆင်ခြင်ဉာဏ်ထား၍ မလုပ်သင့်မလုပ်ထိုက်သည်တို့ကို ရှောင်ရှားပြီး လုပ်သင့်လုပ်ထိုက်သည်တို့ကို ပြုလုပ်ကြရမည်ဖြစ်ပါသည်။

မျက်မှောက်ကာလ၌ စိုးရိမ်ပူပန်မှုကိုဖြစ်စေသော၊ သောကဗျာပါဒကိုဖြစ်စေသောအကြောင်းအချက်များတွင် မဟုတ်မမှန်ကောလာဟလထုတ်လွှင့်မှုများကြောင့် အများပြည်သူတို့ စိုးရိမ်သောကကြီးစွာဖြစ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ မသမာသူတို့က မဟုတ်မမှန် ကောလာဟလသတင်းများကို ထုတ်လွှင့်လိုက်ခြင်းကြောင့် အများပြည်သူတို့ ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်းကိုဖြစ်စေသည်။ စိုးရိမ်သောကဗျာပါဒများဖြင့် လုပ်မှားကိုင်မှားဖြစ်ကြရလေသည်။ ပြည်သူတစ်ဦးချင်း သောကဝေဒနာဖြစ်စေသည်သာမက တစ်လောကလုံးပင် ထိခိုက်ပျက်စီးခြင်းအဖြစ်သို့ ရောက်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ယခုတစ်လောတွင် ပဋိပက္ခဖြစ်ခဲ့သောဒေသမှ နယ်ဘဏ်ခွဲအချို့၏ မမျှော်မှန်းနိုင်သောအခြေအနေတစ်ရပ်ကြောင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှု ရပ်တန့်ခဲ့ရသည်ကို အခွင့်ကောင်းယူပြီး ပြည်ဖျက်မီဒီယာများ၊ အကြမ်းဖက်အုပ်စုနှင့် အကြမ်းဖက်အုပ်စုများကို ထောက်ခံအားပေးသူများက လူမှုကွန်ရက်များပေါ်တွင် အဆိုပါအခြေအနေကို အသုံးချ၍ ပြည်သူ့ငွေများဆုံးရှုံးပြီး ပြည်သူများအနေဖြင့် ဘဏ်များမှ ငွေများ ထုတ်ယူမရတော့သယောင် လှုံ့ဆော်မှုများကြောင့် ပြည်သူများကြားတွင် စိုးရိမ်ပူပန်မှုများ၊ သောကများ မြင့်တက်လာကာ ဘဏ်များမှငွေများကို လိုသည်ထက်ပို၍ ထုတ်ယူနေကြသည်ကို ကြားသိရပါသည်။

ပြည်သူများအနေဖြင့် ကောလာဟလသတင်းများကို နားယောင်ပြီး စိုးရိမ်သောကများမြင့်မားလာကာ ဘဏ်မှငွေများကို လိုသည်ထက်ပိုမိုထုတ်ယူ၍ လက်ဝယ်ထားရှိခြင်းကြောင့် အန္တရာယ်ရှိနိုင်ပြီး မိမိတို့ကိုယ်ပိုင်ငွေများ ဆုံးရှုံးနိုင်သည့်အခြေအနေမျိုးဖြစ်လာနိုင်ပါသည်။ ဘဏ်များ၏ ပြင်ပတွင် ငွေသားများ လိုသည်ထက် ပိုမိုရောက်ရှိလည်ပတ်နေခြင်းသည် ငွေကြေးဖောင်းပွမှုကို ပိုမိုဖြစ်ပေါ်စေနိုင်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းဂယက် ကြီးကြီးမားမားရိုက်ခတ်လာနိုင်ရာ အများပြည်သူတို့ပင် အခက်အခဲအကျပ်အတည်းများဖြစ်စေနိုင်ပါသည်။

ကုန်ဈေးနှုန်းကြီးမြင့်လာအောင်၊ ငွေကြေးမတည်မငြိမ် အကျပ်အတည်းဖြစ်အောင် စက်သုံးဆီများ ပြတ်လပ်နေကြောင်း၊ ဘဏ်များမှငွေများ ထုတ်ယူမရတော့ကြောင်း ကောလာဟလသတင်းများ ထုတ်လွှင့်နေသည်ကို ကြားသိကြရမည်ဖြစ်သည်။ ထိုသို့မဟုတ်မမှန်သတင်းများ ဖြန့်ဝေပြီး ဘဏ်လုပ်ငန်းစနစ်ပြိုလဲအောင် တိုက်ခိုက်မှုမျိုးကို ၂၀၂၁ ခုနှစ်ကလည်း ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခဲ့ရာ ပြည်သူများ ငွေကြေးအခက်အခဲများ ကြုံတွေ့ခဲ့ရသည့် သင်ခန်းစာများရရှိပြီးဖြစ်သည်။ လက်တွေ့တွင် ဘဏ်များအနေဖြင့် ပုံမှန်လည်ပတ်နေပြီး ပြည်သူများ အခက်အခဲမရှိအောင် စနစ်တကျဆောင်ရွက်ပေးလျက်ရှိရာ စိုးရိမ်ပူပန်မှုမရှိဘဲ ပုံမှန်ရပ်တည်ဆောင်ရွက်ကြရန်လိုအပ်ပါသည်။

သို့ဖြစ်ရာ ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပြည်ဖျက်မီဒီယာများ၏ မမှန်သတင်းများ၊ ကောလာဟလသတင်းများ၊ သွေးထိုးလှုံ့ဆော်သတင်းများကြောင့် ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်သောက ဒေါမနဿများဖြစ်ကြလျှင် မိမိတို့သာမက ပတ်ဝန်းကျင်၌ပါ ထိခိုက်ပျက်စီးခြင်းသို့ ရောက်နိုင်ပါသဖြင့် မဟုတ်မမှန်လုပ်ကြံသတင်းများကို မယုံကြည်ကြရန် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။**

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၇-၁၂-၂၀၂၃)

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး။

★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။

★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။


## သထုံမြို့၌ (၄၄) ကြိမ်မြောက် မစိုးရိမ်အဘိဓမ္မာစာဖြေပွဲ ကျင်းပ

**သထုံ နိုဝင်ဘာ ၁၉**

မွန်ပြည်နယ် သထုံမြို့နယ်တွင် မစိုးရိမ်အဘိဓမ္မာသာသနာ့ဟိတကာရီအသင်းကြီးမှ ကျင်းပသော(၄၄) ကြိမ်မြောက် မစိုးရိမ်အဘိဓမ္မာ(ပထမအဆင့်)စာမေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြသပိတ်တောင်ခြေ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်ဝင်း အတွင်းရှိ သုဝဏ္ဏဘူမိပရိယတ္တိသာသနာ့ဟိတအသင်း စာဖြေဓမ္မာရုံ၌ ကျင်းပသည်။

**ကူညီဆောင်ရွက်**

သထုံစာဖြေဌာန၌ မစိုးရိမ်အဘိဓမ္မာ(ပထမအဆင့်)ကို ဖြေဆိုရန် စာရင်းပေးသွင်းထားသူများအနက် သံဃာတော် ၄၃ ပါး၊ သီလရှင်အပါး ၁၁၀ နှင့် လူပုဂ္ဂိုလ်ကိုးဦး လာရောက်ဖြေဆိုခဲ့ကြပြီး သထုံမြို့နယ်သံဃနာယကအဖွဲ့မှ ဆရာတော်သံဃာတော်များ၊ စာမေးပွဲကြီးကြပ်ရေးအဖွဲ့များ၊ ပရဟိတဘာသာရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူတို့က လိုအပ်သည်တို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**သာယာဝတီ နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသား အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့က သာယာဝတီခရိုင် အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဟိုက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားခဲ့သည်။

**လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရ**

ဆက်လက်၍ မြို့နယ်အားကစားမှူးက ဦးဆောင်၍ ရေဝေရပ်ကွက်အသင်းနှင့် သဇင်အိုင်ကျေးရွာအုပ်စု အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ရေဝေရပ်ကွက်အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဟိုက ပထမဆုရရှိသည့် ရေဝေရပ်ကွက်အသင်းအား ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုရရှိသော သဇင်အိုင်ကျေးရွာအုပ်စုအသင်းအား ငွေကျပ် ခုနစ်သိန်း ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၃၀ ရက်မှစတင်ကာ နိုဝင်ဘာ ၁၈ ရက်အထိ ရပ်ကွက်ကျေးရွာ အုပ်စုများအလိုက် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - | ဦးနိုင်လင်းကြည်၊ | စာပြင် | - | ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးကျော်သူရနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁














နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ အရာရှိ၊ စစ်သည်များအား ရင်းနှီးနွေးထွေးစွာမေးမြန်း အားပေးစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့ အားပေးစကားပြောကြားရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ လိုက်ပါလာသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများသည် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းရင်းနှီးနွေးထွေးစွာဖြင့် လိုက်လံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထန်းတပင်မြို့နယ် အတွင်းသဲဖြူကျေးရွာသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက ထန်းတပင်မြို့နယ်အတွင်း ဘဏ္ဍာရေးနှစ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် အတွင်းသဲဖြူကျေးရွာ၌ ရေသန့်စင်စနစ် ဆောင်ရွက်ပေးခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကျေးရွာများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထန်းတပင်မြို့နယ် ကြို့ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းတို့က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေရယူ၍ ကန်ထရိုက်လယ်ယာစနစ်ဖြင့် သမဝါယမအသင်းတောင်သူများ စိုက်ပျိုးခဲ့သော မိုးစပါးဧက ၁၁၂၀ ရိတ်သိမ်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စပါးများရောင်းချမှုမှရရှိသည့်ငွေများအနက် အသင်းသားတောင်သူများအား Refund ငွေများ ပြန်လည်ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊ နွေစပါးစိုက်ပျိုးနိုင်ရေး၊ ကြိုတင်ဆောင်ရွက်ရန်၊ လိုအပ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ သွင်းအားစု ရရှိရေးနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိသည့် နေရာများကိုသာ စိုက်ပျိုးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်သွားရန်နှင့် အသင်းသားများနှင့် ညှိနှိုင်းပြီး အကျိုးအမြတ်များကို ညီတူမျှတူ ခွဲဝေပေးနိုင်ရေး ဆောင်ရွက်သွားရန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ထန်းတပင်မြို့နယ် သံတဇာ-ကောက်ကွေ့လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်ပြီးစီးပါက သံတဇာ၊ ကောက်ကွေ့ ကျေးရွာအပါအဝင် ကျေးရွာ ငါးရွာရှိ ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စက်ချုပ်သင်တန်း ဖွင့်လှစ်ပို့ချပေးခဲ့ပြီး စက်ချုပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တောင်ဒဂုံမြို့နယ် အမှတ်(၁) စိုက်ပျိုးရေး၊ မွေးမြူရေးရပ်ကွက်ရှိ "ရွှေသရဖူ"အမျိုးသမီးစက်ချုပ် သမဝါယမအသင်းသို့ သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အသင်းသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း အဝေးသင်စာမေးပွဲဖြေဆိုပြီး၍ မိမိနေရပ်များသို့ ပြန်ကြမည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

**စစ်တွေ နိုဝင်ဘာ ၁၉**

စစ်တွေ တက္ကသိုလ်တွင် အဝေးသင်စာမေးပွဲ ဖြေဆိုပြီး မြောက်၍ ရွှေပြည်တန် အမြန်ရေယာဉ်ဖြင့် မိမိနေရပ်များသို့ ပြန်ကြမည့် ကျောင်းသား ကျောင်းသူများအား ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အစိုးရအဖွဲ့ဝင်များ၊ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။



**ပေါင်းစပ်ညှိနှိုင်းပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ ရွှေပြည်တန် အမြန်ရေယာဉ် ဆိပ်ကမ်း၌ အမြန်ရေယာဉ်ဖြင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်သို့ လိုက်ပါသွားကြမည့် ကျောင်း သား ကျောင်းသူများအား ပြည်နယ်အစိုးရအဖွဲ့က ဦးစီး၍ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် မိမိတို့နေရပ်များသို့ စနစ်တကျပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်္ဘောပေါ်တွင် လိုက်ပါသွားကြမည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေတက္ကသိုလ်သို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများကို တွေ့ဆုံကာ မိမိတို့နေရပ်များသို့ စနစ်တကျ ပြန်လည် သွားရောက်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်နေကြောင်း၊ ကျောင်းသား ကျောင်းသူများသည် စစ်တွေမြို့သို့ အဝေးသင်စာမေးပွဲဖြေဆိုရန်လာရောက်ကြစဉ်က မိမိတို့အစီအစဉ်ဖြင့် လာရောက်ကြသော်လည်း ယခုအခါ စာမေးပွဲပြီးချိန်ဖြစ်၍ တစ်စုတဝေးတည်း ပြန်ကြမည်ဖြစ်ရာ ကျောင်းသားအင်အား များပြားသဖြင့် သင်္ဘောများကို မြို့နယ်အလိုက်ခွဲ၍ ပြေးဆွဲနိုင်ရန် စီစဉ်နေရကြောင်း၊ ကျောင်းသား ကျောင်းသူများ မိမိတို့နေရပ်များသို့ စနစ်တကျ ပြန်လည်ရောက်ရှိနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ထောက်ပံ့ငွေများပေးအပ်**

ယင်းနောက် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများ မိမိနေရပ်များသို့ စနစ်တကျပြန်နိုင်ရေး စီစဉ်နေမှု၊ ဆရာ ဆရာမများနှင့် တက္ကသိုလ်မှ ဝန်ထမ်းများ တက္ကသိုလ်အတွင်း အေးချမ်းစွာ တာဝန် ထမ်းဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ပြောကြားပြီး ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

၂၀၂၃ ပညာသင်နှစ် စစ်တွေတက္ကသိုလ်(အဝေးသင်သင်တန်း)တွင် တတိယအသုတ်အဖြစ် မြန်မာစာ၊ သမိုင်းနှင့် စီးပွားရေး အထူးပြု ကျောင်းသား ကျောင်းသူ ၁၀၀၀၀ ကျော်ခန့်ရောက်ရှိ ပညာသင်ကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒက္ခိဏသီရိမြို့နယ် မြောက်ကျောင်းစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု စစ်ဆေး

**ဒက္ခိဏသီရိ နိုဝင်ဘာ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများမှ ရွာမကျေးရွာအုပ်စု မြောက်ကျောင်းစုကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် မြောက်ကျောင်းစုကျေးရွာတွင် အရှည် ပေ ၄၈၀၀၊ အကျယ် ၁၂ ပေ၊ ဒု မြေသား တစ်ပေ သဲဖြူနှင်း ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် ၎င်းလမ်းပေါ်ရှိ Slab Culvert တံတား တစ်စင်း၊ Pipe Culvert တံတား သုံးစင်းတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မြောက်ကျောင်းစုကျေးရွာ၌ အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၉ ဒသမ ၆၄၄၆၁၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် မျိုးခေတ်ကျော် ကုမ္ပဏီမှ ဇွန်လတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများအားလုံး၏ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၁၈၁ အိမ်၊ လူဦးရေ ၆၀၃ ဦးတို့၏ လယ်ယာဧက ၉၀ ကျော်ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**၂၂၂**



# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသည့်မိုးစပါးများ စတင်ရိတ်သိမ်း

**ပဲခူး နိုဝင်ဘာ ၁၉**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် လက်ပံပင်ကျေးရွာရှိ လက်ပံပင်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား ၈၄ ဦး၏ စိုက်ဧက ၇၀၁ ဧကနှင့် တောင်ပို့သာယာစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား ၃၈ ဦး၏ စိုက်ဧက ၂၉၉ ဧကတို့ပေါ်တွင် ဆင်းသုခ၊ ရတနာတိုး၊ GW-7 နှင့် GW-11 မိုးစပါးများကို စိုက်ပျိုးခဲ့ပြီး ရိတ်သိမ်းချိန်၌ တစ်ဧကအထွက်နှုန်း စပါးတင်း ၈၀ ထွက်ရှိခဲ့သည်။

**စတင်ရိတ်သိမ်း**

ထို့ပြင် ကဝမြို့နယ် မကျက်ကြီးကျေးရွာရှိ မကျက်ကြီးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း၏ စိုက်ဧက ၁၅၀ ပေါ်တွင် ဆင်းသုခစပါးမျိုးကို စိုက်ပျိုးခဲ့ပြီး ယခုအခါ စပါးများ စတင်ရိတ်သိမ်းနေပြီဖြစ်ရာ တစ်ဧကလျှင် စပါးတင်း ၆၅ တင်း ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူတွေ စိုးရိမ်ပူပန်မှုလွန်ကဲပြီး ငွေများကို လိုသည်ထက် ပိုမိုထုတ်ယူကာ လက်ဝယ်ထားရှိခြင်းကြောင့် လုယက်၊ ဓားပြတိုက်ခြင်းများ ခံရနိုင်ပြီး မိမိတို့ ငွေများဆုံးရှုံးနိုင်တဲ့အခြေအနေမျိုး ဖြစ်ပေါ်နိုင်

ဘဏ်များတွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-

**မေး။ ။ ဒီရက်ပိုင်းအတွင်း ဘဏ်တွေရှေ့မှာ ပြည်သူတွေ ငွေထုတ်ယူနိုင်ဖို့အတွက် တန်းစီနေတာ နေရာတော်တော်များများမှာ တွေ့ရပါတယ်။ ဘာကြောင့်လို့ ပြောချင်ပါသလဲ။**

ဖြေ။ ။ လတ်တလောဖြစ်ပေါ်နေတဲ့အခြေအနေတွေကို အခွင့်ကောင်းယူပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာမှုနဲ့ စီးပွားရေးတည်ငြိမ်မှုကို မလိုလားတဲ့ သတင်းမီဒီယာများ၊ အကြမ်းဖက်အုပ်စုများနဲ့ ၎င်းတို့ကို ထောက်ခံအားပေးသူများက လူမှုကွန်ရက်စာမျက်နှာများမှာ သတင်းတု၊ သတင်းအမှားများကို လှုံ့ဆော်ရေးသားမှုတွေ ဆက်တိုက်ပြုလုပ်နေခဲ့ပြီး၊ ယင်းသတင်းများအနက် နယ်ဘဏ်ခွဲအချို့မှာ လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူများက အကြမ်းဖက် တိုက်ခိုက်လုယက်ဖျက်ဆီးမှုတွေကို အခွင့်ကောင်းယူပြီး အဆိုပါသတင်းတွေကို ဓာတ်ပုံများနဲ့တကွဖော်ပြပြီး ပြည်သူတွေက ဘဏ်များမှ ငွေထုတ်ယူလို့မရတော့သယောင် သွေးထိုးလှုံ့ဆော်ရေးသားမှုတွေကြောင့် ပြည်သူများစိုးရိမ်ပူပန်မှု မြင့်တက်ပြီး ဘဏ်များမှငွေတွေကို လိုသည်ထက်ပို၍ ထုတ်ယူနေခြင်းဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

**မေး။ ။ အခုလတ်တလောအခြေအနေတွေအရ ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေမှာ အများပြည်သူ ငွေသားထုတ်ယူမှုအပေါ် ကန့်သတ်လိုက်ပြီဆိုတာ ဟုတ်ပါသလား။**

ဖြေ။ ။ မဟုတ်ပါဘူး။ ပြည်သူတွေရဲ့ အပ်နှံငွေအပေါ် ငွေထုတ်ယူနိုင်ဖို့အတွက် ဘဏ်တွေက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ပြည်သူမှအပ်နှံထားတဲ့ ငွေများ အဆင်ပြေပြေထုတ်ယူနိုင်ရေးအပေါ် ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။

**မေး။ ။ Special Account တွေကနေ အချိန်မရွေး ငွေကြိုက်သလောက် ထုတ်ယူနိုင်တယ်လို့ နားလည်ထားပါတယ်။ ဒီရက်ပိုင်း Special Account တွေကို ငွေထုတ်ယူမှုကန့်သတ်လိုက်ကြောင်း သတင်းတွေထွက်ပေါ်နေပါတယ်၊ မှန်ပါသလား။ မြေပြင်မှာ ငွေသွားထုတ်တဲ့အခါမှာ တန်းစီနေရပြီး ကိုယ့်အလှည့်ရောက်တဲ့အခါမှာ လိုချင်သလောက်မရခြင်း၊ နောက်ရက်မှလာထုတ်ဖို့ ထပ်မံချိန်းဆိုခြင်းတွေ ကြုံတွေ့နေရတဲ့အပေါ် ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ အပ်နှံငွေရဲ့အနေအထားအရ New Account (Special Account) ဆိုရင် ငွေသားထည့်သွင်းခဲ့တဲ့ပမာဏအတိုင်း ငွေသားထည့်သွင်းခဲ့တဲ့ ဘဏ်တွေမှာ ပြန်လည်ထုတ်ယူနိုင်ပါတယ်။ ငွေထုတ်ယူသူများရင် ဘဏ်အနေနဲ့ ၎င်းတို့ရဲ့ ငွေသိုလှောင်ခန်း အကျယ်အဝန်းပေါ်မူတည်ပြီး ငွေသားများထားရှိရတဲ့အတွက် ထုတ်ပေးဖို့ ငွေပမာဏကို စီစဉ်ဖို့လိုအပ်တာကြောင့် မိမိငွေထုတ်ယူလိုတဲ့ပမာဏကို ဘဏ်ကို ကြိုတင်အသိပေးအကြောင်းကြားထားရင် အဆင်ပြေမှာဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ သတင်းထုတ်ပြန်ချက်တွေမှာ ငွေထုတ်ကန့်သတ်ချက်မထားရှိဘဲ ငွေသားထုတ်ပေးခြင်းတွေကို ဆောင်ရွက်ပေးလျက်ရှိတယ်လို့ ပါရှိပေမယ့် လက်တွေ့သွားရောက်ထုတ်ယူတဲ့အခါမှာ အချို့ပုဂ္ဂလိကဘဏ်တွေမှာ ကန့်သတ်ချက်တွေရှိနေလို့ ဒီအပေါ်မှာ ဘာများပြောကြားလိုပါသလဲ။**

ဖြေ။ ။ အများပြည်သူအနေနဲ့ မိမိအပ်နှံထားတဲ့ အပ်နှံငွေအမျိုးအစားအပေါ်မူတည်ပြီး ဘဏ်က ငွေထုတ်ယူရာမှာ ကွဲပြားမှုများရှိနိုင်ပါတယ်။ Special Account ဆိုရင် မိမိငွေသား ထည့်သွင်းခဲ့တဲ့ ပမာဏအတိုင်း ငွေသားထုတ်ယူနိုင်ပါတယ်။ ငွေစုဘဏ်စာရင်း(Saving Account)ဆိုရင် တစ်ပတ်တစ်ကြိမ် ငွေထုတ်ယူမှု ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စာရင်းသေအပ်ငွေ(Fixed Deposit)ဖြစ်ရင် သက်တမ်းပြည့်မယ့် အချိန်မှာသာ ငွေထုတ်ယူနိုင်မှာဖြစ်ပါတယ်။ Saving Account အပါအဝင် အပ်ငွေစာရင်းအဟောင်းတွေနဲ့ပတ်သက်ရင် ဘဏ်များမှ ငွေထုတ်ယူရာမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၂ ခုနှစ် ဧပြီလမှာ ထုတ်ပြန်ခဲ့တဲ့ ငွေသားစီမံခန့်ခွဲမှု အဆင်ပြေစေရေး အစီအစဉ်သတ်မှတ်ချက်ပါအတိုင်း ငွေသားထုတ်ယူမှုအပြင် ပြည်သူများအနေနဲ့ ဒစ်ဂျစ်တယ်နည်းလမ်းတွေဖြစ်တဲ့ မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်း၊ Account Transfer များနဲ့ ဘဏ်ဝန်ဆောင်မှုများကို အကန့်အသတ်မရှိ ဆောင်ရွက်နိုင်ပါတယ်။

**မေး။ ။ ပြည်တွင်း/ပြည်ပမီဒီယာများနဲ့ လူမှုကွန်ရက်တွေမှာ သွေးထိုးလှုံ့ဆော်မှုနဲ့ ဝိသမ လောဘသားများရဲ့ ကိုယ်ကျိုးစီးပွားရှာ သွေးထိုးမှုတွေကြောင့် ပုံမှန်ပြန်လည် လည်ပတ်နေတဲ့ ဘဏ်တွေမှာ ပြည်သူတွေ စိုးရိမ်တကြီး ငွေတွေထုတ်ပါတယ်။ ဘဏ်တွေ မပြိုလဲဖို့နဲ့ ပြည်သူတွေရဲ့ အပ်နှံငွေတွေ မဆုံးရှုံးစေဖို့ ဗဟိုဘဏ်က ဘယ်လိုအာမခံချက်တွေ ပေးဖို့ရှိပါသလဲ။**

ဖြေ။ ။ ဗဟိုဘဏ်က အပြည့်အဝအာမခံထားပြီးဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်ကာလမှာသာမက ကောလာဟလဖြစ်တိုင်း ဗဟိုဘဏ်က ပြည်သူများရဲ့ အပ်နှံငွေအပေါ် အပြည့်အဝ အာမခံရှိတာကို အကြိမ်ကြိမ်ပြောကြားခဲ့ပါတယ်။ ဘဏ်တွေက အဆိုပါအပ်နှံငွေများ ပြန်လည်ထုတ်ပေးနိုင်ဖို့ ဗဟိုဘဏ်မှာ အနည်းဆုံးထားရှိရမယ့် သီးသန့်ငွေလိုအပ်ချက်ကို အပ်နှံထားရှိလျက်ရှိရာ လက်ရှိမှာ ဘဏ်များက အနည်းဆုံးလိုအပ်ချက်ထက်ပိုပြီး ဗဟိုဘဏ်ထံ အပ်နှံထားပါတယ်။ ဒါ့အပြင် ပြည်သူလူထုကို ငွေပြန်လည်ထုတ်ပေးနိုင်ဖို့ ငွေကြေးလွယ်ကူမှုအချိုးများနဲ့လည်း စောင့်ကြပ်ထိန်းကျောင်းလျက်ရှိရာ ဘဏ်များအနေနဲ့ အပ်နှံငွေတွေ အပြည့်အဝ ပြန်လည်ထုတ်ပေးဖို့ အဆင်သင့်ရှိပါတယ်။ ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေကို စောင့်ကြည့်ကြပ်မတ်လျက်ရှိတာကြောင့် ဘဏ်တွေအနေနဲ့လည်း အဆင်ပြေချောမွေ့စွာ သတ်မှတ်စည်းကမ်းချက်များနဲ့အညီ ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိတဲ့အတွက် ပြည်သူတွေ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ ပုံမှန်အတိုင်း ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ရန်လိုအပ်ပါတယ်။

**မေး။ ။ ဘဏ်ကငွေတွေ အလုအယက်ထုတ်အောင် ကောလာဟလတွေထုတ်ပြီး ရွှေနဲ့ ဒေါ်လာဈေးကို ဆွဲတင်နေတဲ့သူတွေကို ထိထိရောက်ရောက်အရေးယူမယ့် အစီအစဉ်များ ရှိပါသလား။**

ဖြေ။ ။ ဘဏ်တွေမှာ ငွေကြေးခဝါချမှုဗဟိုအဖွဲ့က သတ်မှတ်ထားတဲ့ ငွေကြေး ကျပ်သန်း ၁၀၀ ထက်ကျော်လွန်ပြီး ထုတ်ယူတဲ့ ပမာဏအားလုံးကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)ထံပေးပို့ရပါတယ်။ အခုငွေထုတ်များနေတဲ့သူတွေ အားလုံးကို ဗဟိုဘဏ်၊ စသုံးလုံး၊ FIU တို့က အနီးကပ်ကြီးကြပ်စောင့်ကြည့်နေတာ ဖြစ်တဲ့အတွက် ဈေးကစားမှုများမှာ ပါဝင်ပတ်သက်နေရင် ထိရောက်စွာ အရေးယူသွားမှာဖြစ်ပါတယ်။

ဘဏ်တွေထံမှ ပြည်သူတွေ ငွေထုတ်ယူဖို့ လှုံ့ဆော်ရေးသား၊ ဝါဒဖြန့်နေသူတွေကိုလည်း ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်ဟန့်တားသော ပြစ်ဒဏ်များချမှတ်နိုင်ဖို့ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

**မေး။ ။ ပြည်သူတွေက စိုးရိမ်ပူပန်မှုတွေ မြင့်တက်မှုအပေါ် ဗဟိုဘဏ်အနေနဲ့ မည်သည့် သတင်းစကားပါးလိုပါသလဲ။**

ဖြေ။ ။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ငွေသားသုံးစွဲမှုလျှော့ချပြီး ဒစ်ဂျစ်တယ်ပေးချေမှုများ တိုးတက်စေဖို့အတွက် ဒစ်ဂျစ်တယ်ပေးချေမှုနည်းလမ်းတွေဖြစ်တဲ့ အီလက်ထရောနစ်ကတ်များဖြင့်လည်းကောင်း၊ ဘဏ်များရဲ့ မိုဘိုင်းဘဏ်လုပ်ငန်းနဲ့ မိုဘိုင်း Pay များ၊ အင်တာနက်ဘဏ်လုပ်ငန်း၊ မိုဘိုင်း Wallet များအသုံးပြုပြီး အများပြည်သူအနေနဲ့ ဒစ်ဂျစ်တယ်နည်းလမ်းတွေအသုံးပြုပြီး လုံခြုံစိတ်ချရတဲ့ စရိတ်စက သက်သာစွာနဲ့ အကျွမ်းတဝင်ကောင်းမွန်စွာလည်ပတ်ပြီး ငွေပေးချေမှုပြုလုပ်နိုင်ဖို့ကို ပြည်သူတွေကလည်း သုံးစွဲနေပြီး တိုးတက်မှုများလည်း နေ့စဉ် တွေ့ရှိနေရပြီ ဖြစ်ပါတယ်။ ဘဏ်စနစ်ကို ကောင်းမွန်စွာ အသုံးပြုနေတဲ့ လုပ်ငန်းရှင်ကြီးများနဲ့ ကုန်သည်များသာမက ကျေးလက်ဒေသရှိ ပြည်သူများကလည်း (ဥပမာ KBZ Pay )ကို လူကြီးလူငယ်များက အကျွမ်းတဝင် အသုံးပြုနေပြီဖြစ်ပါတယ်။ လက်ရှိ ကောလာဟလနဲ့ ငွေကြေးစနစ်ကို မတည်ငြိမ်အောင် နှောင့်ယှက်နေတဲ့ အဖျက်မီဒီယာတွေကြောင့် ပြည်သူများအနေနဲ့ အဖျက်မီဒီယာများရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကို ယုံကြည်ပြီး ငွေသားကိုင်ဆောင်မှုကို ပြန်လည်လိုက်ပါဖို့ မလိုအပ်ဘဲ ပုံမှန်အတိုင်း မိမိတို့ရဲ့ဘဏ်စနစ်နဲ့ ငွေပေးချေမှုများကို ဆက်လက်သုံးစွဲဖို့ လိုအပ်ပါတယ်။

ဘဏ်စနစ် ခိုင်မာယုံကြည်မှုရှိဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆုံးရှုံးနိုင်ခြေများကို အခြေခံပြီး စောင့်ကြပ်ကြီးကြပ်နေတဲ့အတွက် အများပြည်သူရဲ့ အပ်နှံငွေတွေ ဆုံးရှုံးမှုမရှိနိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အပြည့်အဝအာမခံပါတယ်။ ဘဏ်များနဲ့ ဗဟိုဘဏ်မှာ ငွေသားအလုံအလောက်ရှိကြောင်းနဲ့ မြန်မာနိုင်ငံရဲ့ ဘဏ်လုပ်ငန်းစနစ်ဟာ ဘဏ်ခွဲအချင်းချင်း ချိတ်ဆက်ဝန်ဆောင်မှုပေးတဲ့ (Core Banking System)ကို အသုံးပြုလျက်ရှိပါတယ်။ ဘဏ်ခွဲတစ်ခုခုရဲ့ ဝန်ဆောင်မှု အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်သွားရင်လည်း ပြည်သူတွေအနေနဲ့ အပ်ငွေတွေထုတ်ယူမရတော့တဲ့ အခြေအနေမျိုး ဖြစ်ပေါ်သွားမှာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ မည်သည့် ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရယူနိုင်ပြီး မိမိအပ်နှံထားတဲ့ အပ်ငွေအမျိုးအစားအလိုက် ငွေသားထုတ်ယူနိုင်ပါတယ်။

ဘဏ်များမှာ ယုံကြည်စိတ်ချစွာ အပ်နှံထားခြင်းသည် မည်သည့်အခြေအနေ၊ မည်သည့်အချိန်တွင်မဆို မိမိရဲ့ငွေပဲဖြစ်ပြီး၊ အဆိုပါငွေများဟာ ကိန်းဂဏန်း အတိအကျ၊ ပိုင်ရှင်အမည် အတိအကျနဲ့ ရှိနေပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ တာဝန်ယူမှုနဲ့ အကာအကွယ်ပေးမှုအပြည့်အဝရရှိနေမှာ ဖြစ်ပါတယ်။

ယခင်အတွေ့အကြုံများအရ ကောလာဟလများကြောင့် ပြည်သူများက ဘဏ်များမှ ငွေတွေစုပြုထုတ်ယူခဲ့မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကောင်းမွန်စွာ စီမံထိန်းကျောင်းနိုင်ခဲ့ပြီး ဘဏ်များရဲ့ဝန်ဆောင်မှုများ ကောင်းမွန်စွာ ဆက်လက်လည်ပတ်နိုင်ခဲ့ပါတယ်။

ပြည်သူတွေ စိုးရိမ်ပူပန်မှုလွန်ကဲပြီး ငွေများကို လိုသည်ထက်ပိုမိုထုတ်ယူကာ လက်ဝယ်ထားရှိခြင်းကြောင့် လုယက်၊ ဓားပြတိုက်ခြင်းများခံရနိုင်ပြီး မိမိတို့ ငွေများဆုံးရှုံးနိုင်တဲ့ အခြေအနေမျိုး ဖြစ်ပေါ်နိုင်ပါတယ်။

ဘဏ်များရဲ့ပြင်ပမှာ ငွေသားတွေလိုသည်ထက် ပိုမိုရောက်ရှိလည်ပတ်နေခြင်းအားဖြင့် အိမ်ခြံမြေဈေး၊ ရွှေဈေး၊ ငွေဈေးကစားသူတွေရဲ့ လှည့်ကွက်မှာ ပါဝင်ခဲ့ရင် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတွေ ဖြစ်ပေါ်လာနိုင်ပြီး ပြည်သူလူထုသာလျှင် အခက်အခဲဒုက္ခရောက်နိုင်ပြီး စီးပွားရေး၊ လူမှုရေးတည်ငြိမ်မှုကို ပျက်ပြားစေနိုင်မှာဖြစ်တဲ့အတွက် အဖျက်သမားများရဲ့ သတင်းမီဒီယာများက အခြေအမြစ်မရှိ ရေးသားဖော်ပြနေတာကို စဉ်းစားချင့်ချိန်ပြီး ပြုမူဆောင်ရွက်ဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ ယခင်ကလို ဘဏ်များထံမှ မိမိငွေတွေကို ရာခိုင်နှုန်း တစ်ရပ်ပေးပြီး လဲလှယ်ရယူခြင်းများကို ပြန်လည်ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်လာနိုင်ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ နေ့စဉ် အချိန်နှင့်အမျှ ဘဏ်များရဲ့ ငွေသွင်း/ ငွေထုတ် အပ်နှံငွေအခြေအနေတွေကို စောင့်ကြည့်ထိန်းကျောင်းနေတာကြောင့် ပြည်သူလူထုအနေနဲ့ ကောလာဟလအပေါ် နားယောင်နေဖို့ မလိုအပ်ဘဲ ယုံကြည်စွာနဲ့ အများပြည်သူအကျိုးကိုကြည့်ပြီး ပူးပေါင်းဆောင်ရွက်သွားဖို့ ပြောကြားလိုပါတယ်။

လုံခြုံမှုရှိပြီး လူအများသုံးစွဲနိုင်တဲ့ ATM တွေမှာလည်း ငွေများဖြည့်တင်းပေးထားပြီး ငွေကြေးစနစ်ကို ထိန်းချုပ်ရာမှာလည်း နိုင်ငံတကာနည်းတူ စည်းမျဉ်းစည်းကမ်းအတိုင်း အသေးသုံးငွေများကို ATM များမှာ သတ်မှတ်ပမာဏအတိုင်း ထုတ်ယူနိုင်မှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့်လည်းကောင်း၊ ပြည်တွင်းသုံး ကတ်စနစ်ဖြင့်လည်းကောင်း၊ CBM Net System ဖြင့်လည်းကောင်း တစ်ဘဏ်မှ တစ်ဘဏ် ကန့်သတ်ချက်မရှိဘဲ လွတ်လပ်စွာ ငွေလွှဲပြောင်းနိုင်ပြီး ပြည်သူများက Account Transfer နည်းများဖြင့်လည်း ငွေပေးချေမှုနည်းလမ်းများကို အကန့်အသတ်မရှိ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

**မေး။ ။ လတ်တလောဖြစ်ပွားနေတဲ့ တိုက်ပွဲဖြစ်ပွားမှုဖြစ်စဉ်တွေမှာ ဘဏ်အချို့ကို ဝင်ရောက်တိုက်ခိုက်ပြီး ငွေကြေးကို လက်နက်ကိုင်အဖွဲ့အစည်းအချို့က သိမ်းသွားတာမျိုးရှိတယ်။ ဒီဖြစ်စဉ်မှာ ဆုံးရှုံးသွားတဲ့ ငွေကြေးတွေနဲ့ပတ်သက်ပြီး ဘယ်လိုစီမံဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ အဲဒီဖြစ်စဉ်မှာပါရှိတဲ့ ဘဏ်တွေရဲ့ Customer များက မိမိတို့ ငွေကြေးများကို အထောက်အထားများနဲ့ တင်ပြလာရင် ဘဏ်များအနေနဲ့ ထုတ်ပေးနိုင်ဖို့ စီမံဆောင်ရွက်ထားရှိကြောင်း ပြောကြားလိုပါတယ်။ ဘဏ်များမှာလည်း ၎င်းတို့ရဲ့ Customer များရဲ့ စာရင်းတွေ သိမ်းဆည်းထားပြီး ဖြစ်လို့ ဘဏ်များရဲ့ မည်သည့်ဘဏ်ခွဲမဆို တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

# မြန်မာစာပေလောကသားတို့၏ အမြတ်တနိုးတန်ဖိုးထားဂုဏ်ယူနေကြရသည့် စာဆိုတော်နေ့

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**နှစ်စဉ်ကျရောက်လေ့ရှိသော နတ်တော်လဆန်း ၁ ရက်နေ့ကို "အမျိုးသားစာဆိုတော်နေ့"အဖြစ် မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ်မှ စတင်သတ်မှတ်၍ စာပွဲသဘင်များ ဆင်ယင်ကျင်းပလာခဲ့ရာ ယခု မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် (ခရစ်နှစ်၂၀၂၃ ခုနှစ်)တွင် (၇၉)ကြိမ်မြောက်ခရီးသို့ ရောက်ခဲ့လေပြီ။**

ရှေးမြန်မာမင်းများလက်ထက်ကပင် နတ်တော်လရောက်တိုင်း ထူးချွန်ထက်မြက်ကြသော စာဆိုတော်ကြီးများကို ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်ခဲ့ကြကာ ဂုဏ်ပြုအမွှမ်းတင်ခဲ့ကြသည်။ စာပေသည် အမျိုးသားယဉ်ကျေးမှုအမွေဖြစ်သဖြင့် အမျိုးသားယဉ်ကျေးမှုအမွေစာပေကို ပြုစုရေးသား၊ လက်ဆင့်ကမ်းခဲ့ကြသော စာပေပညာရှင်ကြီးများကို စာဆိုတော်နေ့ရောက်တိုင်း အမြဲမပြတ် ဂုဏ်ပြုချီးမြှင့်ခဲ့ကြပါသည်။

**တစ်သက်တာစာပေဆု**

ယနေ့ခေတ်ကာလ အခါသမယမှာလည်း နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ရောက်တိုင်း စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ အမြင့်ဆုံးစာပေဆုဖြစ်သော **"တစ်သက်တာစာပေဆု"** ပေးအပ်ချီးမြှင့်ပွဲအပြင် **"အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု"** တို့ကိုပါ ပေးအပ်ချီးမြှင့်လျက်ရှိရာ စာပေလောကသားအားလုံးအတွက် မင်္ဂလာအခါတော် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

စာဆိုတော်နေ့ဝန်းကျင်တွင် ပခုက္ကူဦးအုံးဖေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ စိမ်းလန်းရွှေပြည်စာပေဆု၊ ရွှေအမြုတေစာပေဆုများအပြင် ဓမ္မစာပေဆုများ၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ၏ အထိမ်းအမှတ်စာပေဆုများ၊ ဂျပန်ရှန်တီ ကလေးစာပေဆုများကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

မြန်မာစာပေလောကသားတို့၏ **"စာဆိုတော်နေ့"**သည် သုတ၊ ရသစာပေရေးရာအဖြာဖြာ ရေးသားခဲ့ကြသည့် စာရေးဆရာကြီး၊ စာရေးဆရာမကြီး၊ စာပေပညာရှင်ကြီးများ အမြတ်တနိုးတန်ဖိုးထား ဂုဏ်ယူနေကြရသည့် နေ့ထူးနေ့မြတ်ကြီးဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၏ သမ္မတကြီးများ၊ စစ်ဗိုလ်ချုပ်ကြီးများ၊ သိပ္ပံ၊ ဝိဇ္ဇာပညာရှင်ကြီးများ၊ စွန့်ဦးတီထွင်စွမ်းအားရှင်ကြီးများ ဖြစ်နိုင်ကြသော်လည်း စာရေးဆရာစစ်စစ်၊ သတင်းစာဆရာစစ်စစ်၊ အယ်ဒီတာချုပ်နှင့် အယ်ဒီတာစစ်စစ် ဖြစ်နိုင်ခြေကား အလွန်ပင် ရှားပါးခက်ခဲလှပေရာ စာရေးဆရာကြီး/ငယ်အပါအဝင် စာပေလောကသားအားလုံးကို အလေးအမြတ် အသိအမှတ်ထား ဂုဏ်ပြုအမွှမ်းတင်ရာ၊ မော်ကွန်းတင်ရာ **"စာဆိုတော်နေ့"**ကိုကား စာပေပညာရှင်စစ်စစ် စာပေလောကသားတိုင်းက ချစ်ခင်နှစ်သက်၊ စွဲမက်အားထား လေးစားဂုဏ်ပြုလျက်ရှိကြပါသည်။

ဤသည်ကို မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးက မမေ့မလျော့သောအသိ၊ သတိဖြင့် စာပေတာဝန်များကို ကျေပွန်စွာ ထမ်းရွက်ခဲ့ကြသော **"နှလုံးရည်တပ်သား သူရဲကောင်းသက်ကြီးစာပေပညာရှင်ကြီးများ"**ကို နှစ်စဉ် ပူဇော်ကန်တော့နေခဲ့ရာ ယခုနှစ်သည် (၃၆)ကြိမ်မြောက်ပူဇော်ကန်တော့ပွဲဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် (၃၄)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကျင်းပခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါကိုဗစ်ကြောင့် မလွဲရှောင်သာဘဲ နှစ်နှစ် ရပ်နားခဲ့ရပါသည်။



ပထမအကြိမ် စတင်ပူဇော်ကန်တော့ခဲ့သည့် အဖွဲ့မှာ **"မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီး"** ဖြစ်ပါသည်။ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီး၏ ဦးဆောင်သူ၊ ရှေ့ဦးပြုစုပျိုးထောင်သူမှာ **"ဆရာကြီး မင်းသုဝဏ်"** ဖြစ်ပါသည်။ ဆရာကြီးဦးဝန် (မင်းသုဝဏ်)က ဥက္ကဋ္ဌ၊ ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)က အတွင်းရေးမှူးအဖြစ်ပါဝင်သော **"စာပေလုပ်သားအဖွဲ့ဖြစ်မြောက်ရေးကော်မတီ"** သည် ၁-၁၂-၁၉၆၆ ရက်နေ့မှ ၃၁-၅-၁၉၇၆ ရက်နေ့အထိ ၁၀ နှစ်ကျော် လှုပ်ရှားကြိုးစားခဲ့ကြပါသည်။ ထို့နောက် **"စာပေလုပ်သားအဖွဲ့ စည်းရုံးရေးကော်မတီ"**ကို ၁-၆-၁၉၇၆ ရက်နေ့တွင် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် **"မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့"** ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလနောက်ပိုင်းတွင် **"စာပေလုပ်သားအဖွဲ့"**အစား **"စာပေနှင့် စာနယ်ဇင်းအဖွဲ့"**ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ခေတ်စနစ်နှင့်အညီ ၂၀၁၂ ခုနှစ်တွင် **"မြန်မာနိုင်ငံစာရေးဆရာအသင်း"**အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

**၅၇ နှစ်ခန့် ရှည်ကြာခဲ့ပြီ**

ပြောင်းလဲဖွဲ့စည်းခဲ့ကြရာတွင် စာပေလုပ်သားအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းများကို အခြေခံကာ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ဖြည့်ဆည်းခဲ့ကြပြီးမှ အမည်နာမ ပြောင်းလဲသတ်မှတ်ခဲ့ကြခြင်းဖြစ်ပါသည်။ တကယ်တော့ မြန်မာနိုင်ငံစာရေးဆရာအသင်း၏အစ မြစ်ဖျားခံရာသည် **"မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကြီး"** ဖြစ်ပါသည်။ တစ်နည်းအားဖြင့် **"ဆရာကြီး မင်းသုဝဏ် ပျိုးထောင်ပေးခဲ့သော စာပေလုပ်သားအဖွဲ့ကြီး၏ မျိုးဆက်သစ် မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး"**၏ သက်တမ်းမှာ ၅၇ နှစ်ခန့် ရှည်ကြာခဲ့ပြီဖြစ်ပါသည်။

ဤနေရာတွင် **"မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သက်တမ်း"**ကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်ကြည့်ပါက လွတ်လပ်ရေးမရမီ နယ်ချဲ့လက်အောက် ၁၉၄၀ ပြည့်နှစ်ကတည်းက ဒီးဒုတ် ဦးဘချို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော **"မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး" (ပထမပိုင်း)** (၁၉၄၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ) ၂၂ နှစ်၊ **(ဒုတိယပိုင်း)** (၁၉၆၆ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ) ၅၇ နှစ် စုစုပေါင်း ၇၉ နှစ်သက်တမ်း၊ စိန်ရတုခရီးကို ကျော်လွန်လာခဲ့သည်အထိ ရှင်သန်ရပ်တည် ရှည်ကြာခဲ့ပြီဖြစ်သည်။ သမိုင်းအစဉ်အလာသည်လည်း ကောင်းသည်ထက် ကောင်းမွန်လာခဲ့ပေသည်။

မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီး၏ အစဉ်အလာကောင်းများကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက ဆက်လက်ထိန်းကျောင်းသည့်အနေဖြင့် **"အသက် ၈၀ နှင့်အထက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ"**ကို နှစ်စဉ်မပြတ် ဆက်လက်ကျင်းပလျက်ရှိပါသည်။ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီးက ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ကြီးစာပေပညာရှင်ကြီးများကိုသာ တနိုင်တမ ပူဇော်ကန်တော့ခဲ့ရာ အောက်ပါဇယားအတိုင်း ဖြစ်ပါသည်-

| အကြိမ် | မြန်မာသက္ကရာဇ် | ကမ္ဘာသုံးနှစ် | ကန်တော့ခံသက်ကြီးစာပေပညာရှင်ဦးရေ |
|---|---|---|---|
| ၁ | ၁၃၄၂ | ၁၉၈၀ | ၁၀ ဦး |
| ၂ | ၁၃၄၃ | ၁၉၈၁ | ၁၀ ဦး |
| ၃ | ၁၃၄၄ | ၁၉၈၂ | ၉ ဦး |
| ၄ | ၁၃၄၅ | ၁၉၈၃ | ၉ ဦး |
| ၅ | ၁၃၄၆ | ၁၉၈၄ | ၂၁ ဦး |
| ၆ | ၁၃၄၇ | ၁၉၈၅ | ၂၅ ဦး |
| ၇ | ၁၃၄၈ | ၁၉၈၆ | ၂၇ ဦး |
| ၈ | ၁၃၄၉ | ၁၉၈၇ | ၂၅ ဦး |

**သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ**

ထိုသို့ပူဇော်ကန်တော့နေခဲ့ရာမှ ၁၉၈၈ ခုနှစ် အရေးအခင်းကြောင့် ရပ်တန့်သွားခဲ့ရပါသည်။ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီးကိုလည်း ခေတ်စနစ်နှင့်လျော်ညီစွာ "မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး"အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ရပါသည်။ ထို့ကြောင့် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ခြောက်နှစ်တိတိ မကျင်းပနိုင်ခဲ့ဘဲ စာပေလုပ်သားများကို စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအဖြစ်သို့ ပြန်လည်စုစည်းရေးကိုသာ အလေးထားဆောင်ရွက်ခဲ့ကြရပါသည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းစဉ် ၁၉၉၄ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်တို့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သက်ကြီးစာပေပညာရှင်ကြီးများကိုသာ ပူဇော်ကန်တော့နိုင်ခဲ့ပါသည်။ ၁၉၉၆ ခုနှစ်မှစ၍ တစ်နိုင်ငံလုံးရှိ အဖွဲ့ဝင်သက်ကြီးစာပေပညာရှင်ကြီးများနှင့် ထင်ရှားကျော်ကြားသော သက်ကြီးစာပေပညာရှင်ကြီးများကို ပူဇော်ကန်တော့ခဲ့ရာ ယနေ့အထိ နှစ်စဉ်မပြတ် ဆက်တိုက် ဦးခိုက်လျက်ရှိပါသည်။

သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ပွဲ စတင်စဉ်က ၁၀ ဦးသာရှိခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ် တိုးပွားများပြားလာခဲ့ရာ ၁၉၉၉ ခုနှစ်တွင် ၁၀၈ ဦးအထိ ရှိလာခဲ့ပါသည်။ နှစ်စဉ် ၂၀ ကျော် တိုးပွားလာခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၃၀ ကျော်အထိ တိုးပွားလာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ပူဇော်ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများ ၂၀၀ အထိ ရှိလာခဲ့ပါသည်။ ပူဇော်ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများထဲမှ နှစ်စဉ် ၂၀ ခန့် ကွယ်လွန်သွားကြသော်လည်း အသက် ၈၀ ထဲ ဝင်ရောက်လာကြသူများက ၂၀ ကျော်ရှိနေခဲ့ရာ တစ်နှစ်ထက်တစ်နှစ် အရေအတွက်များလာသည်မှာ အသေအချာပင်ဖြစ်သည်။ ၂၀၁၆ ခုနှစ်က ၁၈ ဦး ကွယ်လွန်ခဲ့ပြီး ၃၄ ဦး တိုးလာခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ၁၃ ဦး ကွယ်လွန်သွားခဲ့ပြီး ၂၇ ဦး တိုးလာခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ၂၄ ဦး ကွယ်လွန်ခဲ့ကြပြီး ၅၃ ဦးတိုးလာခဲ့ရာ သက်ကြီးကန်တော့ခံ ၂၄၅ ဦးအထိရှိလာခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် ၁၃ ဦး ကွယ်လွန်သွားခဲ့ပြီး ၄၆ ဦး တိုးလာခဲ့ရာ ကန်တော့ခံစာပေပညာရှင်ကြီး ၂၇၆ ဦးအထိရှိလာခဲ့ပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ် နှစ်နှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်းတွင် ကန်တော့ခံစာပေပညာရှင်ကြီး ၉၄ ဦး ကွယ်လွန်သွားခဲ့ကြပါသည်။ ၂၀၂၂ ခုနှစ်တွင် ကန်တော့ခံသက်ကြီးစာပေပညာရှင် ၂၄၆ ဦးခန့် ရှိခဲ့ပါသည်။ ယခု ၂၀၂၃ ခုနှစ်တွင် ကန်တော့ခံသက်ကြီးစာပေပညာရှင်၂၅ ဦး ကွယ်လွန်သွားခဲ့ပြီး ၅၇ ဦး တိုးပွားလာခဲ့ရာ ကန်တော့ခံသက်ကြီးစာပေပညာရှင် ၂၇၈ ဦးအထိ ရှိနေပါသည်။ **စာမျက်နှာ ၇ သို့** ☆

**❝ ခေတ်စနစ်နှင့်အညီ ၂၀၁၂ ခုနှစ်တွင် "မြန်မာနိုင်ငံစာရေးဆရာအသင်း" အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ပြောင်းလဲဖွဲ့စည်းခဲ့ကြရာတွင် စာပေလုပ်သားအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းများကို အခြေခံကာ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ဖြည့်ဆည်းခဲ့ကြပြီးမှ အမည်နာမ ပြောင်းလဲသတ်မှတ်ခဲ့ကြခြင်းဖြစ်ပါသည်။ တကယ်တော့ မြန်မာနိုင်ငံစာရေးဆရာအသင်း၏အစ မြစ်ဖျားခံရာသည် "မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကြီး" ဖြစ်ပါသည်။ တစ်နည်းအားဖြင့်"ဆရာကြီး မင်းသုဝဏ် ပျိုးထောင်ပေးခဲ့သော စာပေလုပ်သားအဖွဲ့ကြီး၏မျိုးဆက်သစ် မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး"၏ သက်တမ်းမှာ ၅၇ နှစ်ခန့် ရှည်ကြာခဲ့ပြီဖြစ် ❞**

# ဥတ္တရသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရွှေနံ့သာ နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရွှေနံ့သာ ပေ (၁၄၀ x ၃၀) RCC နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကောင်စီဝင်များနှင့် နေပြည်တော်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးကဏ္ဍ၊ ပညာရည်မြင့်မားရေးသည် အရေးကြီးကြောင်း၊ ကျောင်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း၊ နေပြည်တော်တွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းများအပြင် အဆင့်မြင့်တက္ကသိုလ်များ ဖွင့်လှစ်ထားရှိပြီးဖြစ်သဖြင့် ပညာသင်ကြားရေး အခွင့်အလမ်းများ များစွာရရှိနေပြီဖြစ်ကြောင်း၊ နေပြည်တော်အတွင်းရှိ ကျောင်းများအားလုံး Clean School၊ Green School မှသည် Smart School ကျောင်းများအဖြစ်သို့ ဖော်ဆောင်သွားကြရန်နှင့် ထိုမှတစ်ဆင့် Clean City၊ Green City မှသည် Smart City အဖြစ်သို့ အဆင့်ဆင့်တက်လှမ်း ပြောင်းလဲရန် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Thant Star ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာက ကျောင်းအုပ်ဆရာမကြီးထံ ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပြီး နေပြည်တော်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးက နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကောင်စီဝင်များနှင့် တာဝန်ရှိသူများအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရွှေနံ့သာ ကျောင်းဆောင်သစ်လွှဲအပ်ပွဲ အထိမ်းအမှတ်အလံကို ပေးအပ်ကာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရွှေနံ့သာကျောင်းအုပ်ဆရာမကြီးက ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စာသင်ဆောင်များအတွင်း လှည့်လည်ကြည့်ရှုပြီး အဆိုပါကျောင်း၌ ဒေသခံရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားမြင့်မားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး၊ သောက်သုံးရေလုံလောက်စွာ ရရှိရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကောက်ယူသည့် လုပ်ငန်းစဉ်များတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာရှိ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရာဇဓာနီသာမဏေ ကျော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသအား သွားရောက်ဖူးမြော်ပြီး သင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၆ မှ

စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့ နှစ်စဉ်မပြတ် သက်ကြီးပူဇော်ပွဲကျင်းပခဲ့ကြသည်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်–

| အကြိမ် | မြန်မာသက္ကရာဇ် | ကမ္ဘာသုံးနှစ် | ကန်တော့ခံသက်ကြီးပညာရှင်ဦးရေ |
|---|---|---|---|
| ၁ | ၁၃၅၆ | ၁၉၉၄ | ၃၆ – ရန်ကုန်တိုင်း |
| ၂ | ၁၃၅၇ | ၁၉၉၅ | ၄၂ – ရန်ကုန်တိုင်း |
| ၃ | ၁၃၅၈ | ၁၉၉၆ | ၆၆ – (နှစ်စဉ်တစ်ပြည်လုံး) |
| ၄ | ၁၃၅၉ | ၁၉၉၇ | ၈၂ – (နှစ်စဉ်တစ်ပြည်လုံး) |
| ၅ | ၁၃၆၀ | ၁၉၉၈ | ၉၅ – (နှစ်စဉ်တစ်ပြည်လုံး) |
| ၆ | ၁၃၆၁ | ၁၉၉၉ | ၁၀၈– (နှစ်စဉ်တစ်ပြည်လုံး) |
| ၇ | ၁၃၆၂ | ၂၀၀၀ | ၁၁၈– (နှစ်စဉ်တစ်ပြည်လုံး) |
| ၈ | ၁၃၆၃ | ၂၀၀၁ | ၁၂၇– (နှစ်စဉ်တစ်ပြည်လုံး) |
| ၉ | ၁၃၆၄ | ၂၀၀၂ | ၁၂၂– (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၀ | ၁၃၆၅ | ၂၀၀၃ | ၁၁၉– (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၁ | ၁၃၆၆ | ၂၀၀၄ | ၁၁၁– (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၂ | ၁၃၆၇ | ၂၀၀၅ | ၁၀၇– (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၃ | ၁၃၆၈ | ၂၀၀၆ | ၁၁၁– (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၄ | ၁၃၆၉ | ၂၀၀၇ | ၁၂၀– (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၅ | ၁၃၇၀ | ၂၀၀၈ | ၁၃၁– (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၆ | ၁၃၇၁ | ၂၀၀၉ | ၁၃၁– (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၇ | ၁၃၇၂ | ၂၀၁၀ | ၁၃၅ – (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၈ | ၁၃၇၃ | ၂၀၁၁ | ၁၆၂– (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၉ | ၁၃၇၄ | ၂၀၁၂ | ၁၆၉– (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၀ | ၁၃၇၅ | ၂၀၁၃ | ၁၇၁– (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၁ | ၁၃၇၆ | ၂၀၁၄ | ၁၈၀– (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၂ | ၁၃၇၇ | ၂၀၁၅ | ၁၈၆– (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၃ | ၁၃၇၈ | ၂၀၁၆ | ၂၀၀– (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၄ | ၁၃၇၉ | ၂၀၁၇ | ၂၁၆– (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၅ | ၁၃၈၀ | ၂၀၁၈ | ၂၄၅– (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၆ | ၁၃၈၁ | ၂၀၁၉ | ၂၇၆– (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၇ | ၁၃၈၄ | ၂၀၂၂ | ၂၄၆ – (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၈ | ၁၃၈၅ | ၂၀၂၃ | ၂၇၈ – (နှစ်စဉ်တစ်ပြည်လုံး) |

၂၀၁၁ ခုနှစ်အထိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ပူဇော်ကန်တော့ခဲ့ပြီး ၂၀၁၂ ခုနှစ်မှစတင်၍ ယခုနှစ်အထိ မြန်မာနိုင်ငံစာရေးဆရာအသင်းက စဉ်ဆက်မပြတ် ဆက်လက်၍ ပူဇော်ကန်တော့ခဲ့ပါသည်။ စာပေလုပ်သားအဖွဲ့ကြီးက ရှစ်ကြိမ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးက ၁၈ ကြိမ်၊ စာရေးဆရာအသင်းကြီးက ယခုနှစ်အပါအဝင် ၁၀ ကြိမ် စုစုပေါင်း ၃၆ ကြိမ် ရှိပေတော့မည်။ စာပေလုပ်သားအဖွဲ့၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ စာရေးဆရာအသင်းဟူ၍ အဖွဲ့အစည်းအမည်များကို ခေတ်စနစ်အခြေအနေအရ ပြောင်းလဲလာခဲ့ရသော်လည်း အသွင်သဏ္ဍာန်နှင့် အနှစ်သာရရော ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များပါ အတူတူပင်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းကအစ စာပေလုပ်သားအဖွဲ့၏အမွေကို လက်ဆင့်ကမ်းသယ်ယူလာခဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ စာပေလုပ်သားအဖွဲ့၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ စာရေးဆရာအသင်းသည် တစ်ဖွဲ့တစ်သင်းတည်း ဖြစ်ကြောင်းပင်တည်း။

ယခုနှစ်ကန်တော့ခံကြမည့် သက်ကြီးစာပေပညာရှင်ကြီးများထဲတွင် အသက်အကြီးဆုံး ကန်တော့ခံစာပေပညာရှင်ကြီးမှာ တစ်သက်တာ စာပေဆုရ စည်သူဦးလေးမြိုင်(လေးမြိုင်) ၁၀၀ နှစ်ဖြစ်ပါသည်။ ကန်တော့ခံများထဲမှ အသက်အကြီးဆုံး ကန်တော့ခံစာပေပညာရှင်ကြီး ဦးအောင်သူ (သံမဏိမောင်မောင်) ၁၀၃ နှစ်နှင့် စည်သူဗိုလ်ကလေးတင့်အောင် ၁၀၁ နှစ်တို့သည် ကွယ်လွန်သွားခဲ့ကြပါသည်။

**စာပေဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော နှလုံးရည်တပ်သားကောင်းများ**

မြန်မာနိုင်ငံ စာရေးဆရာအသင်းအနေဖြင့် သက်ကြီးစာပေပညာရှင်ကြီးများကို အစဉ်အလာမပြတ် နှစ်စဉ် ဆက်လက်ပူဇော်ကန်တော့နေရာ အသင်းကြီးမှာ ရန်ပုံငွေ၊ တစ်နည်းအားဖြင့် ဘဏ္ဍာငွေ တောင့်တင်းနေသောကြောင့်မဟုတ်ပါ။ သက်ကြီးစာပေပညာရှင်ကြီးများသည် နိုင်ငံနှင့်လူမျိုးအကျိုးကို တတ်ကျွမ်းသည့် စာပေဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော နှလုံးရည်တပ်သားကောင်းများ ဖြစ်ခဲ့ကြသည့်အပြင် ဂုဏ်နှင့် အသက်အရွယ်အားဖြင့် ကြီးမြတ်သူများအဖြစ် ရည်မျှော်ကော်ရော်ကာ ပူဇော်ကန်တော့နေကြခြင်းဖြစ်သည်။

စီးပွားရေးအသင်းအဖွဲ့ မဟုတ်သောကြောင့် ဘဏ္ဍာငွေအင်အားနည်းနေသည်ဖြစ်ရာ ပူဇော်ကန်တော့ရန်အတွက် ငွေသားအလှူရှင်များနှင့် ပစ္စည်းအလှူရှင်များထံမှ နှစ်စဉ် မေတ္တာရပ်ခံပြီး ဖြည့်ဆည်းကန်တော့နေကြရပါသည်။ နိုင်ငံတော်သမ္မတရုံးအဆင့်မှသည် ဝန်ကြီးဌာနများ၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ ပုဂ္ဂလိကစာပေဆုချီးမြှင့်ရေးကော်မတီများ၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း၊ သတင်းမီဒီယာကောင်စီ၊ ညီနောင်အသင်းအဖွဲ့များ၊ မြို့နယ်စာရေးဆရာအသင်းများ၊ ကုမ္ပဏီများ၊ စာပေတိုက်များ၊ တစ်ဦးချင်းစေတနာရှင်များ၏ လှူဒါန်းငွေများ၊ လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့နေခဲ့ရာ၌ စာရေးဆရာအသင်းက လိုအပ်ငွေ လေးပုံတစ်ပုံခန့်ကို နှစ်စဉ်စိုက်ထုတ်သုံးစွဲကုန်ကျခံလျက်ရှိပါသည်။ စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေကို အခြေခံပြီး စာရေးဆရာအသင်းက ဖြည့်ဆည်းနိုင်သည့် ငွေပမာဏကိုတွက်ဆကာ ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများကို ထိုက်သင့်အားလျော်စွာ ကန်တော့နိုင်ရန် စီမံခန့်ခွဲကြရပါသည်။ ထို့ကြောင့် အသက် ၈၀ နှင့်အထက် အသင်းဝင်တိုင်းကို စေတနာထားကာ ပူဇော်ကန်တော့ချင်ပါသော်လည်း ဝန်နှင့်အားက မမျှသောကြောင့် အားမသန်၍မာန်လျှော့နေခဲ့ကြရပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းက သက်ကြီးစာပေပညာရှင်ကြီးများကို နှစ်စဉ်ပူဇော်ကန်တော့နေခဲ့ရာ **"သက်ကြီးစာပေပညာရှင်ဟူသော စာပေစံ၊ အခြေခံမူများ"** ကို သတ်မှတ်ကာ စာပေအစဉ်အလာ၊ စာပေဝါ၊ သမ္ဘာ၊ စာပေဂုဏ်သိက္ခာရှိကြသူများကို မူဘောင်နှင့်အညီ စိစစ်ရွေးချယ်ပူဇော်ကန်တော့နေခြင်းဖြစ်ပါသည်။

**စာပေပညာရှင်ကြီးများ၏အတ္ထုပ္ပတ္တိစာအုပ်များ**

ထိုသို့ စိစစ်ရွေးချယ် ပူဇော်ကန်တော့ခဲ့ရာတွင် ပါတီစွဲ၊ ဂိုဏ်းစွဲ၊ အဖွဲ့စွဲများနှင့် နိုင်ငံရေးအယူအဆအမျိုးမျိုးကို ဥပေက္ခာပြုလျစ်လျူရှုကာ စာပေလောကသားအားလုံး၏ အကျိုးအတွက် စွမ်းဆောင်နိုင်သမျှ အကျိုးပြု ပူဇော်ကန်တော့နေခြင်းဖြစ်ပါသည်။ ဤသည်ကို နှစ်စဉ် ကန်တော့ခံခဲ့ကြသည့် စာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိစာအုပ်များက ခိုင်မာစွာ သက်သေခံလျက်ရှိပါသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ကန်တော့ခံစာပေပညာရှင်ကြီးများစာရင်းကို မြို့နယ်အသင်းများသို့ နှစ်စဉ်တောင်းခံပြုစုခဲ့ရာတွင် **"သက်ကြီးစာပေပညာရှင်ဟူသော စာပေစံအခြေခံမူများ"**နှင့် ကိုက်ညီသူများကိုသာ ပေးပို့ကြရန်နှင့် **"အသင်းဝင်သက်ကြီးရွယ်အိုများကို ပူဇော်ကန်တော့နေခြင်းမဟုတ်ကြောင်း"** အမြဲတမ်း ကြိုတင်ရှင်းလင်းလျက်ရှိပါသည်။

**"အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရေးရှုနှင်လော့"** ဟူသော **"စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး"**၏ ဩဝါဒကို ဦးထိပ်ပန်ဆင်ကာ နှစ်စဉ်မပြတ် ဆက်လက်ပူဇော်ကန်တော့ခဲ့ရာ အောင်မြင်တိုးတက်မှုရှိခဲ့ပြီး (၃၆)ကြိမ်မြောက်ခရီးသို့ ရောက်ခဲ့ပြီဖြစ်ပါသည်။

ယခု (၃၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာလစတုတ္ထပတ်ထဲတွင် ရန်ကုန်မြို့တော်ခန်းမ၌ ယခင်နှစ်များကဲ့သို့ စာပေလောကသားများစုံညီစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ကန်တော့ခံသက်ကြီးစာပေပညာရှင်၂၇၈ ဦး (အမျိုးသား ၂၄၃၊ အမျိုးသမီး ၃၅)အတွက် ထက်သန်သောစေတနာမွန်ဖြင့် အလှူငွေများနှင့် ကန်တော့ဖွယ်ရာပစ္စည်းများကို မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးသို့ ဆက်သွယ်လှူဒါန်းကြပါရန်နှင့် ကန်တော့ပွဲအခမ်းအနားသို့ ဝမ်းပန်းတသာ သဒ္ဓါကြည်ညိုစွာဖြင့် တက်ရောက်ကုသိုလ်ယူကြပါရန် ဆန္ဒမွန်ပြုလိုက်ရပါသည်။ ။

# ဘဏ်များနှင့်ပတ်သက်၍ ထွက်ပေါ်နေသည့် ကောလာဟလများသည်မှန်ကန်ခြင်းမရှိဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို အဆင်ပြေစွာဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

နယ်ဘဏ်ခွဲအချို့သည် မမျှော်မှန်းနိုင်သည့် အခြေအနေတစ်ရပ်ကြောင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုရပ်တန့်ခဲ့ရသည်ကို အခွင့်ကောင်းယူ၍ ပြည်ဖျက်မီဒီယာများ၊ အကြမ်းဖက်အုပ်စုများနှင့်အကြမ်းဖက်အုပ်စုများကို ထောက်ခံအားပေးသူများက လူမှုကွန်ရက်များတွင် အဆိုပါသတင်းများကိုဖော်ပြပြီး ပြည်သူ့ငွေများဆုံးရှုံးကာ ပြည်သူများက ဘဏ်များမှ ငွေများထုတ်ယူ၍ မရတော့သကဲ့သို့ သွေးထိုးလှုံ့ဆော်ရေးသားမှုများကြောင့် ပြည်သူများက စိုးရိမ်ပူပန်မှုများမြင့်တက်ကာ ဘဏ်များမှငွေများကို လိုသည်ထက်ပို၍ ထုတ်ယူနေသည်ကို ကြားသိနေရသည်။

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းစနစ်သည် ဘဏ်အချင်းချင်းချိတ်ဆက်ဝန်ဆောင်မှုပေးသည့် Core Banking System အသုံးပြုလျက်ရှိရာ ဘဏ်ခွဲတစ်ခုခု၏ ဝန်ဆောင်မှုသည် အကြောင်းတစ်စုံတစ်ခုကြောင့် ရပ်တန့်သွားပါကလည်း ပြည်သူများအနေဖြင့် ငွေများထုတ်ယူ၍ မရတော့သည့်အခြေအနေမျိုး ဖြစ်ပေါ်သွားမည်မဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရယူနိုင်ပြီး မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်း၊ ဘဏ်ကတ်များဖြင့်ပေးချေခြင်း၊ စာရင်းပြောင်းနည်းများဖြင့် ငွေပေးချေခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ကြီးကြပ်မှုဖြင့် ဘဏ်များသည် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် ကောလာဟလများကို ယုံကြည်ပြီး ဘဏ်များမှ ငွေများကို လိုသည်ထက်ပိုမိုထုတ်ယူ၍ လက်ဝယ်ထားရှိခြင်းကြောင့် အန္တရာယ်ရှိနိုင်ပြီး မိမိတို့ငွေများ ဆုံးရှုံးနိုင်သည့်အခြေအနေမျိုးဖြစ်ပေါ်နိုင်ပါသည်။ ထို့အပြင် ဘဏ်များ၏ ပြင်ပတွင် ငွေသားများလိုသည်ထက် ပိုမိုရောက်ရှိလည်ပတ်နေခြင်းအားဖြင့် ငွေကြေးဖောင်းပွမှုကို ပိုမိုဖြစ်ပေါ်စေနိုင်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကိုလည်း ဖြစ်ပေါ်လာစေနိုင်ပါသည်။ ပြည်သူများအနေဖြင့် ဘဏ်များမှငွေများကို လိုသည်ထက်ပိုမိုထုတ်ယူခြင်းသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ထုတ်ယူသည်၊ မည်သည့်နေရာတွင် သုံးစွဲသည် စသည့် သံသယဖြစ်ဖွယ်အခြေအနေများအတွက် တာဝန်ရှိသူများ၏ စောင့်ကြည့်ခြင်းကိုလည်းခံရနိုင်ဖွယ်ရှိပါသည်။ လက်ရှိအခြေအနေတွင် ဘဏ်များတွင် ငွေသားများအလုံအလောက်ရှိနေပြီး ဗဟိုဘဏ်ကလည်း ဘဏ်အသီးသီးထံသို့ ငွေသားများပံ့ပိုးပေးရန် အသင့်ဆောင်ရွက်ထားရှိသည့်အတွက် ပြည်သူများအနေဖြင့် ငွေများကို လိုသည်ထက် ပိုမိုထုတ်ယူခြင်းမပြုဘဲ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ယုံကြည်စိတ်ချစွာဖြင့် ပုံမှန်အခြေအနေအတိုင်း ရယူသုံးစွဲကြပါရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးနှင့် လျှပ်စစ်ဓာတ်အား အစားထိုးသုံးစွဲနိုင်ရေး Gasifier တည်ဆောက်နေမှုများအား ကွင်းဆင်းကြည့်ရှုအားပေး

**သာယာဝတီ နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးနှင့် လျှပ်စစ်ဓာတ်အား အစားထိုးသုံးစွဲနိုင်ရေး Gasifier တည်ဆောက်နေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာအုပ်စု တောင်သူ ဦးရဲနိုင်၏ မိုးစပါး ရွှေနံ့သာပေါ်ဆန်း ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ရွှေနံ့သာပေါ်ဆန်းသည် ပြည်တွင်း/ပြည်ပ ဈေးကွက်ဝင်မည့် စပါးမျိုးဖြစ်၍ တိုးချဲ့စိုက်ပျိုးနိုင်ရေး အသိပညာပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ရွှေနံ့သာပေါ်ဆန်းမျိုးအား တောင်သူများပူးပေါင်းပါဝင်သည့် မျိုးစေ့ထုတ်စိုက်ခင်းများ စတင်ဆောင်ရွက်လျက်ရှိပြီး ရွှေနံ့သာပေါ်ဆန်း အထူးဇုန်များဖော်ထုတ်ဆောင်ရွက်သွားရန်နှင့် ဒေသခံတောင်သူများအတွက် အထွက်နှုန်းကောင်းပြီး ဈေးကွက်ခိုင်မာမှုရှိသည့် စပါးမျိုးများ လိုအပ်ချက်မရှိ အပြည့်အဝရရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။



အဆိုပါ ရွှေနံ့သာပေါ်ဆန်း စပါးမျိုးအား သာယာဝတီခရိုင်အတွင်း လယ်မြေဧရိယာ ၁၅ ဧကၡ တောင်သူများပူးပေါင်းပါဝင်သည့် မျိုးစေ့ထုတ်စိုက်ခင်းများအဖြစ် စိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် ၁၀၅ ဒသမ ၅၀ တင်းနှုန်း ထွက်ရှိခဲ့ပြီး လာမည့်နွေရာသီတွင် မိုးစပါးမှ ရရှိလာသည့် မျိုးစေ့များဖြင့် ရွှေနံ့သာပေါ်ဆန်းမျိုးစေ့ထုတ် စိုက်ခင်းဧက ၈၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မင်းလှမြို့နယ် စစ်ကွင်းမြို့ မိုးဆီစက်သို့ ရောက်ရှိခဲ့ပြီး ဗီယက်နမ်မြေပဲဖြင့် ပဲဆီကြိတ်ခွဲနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ပသွင်းကုန် အစားထိုးဖြစ်ပြီး ဈေးနှုန်းချိုသာစွာ ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ရောင်းချနိုင်ရေး၊ ကုန်ကြမ်းပစ္စည်းဖြစ်သည့် မြေပဲများ လွယ်ကူစွာဝယ်ယူနိုင်ရေး၊ ဆီသန့်စင်ခြင်းစနစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ချေးငွေနှင့် နည်းပညာရရှိနိုင်ရေး၊ ဘေးကင်းလုံခြုံသည့် ထွက်ကုန်ဖြစ်စေရေးအတွက် FDA စစ်ဆေးထောက်ခံချက်ရရှိနိုင်ရေးနှင့် ထွက်ရှိလာသည့် ပဲဖတ်/နှမ်းဖတ်များဖြင့် တိရစ္ဆာန်အစာ ထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် ကိုင်းပြင်ကြီးမြောက်စုကျေးရွာ၌ တောင်သူ ဦးလပြည့်၏ မတ်ပဲ TBL-9 စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ပင်ပေါက်နှုန်းကောင်းပြီး ပိုးမွှားဒဏ်ခံနိုင်သည့် ထရိုင်ကိုဒါးမား ဆေးရည်များ သုတ်လိမ်းပြီးမှ ခုတ်ဖုံးစနစ်ဖြင့် စိုက်ပျိုးသွားရန်နှင့် ပဲတီစိမ်းခူးပြီးပါက ပဲပင်များအား သဘာဝမြေဩဇာအဖြစ် ပြန်လည်သုံးစွဲနိုင်ရေး အသိပညာပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကြို့ပင်ကောက်မြို့ တမံဆည်ကျေးရွာ လုပ်ငန်းရှင် ဦးသိန်းထွန်း (စံကောင်းခေတ်ဆန်စက်)၌ Gasifier ထုတ်လုပ်တပ်ဆင်နေမှုနှင့် တစ်ရက် တန် ၃၀ ကျ ဆန်စက်အား Gasifier ဖြင့် လည်ပတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လျှပ်စစ်ဓာတ်အား အစားထိုးသုံးစွဲနိုင်ရေး ဆောင်ရွက်သည့်လုပ်ငန်းဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရေး အသိပညာပေးဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သက်ကြီးဆရာဝန်ကြီးများအား ပုံမှန်ကျန်းမာရေးစစ်ဆေးမှု (ဒုတိယအကြိမ်)ဆောင်ရွက်ပေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် ရန်ကုန်မြို့ရှိ အသက် ၇၀ နှင့်အထက် သက်ကြီးဆရာဝန်ကြီးများအား ခြောက်လတစ်ကြိမ် ပုံမှန်ကျန်းမာရေးစစ်ဆေးမှု (Medical Check-up)ကို ဆောင်ရွက်ပေးပြီး လိုအပ်သောဆေးဝါးများကို ပုံမှန်ထောက်ပံ့ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကုပြင်ပလူနာဌာန၌ ဒုတိယအကြိမ် ပုံမှန်ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ကျန်းမာရေးစစ်ဆေးမှုကို ရန်ကုန်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီးများမှ သက်ကြီးရွယ်အိုဆေးပညာနှင့် ဓာတ်မှန်ပညာဌာန ပါမောက္ခ/ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်ကြီးနှင့် သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင် ဝန်ထမ်းများနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရောဂါဗေဒဌာန ပါမောက္ခ ဦးဆောင်သောအဖွဲ့တို့က ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ Ultrasound ရိုက်ကူးခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG)၊ သက်ကြီးရွယ်အိုဆိုင်ရာ ကျန်းမာရေးစစ်ဆေးမှု (Geriatric assessment) ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး အဆိုပါ ကျန်းမာရေးစစ်ဆေးမှုတွင် သက်ကြီးဆရာဝန်ကြီး ၁၇၂ ဦးအား ကျန်းမာရေး စစ်ဆေးကုသမှုပေးခဲ့ကာ ဆီးချိုသွေးချိုရောဂါရှိသူ သက်ကြီးဆရာဝန်ကြီးများ အသုံးပြုရန် သွေးချိုတိုင်းစက် (Glucometer) အခု ၁၅၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇလွန်မြို့နယ်၌ လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်းစာအုပ်ဖြင့် စာဖတ်ဝိုင်း ပြုလုပ်

**ဇလွန် နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ စာရေးဆရာ ဒေါက်တာခင်မောင်ညို၏ လူငယ်နှင့်အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်သိန်းက စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်များရရှိလာစေရန်၊ အစုအဖွဲ့များတွင် ပါဝင်ဆွေးနွေးနိုင်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာအုပ်စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားစေရေးရည်ရွယ်၍ စာဖတ်ဝိုင်းများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မောင်ပြေငြိမ်း (ဇလွန်)က လူငယ်နှင့်အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်းစာအုပ်မှ မျိုးဆက်သစ်လူငယ်လူရွယ်များ အတွေးအမြင်အယူအဆများ မှန်ကန်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားရန်၊ လူငယ်လူရွယ်များ အနာဂတ်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည့်အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။ ဆက်လက်၍ စာဖတ်ပရိသတ်များ၊ စာပေဝါသနာရှင်များက အဆိုပါစာအုပ်တွင်ပါရှိသည့်အကြောင်းအရာများကို ရှုထောင့်အမျိုးမျိုး၊ အမြင်အမျိုးမျိုးတို့ဖြင့် ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇလွန်(ပြန်/ဆက်)**

## သတင်းထုတ်ပြန်ချက်

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက် (၁၂/ ၂၀၂၃)**

ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ အခြေခံမူများဖြစ်သော ကလေးသူငယ်အခွင့် အရေးများဆိုင်ရာကြေညာစာတမ်း (Declaration of the Rights of the Child) ကို ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့၌ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ထိုစဉ်က အဖွဲ့ဝင် (၇၈) နိုင်ငံ အားလုံးက အပြည့်အဝတညီတညွတ်တည်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child–CRC) ကို (၄၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၄၄/၂၅ ဖြင့် ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အတည်ပြုချမှတ်ခဲ့ပါသည်။ ထိုဖြစ်စဉ် နှစ်ရပ်ကို ဂုဏ်ပြုသည့်အနေဖြင့် နိုဝင်ဘာလ ၂၀ ရက်နေ့ကို ကမ္ဘာ့ကလေးများနေ့ (World Children's Day) အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့တွင် (၃၄) ကြိမ်မြောက်ခဲ့ပြီဖြစ်ပါသည်။ ယခုနှစ် ကမ္ဘာ့ကလေးများနေ့အတွက် ဦးတည်ချက်ဆောင်ပုဒ်မှာ **“အခွင့်အရေးအားလုံးရရှိရေး ကလေးငယ်တိုင်းအတွက် ဖော်ဆောင်ပေး” “For Every Child, Every Right”** ဖြစ်ပါသည်။

လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ဖြစ်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRC) ကို ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအားလုံးက ပါဝင်လက်မှတ်ရေးထိုးထားပါသည်။ မြန်မာနိုင်ငံကလည်း ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားပါသည်။ ထိုသဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချုပ်နှစ်ရပ်ကိုလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းများကို ပိုမိုကာကွယ်စောင့်ရှောက်ရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို ရုပ်သိမ်းပြီး ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံများတွင် ကလေးသူငယ်များသည် ဆင်းရဲမွဲတေမှု၊ အာဟာရချို့တဲ့မှု၊ ပညာရေးလက်လှမ်းမမီမှု၊ ကလေးလုပ်သား၊ အရွယ်မတိုင်မီထိမ်းမြားမှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု စသည်ဖြင့် စိန်ခေါ်မှုများ ရှိနေသည်ဖြစ်ရာ ကလေးသူငယ်များအတွက် ပိုမိုကောင်းမွန်အောင် ဖန်တီးလုပ်ဆောင်ပေးကြမှသာလျှင် အနာဂတ်တွင် ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ကောင်းကျိုးချမ်းသာများ ရရှိခံစားနိုင်ကြမည်ဖြစ်ပါသည်။

ကလေးသူငယ်များ လူမှုအသိုက်အဝန်းအတွင်း အကျင့်စာရိတ္တကောင်းမွန်ပြီး အားကိုး အားထားရသော လူငယ်များ ဖြစ်လာစေရေး မျှော်မှန်းလျက် အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ပူးပေါင်းပါဝင်လုပ်ဆောင်ကြပါရန် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သည့် (၃၄) ကြိမ်မြောက် ကမ္ဘာ့ကလေးများနေ့တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တိုက်တွန်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်**

World Children's Day

ကမ္ဘာ့ကလေးများနေ့

“For every child, every right”

“အခွင့်အရေးအားလုံးရရှိရေး ကလေးငယ်တိုင်းအတွက် ဖော်ဆောင်ပေး”

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက် နေပြည်တော်

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၉၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်း ဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၂၀ ရက်မှ ၂၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၉၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ပြည်သူ့အကျိုးအတွက် IT သုတေသနများ ကြိုးပမ်းဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၁၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ သည် ယမန်နေ့ နံနက်ပိုင်းက အိန္ဒိယသမ္မတနိုင်ငံ၏ နည်းပညာအထောက်အပံ့ဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့သော မန္တလေးမြို့ရှိ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် (Myanmar Institute of Information Technology–MIIT)၌ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရည်ရွယ်ဆောင်ရွက်**

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက သုတေသနလုပ်ငန်းများကို ပြည်သူများ၏ လူမှုဘဝမြှင့်တင်မှုမှသည် ရေရှည်အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန်၊ စွန့်ဦးတီထွင်လုပ်ငန်းများ MSMEs များ ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံ့စီးပွားမြှင့်တင်ရာတွင် အထောက်အကူပြုနိုင်ရန်အထိ ရည်ရွယ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ IT နည်းပညာများ နောက်ကျမကျန်ခဲ့ရအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပရှိ ဆက်စပ် တက္ကသိုလ်/ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်၊ စာသင်ခန်းများနှင့် သိပ္ပံလက်တွေ့ခန်းများတွင် ကျောင်းဖွင့်ချိန်မတိုင်မီ ပြင်ဆင်ထားမှုများ၊ Robotics Lab၊ Communication Lab၊ Embedded System Lab၊ Control System Lab၊ Computer Networking Lab၊ Electronics Lab နှင့် အခြား Lab တို့တွင် လက်တွေ့သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းထားရှိမှုများ၊ ကျောင်းသား ကျောင်းသူများ၏ သုတေသနများဖြစ်သည့် Online Book Store System၊ Online Flight Ticket Reservation System၊ Smart HR System၊ Electronic Product Recommendation System နှင့် အခြားသုတေသနများကို ကြည့်ရှုစစ်ဆေးပြီး AI ဆိုင်ရာ သုတေသနများ၊ ပြန်ပြည့်မြဲစွမ်းအင်အခြေပြု Smart Grid နှင့် EV များတွင် အသုံးပြုသည့် IT သုတေသနများ၊ Cyber Security ဆိုင်ရာ သုတေသနများကို ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်ပညာရေးတက္ကသိုလ် (၅၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာနအောက်ရှိ ရန်ကုန် ပညာရေးတက္ကသိုလ် (၅၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ အစမ်းလေ့ကျင့်ခြင်းအပါအဝင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ စီမံရေးရာ၊ ဘဏ္ဍာ၊ သင်တန်းရေးရာ၊ စာပေးစာယူဌာန ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ မော်ကွန်းထိန်း၊ သဟာယအဖွဲ့ဝင်များနှင့် ဘွဲ့ရမောင်မယ်များ တက်ရောက်ကြသည်။

ယခု ရန်ကုန်ပညာရေး တက္ကသိုလ် (၅၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ပါရဂူဘွဲ့ ၆၃ ဦး၊ မဟာပညာရေးဘွဲ့ ၁၆၂ ဦး၊ M.A(TEFL)ဘွဲ့ ၁၈ ဦး၊ ပညာရေးဘွဲ့ ၁၂၁၁ ဦး၊ PGDMA ဒီပလိုမာဘွဲ့ ၁၉၄ ဦး၊ Dip ELTM ဒီပလိုမာဘွဲ့ ၃၇ ဦး၊ Dip ECCD ဒီပလိုမာဘွဲ့ ၂၃ ဦး၊ DEM ၃၇ ဦးနှင့် (စာပေးစာယူ)ပညာရေးဘွဲ့ ၂၆၀၇ ဦးတို့ကို ချီးမြှင့်ပေးခဲ့သည်။

ရန်ကုန်ပညာရေး တက္ကသိုလ်အနေဖြင့် ၁၉၆၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် ဘွဲ့နှင်းသဘင်မှစ၍ ယနေ့ (၅၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ ဘွဲ့ရမောင်မယ် စုစုပေါင်း ၇၃၇၄၄ ဦးကို မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်နေထိုင်သူများအား ယနေ့တွင်မြန်မာနိုင်ငံအစိုးရက တရားဥပဒေနှင့်အညီ စိစစ်ခြင်းများဆောင်ရွက်၍ တရုတ်နိုင်ငံသို့လွှဲပြောင်းပေးခဲ့မှုအခြေအနေများ၊ ၁၉-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားမှုအခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ နယ်စပ်ဒေသတွေမှာ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်တဲ့သူတွေကို ဥပဒေနဲ့အညီဆောင်ရွက်ပြီး လွှဲပြောင်းပေးတဲ့အခြေအနေတွေ ရှိပါတယ်။ အောက်တိုဘာလ ၂၃ ရက်နေ့ကနေ နိုဝင်ဘာလ ၁၉ ရက်နေ့အထိ နယ်စပ်ဒေသတွေမှာ တရားမဝင်ဝင်ရောက်နေထိုင်တဲ့ တရုတ်နိုင်ငံသား အမျိုးသား ၉၃၅ ဦး၊ အမျိုးသမီး ၈၂ ဦး စုစုပေါင်း ၁၀၁၇ ဦးကို ဥပဒေနဲ့အညီစိစစ်ဆေးပြီးတော့ တရုတ်နိုင်ငံဘက်ကို လွှဲပြောင်းခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ နယ်စပ်ဒေသ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်။





တိုက်ပွဲဖြစ်စဉ်တွေအနေနဲ့ကတော့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ နမ့်စလပ်မှာရှိတဲ့ လုံခြုံရေးနေရာတွေကို Drone နဲ့ Drop Bomb တွေ တော်တော်များများ လာချခဲ့တာရှိပါတယ်။ နမ့်ခမ်းမှာလည်း ထိတွေ့တိုက်ပွဲရှိခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ထရွန်အိုင်စခန်းကိုလာရောက်ပစ်ခတ်ခဲ့တာရှိတယ်။ နယ်ခြားစောင့်ရဲတွေ အခြေပြုတဲ့ အလယ်သံကျော်ရဲ့တောင်ဘက် ကိုးတန်ကောက်စခန်းကိုလာရောက်ပစ်ခတ်ခဲ့တာရှိပါတယ်။ ကယားပြည်နယ်မှာတော့ လွိုင်ကော် အနီးတစ်ဝိုက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ ဒီနေရာမှာ ထူးခြားချက်ကတော့ ပထမဦးဆုံး ရခိုင်ပြည်နယ်ထဲမှာ အစောပိုင်းကကျွန်တော်ပြောခဲ့တဲ့ ထရွန်အိုင်၊ နန်းဘူး စတဲ့အဲဒီစခန်းတွေက မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းဖောက်နေတဲ့ ကုလားတန်မြစ်ဘက်စုံစီမံကိန်းလုပ်နေတဲ့ လုံခြုံရေးစခန်းတွေဖြစ်ပါတယ်။ AA အနေနဲ့ ဒီနေရာတွေကို အဓိကထားပြီး တိုက်ခိုက်နေတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားဖြစ်စေတဲ့ အကြောင်းလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီနယ်မြေကအဓိကအားဖြင့် ချင်းတိုင်းရင်းသားမျိုးနွယ်စုတွေ၊ ခူမီးတိုင်းရင်းသားမျိုးနွယ်စုတွေနေတဲ့နေရာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပလက်ဝနဲ့ပလက်ဝမြောက်ဘက်ဒေသတွေမှာ နေထိုင်တဲ့ဒေသခံတွေအနေနဲ့ကလည်း AA ကို အထူးဆန့်ကျင်ရှုတ်ချကြောင်း ပြောကြားလာတာတွေရှိပါတယ်။ အဓိကကတော့ အဲဒီနယ်မြေမှာဖွံ့ဖြိုးတိုးတက်မှုမရှိအောင်၊ အဲဒီနယ်မြေပိတ်ဆို့အောင် အစောပိုင်းကကျွန်တော်ပြောခဲ့တဲ့ တိုင်းရင်းသားအချင်းချင်း နှိပ်ကွပ်ဖို့အတွက်ဆောင်ရွက်နေတာမျိုးဖြစ်ပါတယ်။ ဒါတွေကိုတော့ ကျွန်တော်တို့အနေနဲ့ ပြတ်ပြတ်သားသားအရေးယူဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်မနေ့ကပြောခဲ့တဲ့ နမ့်ခမ်းမှာဆိုရင် ကာကင်းကုန်းကို လာရောက်တိုက်ခိုက်ခဲ့တယ်။ တပ်မတော်ကပြန်လည် တိုက်ခိုက်ခဲ့တဲ့အတွက် TNLA အနေနဲ့ အကျအဆုံးများစွာရှိခဲ့တယ်။ တော်တော်လေး အကျအဆုံးများပါတယ်။ ထုံးစံအတိုင်းပါပဲ သူတို့အကျအဆုံးရှိပြီဆိုရင် အရင်တုန်းကသုံးနေကျ အတိုင်းပဲ အသံထွက်လာပါတယ်။ အဆိပ်ဓာတ်ငွေ့နဲ့တိုက်ခိုက်တယ် ဆိုတာမျိုးတွေ ပြောလာကြတာကို တွေ့ရပါတယ်။ နမ့်စလပ်မှာရှိနေတဲ့ တပ်ရင်း၊ တပ်ဖွဲ့တွေနဲ့ နမ့်ခမ်းမှာရှိနေတဲ့ ရှေ့တန်းလုံခြုံရေးစခန်းတွေအနေနဲ့ ရန်သူကိုရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ပြီး တန်ပြန်ချေမှုန်းခဲ့တဲ့အတွက် ရန်သူ့ဘက်မှာအကျအဆုံးများစွာရှိပါတယ်။ ဒီအတွက်လည်း ရန်သူကိုကြံ့ကြံ့ခံ ခုခံတိုက်ခိုက်ပြီး တန်ပြန်တိုက်စစ် ဆင်နွှဲခဲ့တဲ့ အရာရှိ၊ စစ်သည်၊ ရဲမေ အားလုံးကို နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲများအားလုံးက အသိအမှတ်ပြုဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။ တပ်မတော်အနေနဲ့ ကျူးကျော်သူတွေရဲ့ ကျူးကျော်စစ်ကို တန်ပြန်ချေမှုန်းနေတာပဲ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ လွတ်လပ်ရေးရပြီးကတည်းက မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နယ်မြေဒေသများလုံခြုံရေးတို့အတွက် အစဉ်တစိုက်ဆောင်ရွက်ခဲ့ပါတယ်။ အခုအချိန်မှာလည်း ဒီတာဝန်ကို ထမ်းဆောင်လျက်ရှိပါတယ်။ သမိုင်းပေးတာဝန်တွေကျေပွန်ခဲ့တဲ့ တပ်မတော်အနေနဲ့ အခုလက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေမှာလည်း နိုင်ငံတော်အမြန်ဆုံးပြန်လည်တည်ငြိမ်အေးချမ်းအောင်၊ သောင်းကျန်းသူအဖျက်သမားတွေကို အမြန်ဆုံးချေမှုန်းနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်။


အားလုံးကိုကျေးဇူးတင်ပါတယ်။ ။

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ထောပတ်ထမင်းဘူးများ ဆက်လက်ပေးအပ်လှူဒါန်း







**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများကလက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တိုက်ပွဲတိုင်းအောင်မြင်ပါစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်း၊ တပ်မတော်သားများ ကျန်းမာပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်သက်တာစာပေဆုဆိုတာ စာပေကိုချစ်မြတ်နိုးပြီး တစိုက်မတ်မတ်လုပ်ခဲ့တဲ့သူတွေအားလုံး အာရုံရှိတဲ့ဆုကြီးပါပဲ။ ဒီလိုကိုယ့်တစ်သက်တာလုံး ရေးခဲ့တဲ့စာတွေကို အသိအမှတ်ပြုပြီးတော့ ချီးမြှင့်တယ်ဆိုတော့ ဝမ်းမြောက်ဂုဏ်ယူရပါတယ်


ကြူကြူသင်း

ရန်ကုန် နိုဝင်ဘာ ၁၉

**မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရှင်များကို ရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်ခံရသော စာရေးဆရာကြီး၊ ဆရာမကြီးများအား တွေ့ဆုံမေးမြန်းထားမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**



စာရေးဆရာမကြီး ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)



စာပေပညာရှင် ဆရာကြီး ဦးချစ်စံ(ချစ်စံဝင်း)

**စာရေးဆရာမကြီး ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)**

တစ်သက်တာစာပေဆုဆိုတာ စာပေကိုချစ်မြတ်နိုးပြီး တစိုက်မတ်မတ်လုပ်ခဲ့တဲ့သူတွေအားလုံး အာရုံရှိတဲ့ဆုကြီးပါပဲ။ ဒီလိုကိုယ့်တစ်သက်တာလုံး တစ်ဘဝလုံးမှာရေးခဲ့တဲ့စာတွေကို အသိအမှတ်ပြုပြီးတော့ ချီးမြှင့်တယ်ဆိုတော့ ဝမ်းမြောက်ဂုဏ်ယူရပါတယ်။ ဒီဆုရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ တစ်ခုပေါ့လေ၊ ကျွန်မတို့ဟိုတုန်းက ကွယ်လွန်သွားတဲ့ မရလိုက်တဲ့ဆရာကြီးတွေ၊ အဲဒီတုန်းက ဒီလိုမျိုးချီးမြှင့်တာလည်း မရှိဘူးလေ။ တစ်သက်တာဆိုတာ အခုတစ်သက်တာဆုဖြစ်ပေါ်လာတာကလည်း ဒါသက်ကြီးရွယ်အိုခေါ်မလား၊ ကလောင်အိုများအတွက်ပေါ့။ စာပေကိုချစ်ပြီးတော့ တစိုက်မတ်မတ်လုပ်ခဲ့တဲ့ ရေးသားခဲ့တဲ့ ကလောင်အိုကြီးတွေအတွက်ကတော့ ဒါဟာကြီးမြတ်တဲ့ဆုလာဘ်တစ်ပါးလို့ပဲယူဆပါတယ်။

ကျွန်မက ၁၅ နှစ်သမီးကတည်းက စာစပြီးရေးတာ။ အခု ၈၂ နှစ်ရှိပါပြီ။ ကျွန်မစရေးတာကတော့ ကဗျာလေးတွေပါ။ ဒါပေမဲ့လည်း တစ်ချိန်တည်းလိုလိုပါပဲ ဝတ္ထုကိုဆက်ရေးတယ်ဆိုပါတော့။ တအားကြီး အများကြီးတော့မဟုတ်ဘူး၊ ကျွန်မကရေးချင်တဲ့စိတ်ရှိမှရေးတာ၊ ရင်ထဲကိုဖျတ်ခနဲခံစားလိုက်ရရင် အဲဒါမျိုးမှရေးဖြစ်တာပါ။ ဖန်တီးပြီးမှရေးတာမျိုး ကျွန်မ မရေးဖြစ်ဘူး။ အခုအသက်ကြီးလာတော့လေ ခဏခဏ ဖျတ်ခနဲဖျတ်ခနဲဖြစ်တာတွေများတော့လည်း ရိုးသွားသလိုပဲ။ ထူးထူးခြားခြားစာတွေကတော့ သိပ်ပြီးတော့မှ ဘယ်လိုပြောမလဲ လူငယ်တွေပြောတဲ့စကားနဲ့ပေါ့။ ထိုးဖောက်တဲ့ စာမျိုးတော့ကျွန်မသိပ်မစွမ်းဘူးပေါ့။ ဒီလိုပဲ ရှေးရိုးပဲပေါ့၊ အရင်တုန်းက ကျွန်မတို့ကို လမ်းညွှန်ပြသပေးကြတဲ့ လက်တွဲခေါ်ကြတဲ့ဆရာကြီးတွေကလည်း အခု မရှိတော့ပါဘူး။ သူတို့ရဲ့စာပေတွေ၊ သူတို့ရဲ့အဆိုအမိန့်တွေ။ သူတို့ရဲ့လမ်းညွှန်မှုတွေခံယူခဲ့ရတယ်။ ကံကောင်းခြင်းတစ်မျိုးပါပဲ။ အဲဒီလိုခံယူခဲ့ရတော့ မြန်မာစာကိုလည်း ပီပီပြင်ပြင်ရေးတတ်ဖို့ ရေးနိုင်ဖို့ အတွေးအခေါ်မှန်မှန်ကန်ကန်တွေးတတ်ဖို့၊ မှန်တာကိုမြင်ပြီးတော့ မှန်တာကိုပဲရေးဖို့၊ သတ္တိမွေးဖို့ စသည်ဖြင့် အစုံပါပဲ ဆရာကြီးတွေရဲ့ စာတွေက နေသင်ယူခဲ့ရတယ်၊ ကျွန်မတို့ကရိုးရိုးကြီးလိုင်းပါ။ ခုခေတ်ကလေးတွေရေးနေသလိုတော့ ထိုးဖောက်ပြီးရေးတာတော့ ကျွန်မ အားနည်းပါတယ်။

စာကောင်းရေးဖို့၊ စိတ်ကောင်းထားရမယ်ဆိုပြီး ဆရာကြီးဇော်ဂျီတို့က ဒီလိုပဲအမိန့်ရှိခဲ့ပါတယ်။ ကျွန်မတို့ကအဲဒီလိုဆရာတွေနဲ့ သူတို့ရဲ့ ရင်အုပ်မကွာ အုပ်ထိန်းမှု၊ စာပေအုပ်ထိန်းမှုအောက်မှာ နေခဲ့ရတော့ သူတို့ လျှောက်တဲ့လမ်းကြောင်းကိုပဲ ကျွန်မတို့ကလည်းလျှောက်ချင်တဲ့စိတ်ဓာတ် အားသန်တယ်။ လျှောက်ဖို့လည်းကြိုးစားခဲ့တယ်။ ဒါပေမဲ့မမီပါဘူး၊ ဘယ်လိုမှမမီနိုင်ပါဘူး၊ အားလုံးခြုံပြောရရင် အရင်ဆရာကြီးတွေကိုမီဖို့ဆိုတာ တော်တော်ကို ကြိုးစားရမယ်လေ။ ဒါပေမဲ့တစ်ခုတော့ရှိပါတယ်၊ စာရေးတဲ့သူတွေ အားလုံးက စေတနာရှိတယ်။ ဆိုလိုတာက စိတ်ကောင်းရှိမှသာ စာရေးလို့ရတာလေ။ စာပေအပေါ်မှာထားတဲ့ သစ္စာတရားပေါ့။ အများအတွက်ဆိုရင် ၁၀ ပြားဖိုးပဲရရ၊ တစ်ကျပ်ဖိုးပဲရရ ပေးချင်တဲ့စိတ်ရှိကြပါတယ်။ ပေးဖို့ဆိုတာကလည်း ကိုယ့်ဆီမှာရှိမှ ပေးလို့ရတာ၊ ကိုယ့်မှာမရှိရင်လည်း ပေးလို့မရဘူး။ အဲဒီတော့ကိုယ့်မှာပြည့်စုံအောင်လို့ စာရေးဆရာက ကြိုးစားရတာပါပဲ။ စာရေးဆရာတွေဆိုတာက စာနဲ့လူနဲ့ စိတ်ဆန္ဒနဲ့က အမြဲတမ်း ထပ်တူကျတယ်။ ဘာဖြစ်လို့လဲဆိုတော့ စာဖတ်တဲ့သူအတွက်ကိုး။ အကျိုးကျေးဇူးရှိစေချင်တဲ့ စိတ်စေတနာလေ၊ စာရေးဖို့ဆိုတာ တချို့က အတော်များများကသတ်မှတ်တာ ဝတ္ထုရေးတယ်ဆိုရင် ဇာတ်လမ်းကောင်းရမယ်၊ ဇာတ်ကောင်စရိုက်ပီပြင်ရမယ်၊ အချိုးအကွေ့ အတက်အကျ အနိမ့်အမြင့် အဲဒါတွေစုံရမယ်။ အလှည့်အပတ် အကွေ့အကောက်တွေများရမယ်။ အဲဒါဆိုလို့ရှိရင်တော့ လူထုစာဖတ်တဲ့သူဆိုရင် စွဲတယ်။ ဒါမျိုးစာကပေါက်ရောက်တယ်။ စာကောင်းလို့သတ်မှတ်ကြတယ်။ အဲဒီမှာတစ်ခုအမြဲတမ်းထပ်ဖြည့်ဖြစ်တာ အဲဒီလိုဖြစ်ရုံနဲ့ မပြီးဘူး။ စာဆိုတာ ရင်ထဲကစိတ်စေတနာပါမှ အကျိုးကျေးဇူးတွေပေးနိုင်သလောက် အဲဒီလိုပေးနိုင်တဲ့အခါမျိုးမှ ကျွန်မကတော့စာကောင်းလို့သတ်မှတ်တယ်လို့၊ ဒီလိုပဲယူဆမိပါတယ်။ ဒါပေမဲ့ အမြဲတမ်းပဲ ကောင်းတာတွေပဲပေးနေချင်လို့ရသလားဆိုတော့လည်း လောကဓံတရားကအမျိုးမျိုးရှိတယ်လေ။ ကောင်းတာလည်းလာမယ် မကောင်းတာလည်းလာမယ်။ ဒါပေမဲ့ ကိုယ်ကအဲဒီအထဲက ရွေးထုတ်ပြီးတော့ မကောင်းတာကို ကောင်းတာဖြစ်အောင်၊ ဆိုးနေတာကိုကောင်းအောင် အဲဒီလိုလေးတွေ ကိုယ်ကိုယ်တိုင်ကလည်း အားထုတ်ပြီးတော့ ရေးဖွဲ့မှုကို ကျွန်မအနေနဲ့တော့ကြိုးစားပါတယ်” ဟု ဆရာမကြီး ကြူကြူသင်းက ပြောသည်။

စာရေးဆရာမကြီး ဒေါ်ကြူကြူသင်းကို အဘ ဦးစိန်မောင်၊ အမိ ဒေါ်ခင်ရီတို့က ၁၉၄၂ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်ဒေသ ဝါးခယ်မမြို့၌ မွေးဖွားခဲ့သည်။ ရုပ်ရှင်မင်းသမီးကြီး မေရှင် သီဆိုခဲ့သည့် ချစ်ရေစင် သီချင်းထဲမှကြူကြူသင်းတဲ့ ရွှေနှင်းဆီရယ်၊ ဆင်းရန့်က မွှေးတယ် ဟူသော စာသားကို နှစ်သက်၍ ကြူကြူသင်း ဟုကလောင်အမည် ယူခဲ့သည်။ အမည်ရင်းမှာ ဒေါ်ခင်သန်းဝင်းဖြစ်သည်။

၁၉၅၇ ခုနှစ် (၈)တန်းကျောင်းသူဘဝ၌ တိုင်းရင်းမေဂျာနယ်တွင် ကဗျာများရေးသားခြင်းဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ယနေ့အထိ လုံးချင်းဝတ္ထု ၁၄ အုပ်၊ ဝတ္ထုတိုပေါင်းချုပ် ၁၇ အုပ်၊ ကဗျာပေါင်းချုပ် တစ်အုပ်၊ ပြဇာတ်ပေါင်းချုပ် နှစ်အုပ်၊ ဆောင်းပါးပေါင်းချုပ် နှစ်အုပ်၊ မဂ္ဂဇင်းဝတ္ထုရှည် တစ်အုပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ကဗျာတစ်ပုဒ်နှင့် ဝတ္ထုတိုအချို့ကို အင်္ဂလိပ်၊ ဂျပန်၊ ရုရှားဘာသာများသို့ပြန်ဆို၍ သက်ဆိုင်ရာ နိုင်ငံအသီးသီးတွင် ထုတ်ဝေဖြန့်ချိခဲ့သည်။ မြန်မာ့နဲ့စာတမ်း၊ မြတ်နိုးဖွယ်ရာ မြန်မာကဗျာများစာတမ်းနှင့် ၁၉၈၁ ခုနှစ် မတိုင်မီ အမျိုးသားရေး ညွှန်းဖွဲ့တေးစာတမ်း စသည့် မြန်မာ့စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ စာတမ်းများကို ပြုစုရေးသားဖတ်ကြားခဲ့ပြီးဖြစ်သည်။

၁၉၈၁ ခုနှစ်တွင် စံပယ်တစ်ကုံး ဂမုန်းတစ်ပွင့် ဝတ္ထုတိုပေါင်းချုပ် ဖြင့်လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် ရွှေတံခါးကြီးဖွင့်ပါဦးနှင့် အခြား ပြဇာတ်များ စာအုပ်ဖြင့်လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် သိင်္ဂါရရသ ဝတ္ထုတို စုစည်းမှု စာအုပ်ဖြင့်လည်းကောင်း အမျိုးသားစာပေဆု သုံးကြိမ် ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်ကချီးမြှင့်သော ဝိဇ္ဇာပညာထူးချွန်ဆု (ဒုတိယဆင့်)ကိုရရှိပြီး ၂၀၁၄ ခုနှစ်တွင် အရှေ့တောင်အာရှစာပေ (The S.E.A Award) ဝတ္ထုတိုဆုကို ဘဝရိပ်ရောင် ဝတ္ထုတိုစု(Shades of Life) ဖြင့်ရရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် မှတ်မိနေတယ် လုံးချင်း ဝတ္ထုရှည်ဖြင့် ဆရာဝန်တင်ရွှေ စာပေဆုရရှိခဲ့သည်။ ယခုအခါ ရန်ကုန်မြို့ ပါရမီရိပ်သာ ရန်ကင်းမြို့နယ်တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိသည်။

**စာပေပညာရှင် ဆရာကြီး ဦးချစ်စံ(ချစ်စံဝင်း)**

“အမှတ်မထင်ဘဲဒီဆုရတဲ့အတွက်ဝမ်းမြောက်မိပါတယ်။ ဒါကြောင့် အသက်၈၀ကျော်တဲ့အထိ စာပေကိုတောက်လျှောက်လုပ်ခဲ့တာကို နိုင်ငံတော်က ခုလိုချီးမြှင့်တဲ့အတွက် ဝမ်းသာပီတိ ဖြစ်ရပါတယ်။ မြန်မာ့သမိုင်း၊ ရှေးဟောင်းမြန်မာစာပေရေးရာတွေနဲ့ ပတ်သက်တဲ့ လေ့လာမှုတွေ၊ သုတေသနပြု ဆောင်ရွက်ချက်တွေကိုရေးသားခဲ့ပါတယ်”ဟု ဆရာကြီး ချစ်စံဝင်းကပြောကြားသည်။

စာရေးဆရာ ချစ်စံဝင်းကို ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ရစ်ကန်ကြီးရွာတွင် အဘ ဦးကျော်စိန်၊ အမိ ဒေါ်လှသန်းတို့က ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီ ၂၂ ရက်တွင် မွေးဖွားခဲ့သည်။ ငယ်စဉ်က ရစ်ကန်ကြီး ရွာ မူလတန်းကျောင်းနှင့် ရစ်ကန်ကြီးရွာဘုန်းတော်ကြီးကျောင်းတို့တွင် ပညာသင်ကြား၍ ၁၉၅၇ ခုနှစ်တွင် ပဲခူးမြို့ အထူးသဒ္ဓါသင်ကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ရန်ကင်းကောလိပ်၊ ရန်ကုန်တက္ကသိုလ် နှင့် လုပ်သားများ ကောလိပ်တို့တွင် စာပေဆက်လက်သင်ကြားကာ ဝိဇ္ဇာဘွဲ့ရရှိသည်။

၁၉၆၄ ခုနှစ်မှစ၍ ယနေ့အထိ ဆောင်းပါးပေါင်း ၉၀၀ ခန့်၊ စာအုပ်ပေါင်း ၂၁၀၊ စာတမ်း ၂၀၊ ရုပ်ရှင်ဇာတ်ညွှန်း ငါးပုဒ်တို့ကိုရေးသားခဲ့ပြီးအမျိုးသားစာပေဆုနှစ်ကြိမ်၊ပခုက္ကူဦးအုံးဖေစာပေဆုတစ်ကြိမ်၊ သုတစွယ်စုံစာပေဆုတစ်ကြိမ်၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ သုတစွယ်စုံစာပေတိုက်ကချီးမြှင့်သော ဘဝတစ်သက်တာ စာပေဆုနှင့် ထွန်းဖောင်ဒေးရှင်းစာပေဆုတစ်ကြိမ်တို့ကိုရရှိခဲ့သည်။

ဆရာကြီးသည် ၁၉၇၂ ခုနှစ်က စာပေဝါသနာရှင်တစ်ဦးဖြစ်သူ ဒေါ်မော်မော်(ဆရာမ လမင်းအိမ်)နှင့်လက်ထပ်၍ သားသုံးဦး ထွန်းကားပြီး ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

တွေ့ဆုံမေးမြန်း-လင်းရာမ
ဓာတ်ပုံ-ကိုထက်

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်(ခရိုင်တာဝန်ခံ)နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က အမှာစကားပြောကြားပြီး စာအုပ်၊ စာစောင်များအား တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်နှင့် တာဝန်ရှိသူများက ခရိုင်/မြို့နယ် အတွင်းရှိစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လိုအပ်ချက်များကို အကြံပြုဆွေးနွေးကြပြီး တိုင်းကော်မတီဝင်က သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ မြို့နယ်စာကြည့်တိုက်များစာရင်းတွင် ပါရှိသော အာရုဏ်ဦး၊ ရွှေလဝန်း၊ သုတရိပ်မြုံ၊ ရွှေညောင်ပင် စသည့် စာကြည့်တိုက်များနှင့် စာကြည့်တိုက်အသစ် ဆောက်လုပ်မည့် မြေနေရာကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဥာဏ်ဟိန်း


## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်



**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက် နေထိုင်လျက်ရှိကြောင်းသိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုကဲ့သို့ နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၉၃၅ ဦး၊ အမျိုးသမီး ၈၂ ဦး စုစုပေါင်း ၁၀၁၇ ဦးကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့်လည်း မိမိတို့ ဒေသအတွင်း တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ကမ်းရိုးတန်းဒေသ တစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့ မောင်ရွှေလေးကျေးရွာရှိဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၄၄၃ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၄၃ ဦး၊ ခွဲစိတ်ရောဂါ ၃၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၇ ဦး၊ ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ၄၉ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၃၀၊ မျက်စိရောဂါ ၈၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ လေးဦးကို တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဝဲကြီးကျေးရွာအုပ်စု လက်ပံသာယာကျေးရွာ ဆိပ်ကမ်းသို့ ရောက်ရှိရာ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့် အထူးကုဆေးအဖွဲ့သည် မိုးညိုမြို့နယ် လက်ပံသာယာကျေးရွာရှိသာသနာအောင်ကျောင်းတိုက်တွင် အခြေပြု၍ မိုးညိုမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၆၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၆၂ ဦး၊ ခွဲစိတ်ရောဂါနှစ်ဦး၊ သားဖွား/မီးယပ်ရောဂါလေးဦး၊ ကလေးရောဂါနှစ်ဦး၊ အရိုးရောဂါ ၃၆ ဦး၊ နား၊ နှာခေါင်း၊လည်ချောင်းရောဂါ ခုနစ်ဦး၊ မျက်စိရောဂါ ၄၄ ဦးနှင့် သွားရောဂါ ခြောက်ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ခြောက်ဦးနှင့် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ လေးဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဒေါ်ဆယ်တို



ဦးဇော်မင်း

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလို ပဲကြားသိခဲ့ရပါသည်။

**ဒေါ်ဆယ်တို**
**မောင်ရွှေလေး ကျေးရွာ၊ သံတွဲမြို့နယ်**

မျက်စိမမြင်တာ နှစ်နှစ်ကျော်သွားပါပြီ၊ ဒါကြောင့် လာပြတာပါ။ မျက်စိတွေ မှုန်ဝါးဝါးဖြစ်တဲ့အခါမှာ စားရပြန်လည်း မကောင်း၊ အိပ်ရပြန်လည်း မကောင်း၊ သွားရပြန်လည်း မကောင်း၊ တောင်ဝှေးနဲ့သွားနေ ရပါတယ်။ ထမင်းတစ်လုတ်ကို ဘာမှန်းမသိ၊ စားရတာလည်း အရိုးမှန်းမသိ၊ အရည်မှန်းမသိ ခံစားနေရပါတယ်။ ဆေးကုဖို့က ပိုက်ဆံမရှိလို့ ဆေးမကုသနိုင်ပါဘူး။ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့ လာရောက်ကုသမယ်ဆိုတာကို စောင့်နေရတာပါ။ သူများပြောသံကြားတော့ ကိုယ့်တောင်ဝှေးကို ဆွဲပြီး ပြေးလာခဲ့ရတာပါ။ မျက်စိပြန်ကောင်းဖို့ အလွန်အားရှိသွားပါတယ်။ အခုလို ကုသပေးတဲ့ အတွက်ကြောင့် တပ်မတော် အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို ကျေးဇူး တင်ပါတယ်။

**ဦးဇော်မင်း**
**လက်ပံသာယာကျေးရွာ မိုးညိုမြို့**

မျက်စိအားနည်းလို့ လာပြတာပါ။ ဒီမှာအုပ်ချုပ်ရေးပိုင်းဆိုင်ရာအဖွဲ့တွေက ကျေးရွာအလိုက်၊ အုပ်စုအလိုက် အကြောင်းကြားလို့သိရလို့လာပြတာပါ။ ဒီအတိုင်းအတာထိအောင် ဒီလိုအရပ်ဒေသမျိုးတွေမှာ အခုလိုလာရောက်ကုသမှုပေးလို့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ အနီးနား ပတ်ဝန်းကျင်ကလည်း လာကြပါတယ်ခင်ဗျ။ လူသတင်း လူချင်းဆောင်ဆိုသလိုပေါ့ဗျာ။ သိတဲ့လူတွေများတော့ အတိုင်းနဲ့အလွန်ပါပဲ။ ကျွန်တော်တို့ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။

သတင်းစဉ်

## လယ်ဝေးမြို့နယ်၌ သွားနှင့် ခံတွင်းကျန်းမာရေး အသိပညာပေး ဆွေးနွေးကာ သွားကျန်းမာရေး စစ်ဆေးကုသပေး

**လယ်ဝေး နိုဝင်ဘာ ၁၉**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် နေပြည်တော် သွားနှင့် ခံတွင်းဆေးရုံကြီး



ပျဉ်းမနားမြို့နှင့် လယ်ဝေးမြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား ယမန်နေ့ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သွားနှင့် ခံတွင်းကျန်းမာရေး အသိပညာပေးခြင်းနှင့် ကုသပေးခြင်းများ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးဝန်ကြီးဌာန နေပြည်တော် သွားနှင့် ခံတွင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဦးဆောင်သည့် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက သွားနှင့် ခံတွင်းကျန်းမာရေးအသိပညာပေး ဟောပြော၍ ကျောင်းသားကျောင်းသူများနှင့် ကျေးရွာပြည်သူများအား သွားကျန်းမာရေးစစ်ဆေးကုသပေးသည်။ ထို့နောက် စနစ်တကျ သွားတိုက်နည်းများကို လက်တွေ့သင်ကြားပြသပေးပြီး သွားတိုက်တံများ ပေးဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# ဂါဇာကမ်းမြောင်တွင် ထိန်းသိမ်းထားသော အစ္စရေးဓားစာခံများကို လွှတ်ပေးရန် လက်ရှိအချိန်အထိ သဘောတူညီမှု မရရှိသေးဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ပြောကြား



**ဂျေရုဆလင် နိုဝင်ဘာ ၁၉**

ဂါဇာကမ်းမြောင်တွင် ထိန်းသိမ်းထားသော အစ္စရေးဓားစာခံများကို လွှတ်ပေးရန် လက်ရှိအချိန်အထိ သဘောတူညီမှု မရရှိသေးကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ယမန်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဂါဇာတွင် ထိန်းသိမ်းခံထားရသော ဓားစာခံ ၂၄၀ ခန့်ကို ပြန်လွှတ်ပေးရေး သဘောတူညီချက်နှင့် ပတ်သက်၍ မှားယွင်းသောသတင်းများကို ဝန်ကြီးချုပ် နေတန်ယာဟုက ငြင်းဆိုခဲ့ပြီး ယင်းသို့ သဘောတူညီမှု ရရှိခဲ့ပါက အစ္စရေးပြည်သူများအား ချက်ချင်းအသိပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**တိုက်တွန်းလျက်ရှိ**

အစ္စရေး ပြည်သူအားလုံးသည် ဓားစာခံများ၏ မိသားစုဝင်များနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း ရှိကြောင်းနှင့် ပြည်သူအချို့သည် တဲလ်အဗစ်မြို့မှ ဂျေရုဆလင်သို့ ငါးရက်ကြာ ချီတက်ကာ ဓားစာခံများ လွှတ်မြောက်ရေးအတွက် ပိုမိုအားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်ရန် အစ္စရေးအစိုးရကို တိုက်တွန်းလျက်ရှိကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ဆိုသည်။

ဓားစာခံများ လွှတ်မြောက်ရေးအတွက် မည်သို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိသလဲဆိုသည်ကို ရှင်းပြရန်အတွက် လာမယ့်ရက်ပိုင်းအတွင်း အစိုးရအဖွဲ့နှင့် တွေ့ဆုံရန် မိသားစုကိုယ်စားလှယ်များကို ဖိတ်ကြားထားကြောင်း နေတန်ယာဟုက ပြောသည်။

စစ်ပွဲရပ်တန့်ရန် နိုင်ငံတကာဖိအားများ မြင့်တက်လျက်ရှိသော်လည်း အစ္စရေးတပ်မတော်အနေဖြင့် ဟားမတ်စ်အဖွဲ့ကို စစ်ဆင်နွှဲမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ကတိပြုခဲ့သည်။

အစ္စရေးတပ်ဖွဲ့သည် ဟားမတ်စ်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် အောက်တိုဘာ ၇ ရက်မှစပြီး ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်နွှဲမှုများ ပြုလုပ်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# နိုဝင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ သီရိလင်္ကာသို့ ခရီးသွား ၇၄၆၆၄ ဦး လာရောက်

**ကိုလံဘို နိုဝင်ဘာ ၁၉**

သီရိလင်္ကာနိုင်ငံသို့ နိုဝင်ဘာလ ပထမ ၁၅ ရက်အတွင်း နိုင်ငံခြားခရီးသွား စုစုပေါင်း ၇၄၆၆၄ ဦး လာရောက်ခဲ့ကြောင်း သီရိလင်္ကာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့ (SLTDA) မှ ထုတ်ပြန်သော နောက်ဆုံးစာရင်းများအရ သိရသည်။

**ခန့်မှန်းထား**

သီရိလင်္ကာနိုင်ငံသို့ လတစ်လ၏ ပထမ ၁၅ ရက်အတွင်း ယခင်ဝင်ရောက်မှု အများဆုံးမှာ ၂၀၂၃ ခုနှစ် မတ်လတွင်ဖြစ်ပြီး နိုင်ငံတကာခရီးသွား ၆၀၈၈၂ ဦးရှိကြောင်း သိရသည်။ ခရီးသွားရာသီအစဖြစ်သည့် နိုဝင်ဘာလတွင် ခရီးသွား ၂၀၄၁၁၄ ဦး ရောက်ရှိလာမည်ဟု သီရိလင်္ကာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့က ခန့်မှန်းထားသည်။

ဇန်နဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု စုစုပေါင်းမှာ ၁၂၀၀၁၁၉ ဦးရှိပြီး ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၉ ဘီလီယံရှိကြောင်း တရားဝင်အချက်အလက်များက ဖော်ပြသည်။ သီရိလင်္ကာ၏ ခရီးသွားလုပ်ငန်းသည် ယခုနှစ်တွင် ခရီးသွား နှစ်သန်းကို ဆွဲဆောင်ရန် ရည်မှန်းထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# အစ္စရေးတပ်ဖွဲ့၏ စစ်ဆင်ရေးဆင်နွှဲမှုအတွင်း သေဆုံးသူ ၄၀ ရာခိုင်နှုန်းကျော် ဂါဇာကမ်းမြောင်တောင်ပိုင်းမှ အရပ်သားများဖြစ်ဟု ဟားမတ်စ်အဖွဲ့ပြောကြား

**ဂျေရုဆလင် နိုဝင်ဘာ ၁၉**

အစ္စရေးတပ်ဖွဲ့၏ စစ်ဆင်ရေးဆင်နွှဲမှုအတွင်း သေဆုံးသူ ၄၀ ရာခိုင်နှုန်းကျော်သည် ဂါဇာကမ်းမြောင်တောင်ပိုင်းမှ အရပ်သားများဖြစ်ကြောင်း ပါလက်စတိုင်း အစ္စလာမ္မစ်အဖွဲ့ ဟားမတ်စ်၏ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့သည် အရပ်သားများကို တောင်ဘက်သို့ ထွက်ခွာရန် ပြောကြားခဲ့သော်လည်း မြောက်နှင့် တောင်ကြား မခွဲခြားဘဲ ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ဟားမတ်စ်၏ အကြီးတန်းအရာရှိ အိုစမာ ဟမ်ဒန်က နိုဝင်ဘာ ၁၈ ရက်တွင် လက်ဘနွန်နိုင်ငံ မြို့တော် ဘေရွတ်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းမြောင်ဒေသ၏ အကြီးမားဆုံး ကျန်းမာရေးဆိုင်ရာ အဆောက်အအုံဖြစ်သည့် အယ်လ်ရှီဖာဆေးရုံတွင် လေးရက်ကြာ စစ်ဆင်ရေးများ လုပ်ဆောင်လျက်ရှိသည်။ ၎င်းတို့သည် အယ်လ်ရှီဖာဆေးရုံ၏ ဆေးဘက်ဆိုင်ရာ နေရာများတွင် ဟားမတ်စ်၏ ကွပ်ကဲမှုနှင့် ထိန်းချုပ်ရေးစင်တာကို ရှာဖွေလျက်ရှိသည်ဟု အိုစမာ ဟမ်ဒန်က ပြောသည်။

လက်ရှိအချိန်အထိ ဟားမတ်စ် ကွပ်ကဲရေးဌာနနှင့် ဓားစာခံတစ်ဦးကိုမျှ တွေ့ရှိခြင်း မရှိကြောင်းနှင့် ၎င်းတို့သည် ပြင်းထန်သော ရာဇဝတ်မှုကျူးလွန်ခဲ့ပြီး ဖျားနာသူများ၊ ဒဏ်ရာရသူများနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအား ဆေးရုံမှ နှင်ထုတ်ခဲ့ကြောင်း အိုစမာ ဟမ်ဒန်က သတင်းထောက်များကို ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် ဆေးရုံများကို ဗုံးဖောက်ခွဲခြင်းကဲ့သို့သော နိုင်ငံတကာဥပဒေများကို ချိုးဖောက်မှုများ ကျူးလွန်ခဲ့ပြီး သမ္မတဂျိုးဘိုင်ဒင် ဦးဆောင်သည့် အမေရိကန်အစိုးရသည်လည်း အစ္စရေးအဖွဲ့ကို ပံ့ပိုးပေးသည့်အတွက် တာဝန်ရှိကြောင်း အိုစမာ ဟမ်ဒန်က ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသရှိ လူသားချင်းစာနာထောက်ထားမှုအကျပ်အတည်းတွင် လိုအပ်သော အစားအစာပမာဏ၏ ဆယ်ပုံတစ်ပုံသာ လက်ရှိအချိန်အထိ ပြည်သူများထံ ရောက်ရှိခဲ့ကြောင်း အိုစမာ ဟမ်ဒန်က ဆိုသည်။ ထို့ပြင် အစ္စရေးသည် အရပ်သားများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊ အစာငတ်ခံခြင်းနှင့် ဆေးရုံများကို ဝင်ရောက်စီးနင်းခြင်းများနှင့်အတူ ဂါဇာမြောက်ပိုင်းမှ အရပ်သားများကို မဟာဗျူဟာကျကျ ဖိအားပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပါလက်စတိုင်း ပြည်သူများသည် အစ္စရေးတပ်ဖွဲ့၏ ထိုးစစ်ကို အလျှော့မပေးဘဲ အဆုံးထိ တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဟမ်ဒန်က ကတိပြုပြောကြားသည်။ ဂါဇာတွင် အနည်းဆုံး လူ ၁၁၈၀၀ သေဆုံးခဲ့ပြီး ၎င်းတို့အနက် ၄၉၀၀ ခန့်မှာ ကလေးငယ်များဖြစ်ကြောင်း ပါလက်စတိုင်း ကျန်းမာရေးအာဏာပိုင်များက ယမန်နေ့တွင် ကြေညာခဲ့သည်။

အလားတူ အစ္စရေးဘက်ခြမ်းတွင် သေဆုံးသူဦးရေမှာ ၁၂၀၀ ခန့်ရှိကြောင်း သိရသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**





# ဖိလစ်ပိုင်နိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ရှစ်ဦးရှိလာ

**မနီလာ နိုဝင်ဘာ ၁၉**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ နိုဝင်ဘာ ၁၇ ရက်က ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ရှစ်ဦးအထိ ရှိလာကြောင်း ဖိလစ်ပိုင် သဘာဝဘေးအန္တရာယ် အေဂျင်စီက ယနေ့ သတင်းထုတ်ပြန်သည်။

သေဆုံးသူအရေအတွက်ကို အတည်ပြုရန် ရှိနေသေးကြောင်း၊ ပြည်နယ်တာဝန်ရှိသူများက စဉ်ဆက်မပြတ် အကဲဖြတ်မှုများ ပြုလုပ်နေကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ပြောကြားသည်။ Davao Occidental ပြည်နယ်တွင် တစ်ဦး၊ South Cotabato ပြည်နယ်တွင် သုံးဦးနှင့် Sarangani ပြည်နယ်တွင် လေးဦး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင် သဘာဝဘေးအန္တရာယ် အေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူ ၁၅၀၀ ကျော် ထိခိုက်ခဲ့ပြီး စာသင်ကျောင်းများ၊ အစိုးရဌာနများ၊ တံတားများ၊ လမ်းမကြီးများနှင့် ပုဂ္ဂလိကအဆောက်အအုံများ အပါအဝင် အိမ်ခြေ ၅၀ ခန့်နှင့် အဆောက်အအုံ ၇၀ ကျော် ပျက်စီးခဲ့သည်။ ပျက်စီးသွားသော လမ်းအချို့မှာ ဖြတ်သန်းသွားလာမှုမပြုနိုင်သေးကြောင်း အေဂျင်စီက ဆိုသည်။

ငလျင်သည် နိုဝင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၄ မိနစ်တွင် Davao Occidental ပြည်နယ်ရှိ Sarangani မြို့၏ အနောက်မြောက်ဘက် ၃၄ ကီလိုမီတာခန့်နှင့် အနက် ၇၂ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အလှူဒါနပြုကြသူငါ

ခင်သန်းမြင့်

ပြီးခဲ့တဲ့ရက်ပိုင်းက ရပ်ကွက်ဓမ္မာရုံမှာ ဆွမ်းအောင်ပွဲအဖြစ် လှူဒါန်းကျွေးမွေးတဲ့ စတုဒိသာအလှူပွဲလေးတစ်ခုကို ကျွန်မ တကူးတက သွားစားဖြစ်တယ်။ တကူးတကဆိုတာ ဓမ္မာရုံက ရင်းနှီးတဲ့ ဓမ္မမိတ်ဆွေတွေက ဆက်ဆက်ကြွလှမ်းခဲ့ဖို့မှာလို့ပါ။ ညနေပိုင်း ကျွန်မ ရောက်တဲ့အချိန်မှာ အကျွေးအမွေးကစနေပြီ။ စတုဒိသာဆိုတဲ့အတိုင်း အရပ်လေးမျက်နှာကလူကြီး၊ လူငယ်၊ ကလေးတွေကအစ လက်လုပ် လက်စား၊ ဆိုက်ကားဆရာတွေအဆုံး လူတန်းစားမရွေး အားရပါးရ စားသောက်နေကြတာတွေ့ရတယ်။

ဟင်းက ဘဲဥ၊ ပဲဟင်း၊ ငံပြာရည်ချက်ဆိုတော့ကာ အစပ်အဟပ် တည့်တော့ အများစုက ထမင်းတစ်ပန်းကန်နဲ့ မတင်းတိမ်နိုင်ကြဘူး။ အနည်းဆုံး နှစ်ပန်းကန်၊ သုံးပန်းကန်အထိ စားနိုင်ကြတယ်။ ပဲဟင်း လိုက်ပွဲ လိုက်ထည့်ပေးတဲ့သူတွေလည်း လက်မလည်ရှာဘူး။ ကုန်ကျ စရိတ်က ငွေကျပ် ငါးသိန်းကျော် ခြောက်သိန်းနီးပါးရှိတယ်လို့ သိရ တယ်။ ကျွန်မဖြင့် ဟိတ်ဟန်မရှိ အားရပါးရသုံးဆောင်နေကြတဲ့ လူတွေကိုကြည့်ပြီး အလှူရှင်တွေကိုယ်စား ဝမ်းမြောက်ပီတိဖြစ်ရ တယ်။

## ကျေးလက်အလှူ

ကျေးလက်တောရွာဘက်က အလှူပွဲတွေဆိုရင် ပိုပြီးပျော်ရွှင် ကြည်နူးစရာကောင်းတယ်။ ဆိုင်းတို့၊ အငြိမ့်တို့ ပွဲလမ်းသဘင်တွေ၊ ပွဲဈေးတန်းတွေနဲ့ စည်ကားလိုက်တာလွန်ရော။ မှတ်မိသေးတယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ နီးပါး ၁၉၉၄ ခုနှစ်က ကွမ်းခြံကုန်းနဲ့ ဒေးဒရဲ အစပ်က ကျေးရွာတစ်ရွာမှာ ရှင်ပြုအလှူတစ်ခုကို ကျွန်မ ရောက်ဖြစ်တယ်။ အလှူရှင်မိတ်ဆွေမိသားစုက အလှူပွဲရက်မတိုင်ခင် ညမှာ ဆိုင်းပါထည့်ပြီး ဧည့်ခံတော့ ရွာနီးချုပ်စပ်ကလာတဲ့သူတွေ၊ ပွဲဈေးတန်းတွေနဲ့ တိုးမပေါက်အောင် စည်ကားလိုက်တဲ့ဖြစ်ခြင်း။ ညသန်းခေါင်ကျော်တဲ့အထိပါပဲ။

မနက်ကျတော့လည်း ထမင်းကျွေးတဲ့ အလှူမဏ္ဍပ်ရုံကြီးမှာ လူတော်တော်နဲ့မစဲဘူး။ တစ်သုတ်ပြီးတစ်သုတ်၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့ လာရောက်စားသုံးကြတာ။ တကယ့်ကို အားရစရာကြီး။ ဟင်းက ငါးခြောက်ထောင်းကြော်နဲ့ ပဲဟင်း။ တောရွာဓလေ့ထုံးစံအတိုင်း စားလိုက်ကြတာမှ ဝက်ဝက်ကွဲပဲ။ ငါးခြောက်ထောင်းကြော်တွေကို အလှူနေ့မတိုင်ခင်ကတည်းက ကြော်ပြီး ရာဝင်အိုးတွေနဲ့ ထည့်လှောင် ထားတာ။

ပြောရမယ်ဆိုရင် ဒီလိုအလှူမျိုးဟာ အလှူရေစက်လက်နဲ့မကွာ လှူဒါန်းလေ့ရှိကြတဲ့ ကျွန်မတို့ဗုဒ္ဓဘာသာ မြန်မာနိုင်ငံမှာ အဆန်း တကြယ်မဟုတ်ပေမယ့် ရေခြားမြေခြား နိုင်ငံရပ်ခြားမှာတော့ ဒီလို မီးခိုးတိတ် ရွာလုံးကျွတ်လှူဒါန်းဖို့ အင်မတန်ခက်ခဲမှာပေါ့။ လှူဒါန်း တဲ့တိုင် ဒါနကုသိုလ်နဲ့ပတ်သက်ပြီး ဘယ်လိုရည်ရွယ်ချက်နဲ့ လှူဒါန်း ဖို့၊ ဘယ်လိုစိတ်ထားမျိုး မွေးမြူလှူဒါန်းဖို့ သိဖို့ခက်တာပေါ့။

## အလှူခံပုဂ္ဂိုလ်ရဲ့အကျိုးကို ဦးတည်

ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေကတော့ သံဃာတော် အရှင်သူမြတ်တွေရဲ့ ဟောဖော်ညွှန်ပြဆိုဆုံးမမှုကြောင့် ဘယ်လိုရည်ရွယ် ချက် ဘယ်လိုစိတ်ထားနဲ့ လှူရမယ်ဆိုတာသိကြတယ်။ ပါမောက္ခချုပ် ဆရာတော်ကြီး အရှင်နန္ဒမာလာဘိဝံသက "မဟာဒါန" ဆိုတဲ့ တရားတော်မှာ **"လှူကတည်းက အများအတွက် လှူရမယ်။ အလှူခံ ပုဂ္ဂိုလ်ရဲ့အကျိုးကို ဦးတည်ရမယ်။ အလှူခံပုဂ္ဂိုလ်ရဲ့အကျိုးကို ကြည့်ပြီးတော့ လှူတာဟာ အင်မတန်မွန်မြတ်တယ်လို့ ပြောရမယ်။ အလှူခံပုဂ္ဂိုလ်အပေါ် မေတ္တာထားမယ်။ စေတနာ၊ ကရုဏာထားမယ်။ မြော်တွေးရင် အရောင်းအဝယ်ဖြစ်သွားမယ်။ ဆုမတောင်းရဘူးလို့ ပြောတာတော့မဟုတ်ဘူး။ အလှူခံပုဂ္ဂိုလ်ရဲ့အကျိုးကို ကြည့်ပြီးတော့ လှူလိုက်တယ်။ လှူပြီးတဲ့အခါကျတော့မှ ကိုယ့်ဆန္ဒထုတ်ဖော် တာ။ ဒီလိုလှူရတဲ့ကုသိုလ်ဟာ သူ့ဟာသူ အကျိုးပေးမှာပဲ။ တောင်းသည်ဖြစ်စေ၊ မတောင်းသည်ဖြစ်စေ ကိုယ်က ဘာကိုရချင် သလဲ၊ ဒီကုသိုလ်ကောင်းမှုဟာ ဘာကိုဦးတည်အကျိုးပေးစေချင် သလဲဆိုတာ ကိုယ်လိုချင်တဲ့ဆန္ဒကို ထုတ်ဖော်တာ။ ဒါဆုတောင်းတယ် ခေါ်တာနော်။**

**လှူတယ်ဆိုတာ အပြန်အလှန်မျိုး မဖြစ်စေရဘူး။ ပူဇော်တယ်၊ ချီးမြှောက်တယ်လို့နှစ်မျိုးရှိတယ်။ ကိုယ့်ထက်မြင့်တဲ့ပုဂ္ဂိုလ်၊ သီလ သမာဓိရှိတဲ့ပုဂ္ဂိုလ်တွေကို ကျောင်းဆောက်ပြီးတော့ ပူဇော်တယ် ဒါမှမဟုတ် သင်္ကန်းနဲ့ပူဇော်တယ်။ သူရဲ့သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေကိုပူဇော်တယ်။ ဒါပူဇော်တာ။ လိုအပ်နေတဲ့ပုဂ္ဂိုလ်တွေ ကိုတော့ ချီးမြှောက်တယ်။ ဘာနဲ့ချီးမြှောက်လဲ။ သူစားစရာမရှိဘူး၊ စားစရာပေးလိုက်တယ်။ နေစရာမရှိဘူး၊ နေစရာပေးလိုက်တယ်။ ဝတ်စရာမရှိဘူး၊ ဝတ်စရာပေးလိုက်တယ်။ ဒါ ချီးမြှောက်တာ။ အဲဒီ ချီးမြှောက်မှုတွေဟာ လှူသူအတွက် မဖြစ်စေရဘူး။ ယူသူအတွက် ဖြစ်စေရမယ်။ အလှူခံပုဂ္ဂိုလ်မှာ ရရှိတဲ့အတိုင်းအတာကိုကြည့်ပြီး အလှူဒါနရဲ့ကောင်းမြတ်မှုကို ဆုံးဖြတ်ရမယ်"**တဲ့။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေအဖို့ အင်မတန် မှတ်သားနာယူစရာပါ။

## အထက်အညာဒေသက ရှင်ပြုအလှူပွဲ

ကျွန်မ ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် မမြင်တွေ့ရပါဘဲနဲ့ ဆောင်းပါးစာပေထဲကတစ်ဆင့် ယခုတိုင် မှတ်မှတ်ရရ ကြည်နူးပီတိ ဖြစ်ခဲ့တဲ့ အထက်အညာဒေသက ရှင်ပြုအလှူပွဲလေးတစ်ပွဲလည်း ရှိပါသေးတယ်။

အဲဒီအလှူပွဲကတော့ မုံရွာတစ်ဖက်ကမ်း ဆားလင်းကြီးမြို့နယ် တောင်ပလူရွာနားက ကန်ကြီးအောင်ရိပ်သာမှာပြုလုပ်ခဲ့တဲ့ အလှူပွဲ လေးကို မန္တလေးက ဆရာမကြီး လူထုဒေါ်အမာက တက်ရောက်ရင်း ရေးဖွဲ့ခဲ့တာပါ။ အလှူ့ဒါယကာက အလှူနေ့မှာ သူ့အလှူလာသူတွေကို "ဝက်သားပြောင်"ကျွေးတာတဲ့။ ဝက်သား "ပြောင်ကျွေး" ဆိုတာ ဝက်သားနီဟင်း အိုးကြီးချက်ကို ဘာနဲ့မှမရောဘဲ အရောအနှောမရှိ ကျွေးတာကို "ပြောင်ကျွေး"လို့ ဒေသကသုံးကြတယ်။ ဝက်သားနီချက် အပြင် ကုလားပဲဟင်းချို၊ ပုစွန်ခြောက်နဲ့ ငရုတ်သီးကြော်၊ ပဲတီချဉ်နဲ့ပါ တွဲဖက်ပြင်ဆင်ထားတော့ တောင်ပလူရွာနဲ့ သာယာကုန်း နှစ်ရွာက ရွာရှိလူကုန် အိမ်လုံးကျွတ် လူ ၁၂၀၀ အပြင် ရွာနီးချုပ်စပ် ကျေးရွာတွေ ကလည်း သတင်းကြားလို့လာစားကြတာနဲ့ အားလုံး လူ ၁၈၀၀ လောက် ကျွေးမွေးလှူဒါန်းရတယ်လို့ ဆိုပါတယ်။

ဆန်က အလှူနေ့ကချည်း ၁၈ တင်း၊ ဝက်သားက ၁၈၃ ပိဿာ ကုန်တယ်လို့ဆိုတယ်။ အလှူမတိုင်ခင် တစ်ရက်၊ နှစ်ရက် အကြို ကျွေးတာတင် ဝက် ၂၅ ပိဿာလောက်ကုန်သတဲ့။ အကျွေးအမွေးချည်း နှစ်သိန်းကုန်သတဲ့။ အလှူရှင်က မန္တလေးက။ ရတနာပုံထီဆိုင်က ထီပေါက်လို့တဲ့။ ဆရာမကြီး လူထုဒေါ်အမာက ဒီဆောင်းပါးစာစု လေးကို ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် မိုးဂျာနယ်မှာ ရေးဖွဲ့ခဲ့ တာဖြစ်ပါတယ်။ ဆောင်းပါးစာစုလေးက ဘယ်အချိန် ပြန်ဖတ်ဖတ် မရိုးနိုင်သလို ကြည်နူးစရာကောင်းနေဆဲပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ က ငွေကျပ် နှစ်သိန်းနဲ့ လူပေါင်းထောင်ချီကျွေးမွေးလှူဒါန်းခဲ့တာကို ဖတ်ရတော့ ယခုခေတ် ကုန်ဈေးနှုန်းနဲ့ နှိုင်းယှဉ်ကြည့်ပြီး တကယ့် အံ့သြဘနန်းလည်း ဖြစ်ရတယ်။

## အလှူရေစက်လက်နဲ့မကွာ

ဒါပေမဲ့ ခေတ်တွေဘယ်လိုပဲပြောင်းပြောင်း မြန်မာလူမျိုးတွေ ကတော့ အလှူရေစက်လက်နဲ့မကွာ တတ်စွမ်းသမျှ လှူကြတန်းကြ ဆဲပါပဲ။ လက်ရှိ ကထိန်ရာသီကာလမှာလည်း လမ်းထောင့်က ဆိုက်ကားဂိတ်ကအစ ကထိန်ခင်းဖို့ ပဒေသာပင်တွေ သီးနေကြပါပြီ။ အလှူဒါနဆိုတာကလည်း လှူစရာပစ္စည်းဝတ္ထုရယ်၊ လှူချင်တဲ့၊ လှူတတ်တဲ့ စေတနာရယ် ဒီနှစ်ခုပေါင်းစပ်လိုက်တဲ့အခါမှ အလှူအထ မြောက်ခြင်းဆိုတာ ဖြစ်လာတာပါ။ စေတနာက အကျိုးပေးတယ် ဆိုပေမယ့် စေတနာချည်းသက်သက် ပစ္စည်းမပါဘဲနဲ့တော့ အလှူအထ မမြောက်နိုင်သလို ဝတ္ထုပစ္စည်းရှိပေမယ့်လည်း လှူချင်တဲ့ စေတနာမပါ ပြန်ရင်လည်း အထမမြောက်နိုင်ပါဘူး။

မြန်မာလူမျိုးတွေအဖို့ကတော့ များသောအားဖြင့် အလှူအတန်း မှာ လက်မနှေးတဲ့ စိတ်စေတနာကောင်းတွေက ကိုယ်စီရှိနှင့်ပြီးသား ပါ။ လှူစရာပစ္စည်း ပေါပေါများများရှိဖို့ပါပဲ။ လက်ရှိမှာ အထက်အညာ ဒေသအချို့မှာ မငြိမ်းချမ်းတော့ အရင်က ဖြော်သံ၊ စည်သံတညံညံနဲ့ အလှူရေစက်လက်နဲ့မကွာ နေထိုင်လာကြတဲ့ ဒေသခံပြည်သူအချို့ ဟာ လှူဖို့တန်းဖို့နေနေသာသာ အိုးပစ်အိမ်ပစ် ထွက်ပြေးတိမ်းရှောင် နေကြရတယ်။ အင်မတန် ဝမ်းနည်းကြေကွဲစရာပါ။

တကယ်တော့ မြန်မာ့ကျေးလက်ဒေသတောရွာတွေရဲ့ သက်ဝင် ခမ်းနားမှုနဲ့ ရွာရဲ့ကျက်သရေမင်္ဂလာဟာ ဖြော်သံ၊ စည်သံ တညံညံနဲ့ ရှင်ပြုနားသအလှူမင်္ဂလာပွဲတွေ၊ ဆယ့်နှစ်လရာသီ ဘုရားပွဲတော်တွေပဲ ဖြစ်ပါတယ်။ ကိုယ့်ရပ်ကိုယ့်ဒေသ ငြိမ်းချမ်းသာယာဖို့၊ စည်ပင်ဝပြော ဖို့ဆိုတာ ဒေသခံတွေကိုယ်တိုင် ပူးပေါင်းတည်ဆောက်ကြရမှာပဲ ဖြစ်ပါတယ်။ ။



> **"ခေတ်တွေဘယ်လိုပဲပြောင်းပြောင်း မြန်မာလူမျိုးတွေကတော့ အလှူရေစက်လက်နဲ့မကွာ တတ်စွမ်းသမျှ လှူကြတန်းကြဆဲပါပဲ။ လက်ရှိ ကထိန်ရာသီကာလမှာလည်း လမ်းထောင့်က ဆိုက်ကားဂိတ်ကအစ ကထိန်ခင်းဖို့ ပဒေသာပင်တွေ သီးနေကြပါပြီ။ အလှူဒါနဆိုတာကလည်း လှူစရာပစ္စည်းဝတ္ထုရယ်၊ လှူချင်တဲ့၊ လှူတတ်တဲ့ စေတနာရယ် ဒီနှစ်ခုပေါင်းစပ်လိုက်တဲ့အခါမှ အလှူအထမြောက်ခြင်းဆိုတာ ဖြစ်လာတာပါ။ စေတနာက အကျိုးပေးတယ်ဆိုပေမယ့် စေတနာချည်းသက်သက် ပစ္စည်းမပါဘဲနဲ့တော့ အလှူအထမမြောက်နိုင်သလို ဝတ္ထုပစ္စည်းရှိပေမယ့်လည်း လှူချင်တဲ့စေတနာမပါပြန်ရင်လည်း အထမမြောက်နိုင်ပါဘူး"**

# ရေကြည်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ဆေးကုသပေးလျက်ရှိ



**ပုသိမ် နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန ပုသိမ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ရေကြည်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ယနေ့နံနက်ပိုင်းတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အထူးကုဆရာဝန်ကြီးများ၏ အခမဲ့ဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးကာ အထူးကုဆရာဝန်ကြီးများအား လက်ဆောင်ပစ္စည်းများနှင့် ဆေးလာရောက်ကုသသည့်လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။ အထူးကုဆရာဝန်ကြီးများက အထွေထွေရောဂါကုလူနာ ၂၄၈ ဦး၊ မျက်စိရောဂါကုလူနာ ၁၃၃ ဦး၊ အရိုး၊ အကြော၊ အဆစ်လူနာ ၈၉ ဦး၊ ခွဲစိတ်လူနာ ၂၂ ဦး၊ ကလေးလူနာ ၁၄ ဦး၊ သားဖွားမီးယပ်လူနာ ၂၈ ဦး၊ သွားနှင့်ခံတွင်းလူနာ ၆၅ ဦး စုစုပေါင်းလူနာ ၅၉၉ ဦးအား အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံးရှိ ဇင်းဘောင်ရိပ်သာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဖျာပုံမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းကျွန်းပတ်တာ နွေစပါးရေရရှိရေးနှင့် ရေအားမာန်သမဝါယမအသင်းပိုင်လယ်မြေများအား နွေစပါးရေတိုးတက်ပေးဝေနိုင်ရေးအတွက် ဆောင်ရွက်နေမှုအပေါ် မေးမြန်းဆွေးနွေးခဲ့ရာ ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်းရှိ ရေအားမာန်သမဝါယမစိုက်ကွင်းများ နွေစပါးရေရရှိရေးဆောင်ရွက်နေသည့် MDC–7 မြောင်းတူးဖော်နေမှုနှင့် ဝါးချောင်းရေတံခါးအတွင်း ရေချိုလေလွင့်ဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်ထားမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ အဆိုပါ နွေစပါးဧက ၁၀၀၀ ကျော်ခန့် အကျိုးပြုမည့် MDC–7 မြောင်း/ဖလက်မြောင်းသည် လုပ်ငန်းပမာဏ အလျား ပေ ၂၁၈၄၀ (၁၆၉၆၈ ကျင်း) ရှိပြီး ယနေ့အထိ ၃၅၀၃ ပေ (၂၄၁၇ ကျင်း) ဆောင်ရွက်ပြီးစီးပြီဖြစ်၍ လုပ်ငန်းများအားလုံး နွေစပါးအောင်ရေအမီ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ တတိယပတ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Tr Kay Patricia” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်နေ ကေသွယ်ထွန်း(၅၂)နှစ်အား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ “Ko Myat Yun Ara Kan” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံရပ်ကွက်နေ စံရွှေမောင်အား နံနက် ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး／ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၁-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၈၀ | ၂၁၆၀ | ၂၁၄၀ | ၂၂၄၀ | ၂၂၅၅ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၅ | ၂၁၉၅ | ၂၄၂၅ | ၂၈၆၀ |
| 95 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၂၉၅ | ၂၂၇၀ | ၂၃၇၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၅၅ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၆၅ | ၂၁၇၅ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၅ | ၂၄၄၀ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၀၁ | ၂၀၇၄ |
| 95 Ron | ၂၁၂၉ | ၂၂၀၅ |
| HSD (500 ppm) | ၂၀၁၈ | ၂၀၈၇ |
| HSD (50 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (10 ppm) | ၂၁၀၈ | ၂၁၇၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တပ်ကုန်းမြို့၌ စာပေစကားဝိုင်းကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၁၉**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင်များ ပူးပေါင်းကာ စာပေစကားဝိုင်းကို ယနေ့မွန်းလွဲ ၁ နာရီခွဲက အဆိုပါဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျင်းပသည်။

အဆိုပါစာဖတ်ပိုင်းတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်စာအုပ် စာစောင်ချစ်မြတ်နိုးသူများအသင်းအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကြည်(မောင်ကြည်မူ–ပျဉ်းမနား)နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းဝင်းမြင့်(မြကျောက်အေးချမ်း)၊ဦးမျိုးမြင့်(မျိုးမြင့်–မြန်မာစာ)၊ ဒေါ်သင်းသင်းလှိုင်(သင်းသင်းလှိုင်–တပ်ကုန်း ) တို့က စာပေဝါသနာပါသူများနှင့်အတူ စာရေးဆရာ မောင်ခင်မင်ရေးသားထားသည့် “အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ”စာအုပ်တွင်ပါရှိသည့် လူငယ်တွေအတွက် လူကြီးတွေပြင်ဆင်သင့်တဲ့အရာများ၊ အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ၊ ဆရာမတိုက်ကျွေးသော အားဆေးစကား၊ စိန်ခေါ်ကြစေချင်ပါသည်၊ စိတ်ကူးလမ်းကြောင်းအပိတ်အဖွင့်၊ ပညာတတ်ဖို့စာဖတ်ရမည်၊ ဂုဏ်ယူစရာကြိုးစားစရာ၊ ချစ်သမီးကလေးများအတွက် ခေါင်းစဉ်များဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တပ်ကုန်းမြို့နယ်ရုံးအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတများရရှိစေရန်အတွက် Online မှတစ်ဆင့် အသိပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် စာဖတ်ဝိုင်းများကိုလည်း လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ပသို့ တင်ပို့လျက်ရှိသည့် လားရှိုးမြို့ လွယ်လွမ့်ကျေးရွာရှိ ရှမ်းရိုးရာ တိုးနရား၊ ကိန္နရီ၊ ကိန္နရာနှင့် တူရိယာလုပ်ငန်း

တွေ့ဆုံမေးမြန်း - နန်းသန္တာဦး
ဓာတ်ပုံ - စိုင်းထွန်း(လားရှိုး)

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသအတွင်း ထွက်ရှိသည့် ကုန်ကြမ်းများအပေါ် အခြေခံ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးအားပေးမြှင့်တင်နိုင်ရန် One Region One Product အစီအစဉ်များကို တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လားရှိုးမြို့ လွယ်လွမ့်ကျေးရွာရှိ ရှမ်းရိုးရာ တိုးနရား၊ ကိန္နရီ၊ ကိန္နရာနှင့် တူရိယာလုပ်ငန်းရှင် ဦးစိုင်းမောဝ်နှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ရပါသည်။

**မေး။ ။ ရှမ်းရိုးရာ တိုးနရား၊ ကိန္နရီ၊ ကိန္နရာနှင့် တူရိယာလုပ်ငန်းကို ဘယ်အချိန်က စတင်ဆောင်ရွက်ခဲ့ပါသလဲ။**

ဖြေ။ ။ ၂၀၀၀ ပြည့်နှစ်လောက်မှာ ကျွန်တော်တို့ မိဘတွေလက်ထက်က စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းမှာ ကျွန်တော်တို့ အမွေဆက်ခံ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် အသုံးပြုတဲ့ကုန်ကြမ်းတွေကို သိပါရစေ။**



ဖြေ။ ။ ရှမ်းရိုးရာ တိုးနရား၊ ကိန္နရီ၊ ကိန္နရာနဲ့ အိုးစည်၊ ဗုံမောင်းတွေ ဆောင်ရွက်ဖို့အတွက် ပိုးမထိုးတဲ့ ယမနေသား၊ အဆစ်ပိတ်ဝါးမျိုးဖြစ်တဲ့ ဝါးနက်၊ နွားသားရေ၊ လျှော်ကြိုးတွေ၊ ကြေးနန်းကြိုးတွေ၊ သဘော်ဆေးတွေ၊ ကတ္တီပါစတွေ၊ သိုးမွေးစတွေ၊ အလှဆင်ဘော်ကြယ်တွေနဲ့ ဇာကပ်ပန်းတွေ လိုအပ်ပါတယ်။

**မေး။ ။ ရှမ်းရိုးရာတိုးနရားလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်ကို သိပါရစေ။**

ဖြေ။ ။ တိုးနရားဆောင်ရွက်ဖို့အတွက် ပထမဦးဆုံး ဝါးနက်အရင့်ကို ပိုးမထိုးအောင် မီးမြိုက်ရပါတယ် ။ မီးမြိုက်ပြီးတဲ့အခါမှာ တိုးနရားရဲ့ခန္ဓာကိုယ်ရရှိအောင် ပေါင်ခွေရပါတယ်။ တစ်ချိန်တည်းမှာပဲ တိုးနရားဦးခေါင်းအတွက် ယမနေသားကို တိုးနရားဦးခေါင်းပုံဖော်ပြီး တစ်နှစ်ခန့် အခြောက်ခံထားတဲ့ ဦးခေါင်းအကြမ်းထည်ကိုမှ ကော်ပတ်စားပြီး အဆင့်ဆင့်ဆေးမှုတ်ဆောင်ရွက်ရပါတယ်။ အမျိုးသမီးလုပ်သားတွေအနေနဲ့ကတော့ တိုးနရားရဲ့ခန္ဓာကိုယ်အတွက် ကတ္တီပါစ သို့မဟုတ် သိုးမွေးစတွေကို အလှဆင်ချုပ်လုပ်ရပါတယ်။ တိုးနရားတစ်ကောင်ရရှိဖို့အတွက် လုပ်သားငါးဦးခန့်လိုအပ်ပြီး လေးရက် ငါးရက်ခန့် အချိန်ယူဆောင်ရွက်ရပါတယ်။



**မေး။ ။ ရှမ်းရိုးရာ ကိန္နရီ၊ ကိန္နရာလုပ်ငန်း ဆောင်ရွက်ပုံ အဆင့်ဆင့်ကိုလည်း သိပါရစေ။**

ဖြေ။ ။ ကိန္နရီ၊ ကိန္နရာ ဆောင်ရွက်ဖို့အတွက်ဆိုရင်လည်း ဝါးဆစ်ပိတ်ဝါးမျိုးဖြစ်တဲ့ ဝါးနက်ကိုပဲ ပိုးမထိုးအောင် မီးမြိုက်ဆောင်ရွက်ရပါတယ်။ အရင်ဆုံး ကိန္နရီ၊ ကိန္နရာရဲ့ ကိုယ်ထည်ရရှိအောင် ဖဲစ သို့မဟုတ် ဇာစတွေကို ဘော်ကြယ်တွေထိုးပြီး အလှဆင်ချုပ်လုပ်ရပါတယ်။ အရောင်အနေနဲ့ကတော့ ဝယ်ယူသူတွေအကြိုက် ချုပ်လုပ်ပေးပါတယ်။ အများအားဖြင့် ရွှေဝါရောင်နဲ့ အစိမ်းရောင်တွေ မှာယူမှုများပါတယ်။ တောင်ပံအနေနဲ့ကတော့ ကတဲ့အခါမှာ အနေတော်ဖြစ်အောင် တောင်ပံလေးထပ် ချုပ်လုပ်ပေးပါတယ်။ ချုပ်လုပ်ထားတဲ့ တောင်ပံတွေထဲကို ဝါးချောင်းလေးတွေ ထည့်သွင်းပြီး ထိပ်မှာ သိုးမွေးလုံးတွေနဲ့ ထပ်မံအလှဆင်ရပါတယ်။ ကိန္နရီ၊ ကိန္နရာကတဲ့အခါမှာ ခိုင်ခံ့မှုရှိစေဖို့အတွက် ခါးနဲ့ လက်မှာချည်ဖို့ ကြိုးတွေကိုလည်း တပ်ဆင်ရပါတယ်။ တော်တော်လေးကို အနုစိတ်ဆောင်ရွက်ရတဲ့ လက်မှုလုပ်ငန်းဖြစ်ပါတယ်။

**မေး။ ။ ရှမ်းရိုးရာအိုးစည်၊ဗုံမောင်းအမျိုးအစားတွေနဲ့ ဆောင်ရွက်ပုံအဆင့်ဆင့်ကိုလည်း သိပါရစေ။**

ဖြေ။ ။ အိုးစည်သားအတွက်တော့ယမနေသစ်ကို အသုံးပြုပါတယ်။ အခြောက်ခံထားတဲ့သစ်လုံးကို လိုအပ်တဲ့ အရွယ်အစားအတိုင်း စက်နဲ့ထွင်းပါတယ်။ ပြီးရင် ကော်ပတ်စား၊ သဘော်ဆေး သုတ်ပါတယ်။ နွားသားရေကို လိုအပ်တဲ့ အတိုင်းအတာရရှိအောင် ဖြတ်တောက်ပြီး အမွှင်မရှိအောင် ကော်ပတ်စားပါတယ်။ ပြီးရင် ရေစိမ်ပြီး နိုင်လွန်ကြိုးနဲ့ သားရေကို တင်းအောင်ဆွဲပြီး အခြောက်ခံပါတယ်။ ပြီးတော့ ဗုံမျက်နှာပြင်မှာ တပ်ဆင်ပါတယ်။ အိုးစည်အမျိုးအစားအနေနဲ့ကတော့ အမျိုးသားတွေတီးခတ်တဲ့ ခုနစ်ပေ၊ ခြောက်ပေ အမြင့်ရှိတဲ့ ဗုံရှည်အမျိုးအစားနဲ့ အမျိုးသမီးတွေတီးခတ်တဲ့ မျက်နှာပြင်တစ်ဖက်တီး ဗုံတိုနဲ့ မျက်နှာပြင်နှစ်ဖက်တီး ဗုံတိုတွေဖြစ်ပါတယ်။ ဗုံရှည်တစ်လုံး ရရှိဖို့အတွက် လုပ်သား ငါးဦးခန့်လိုအပ်ပြီး လေးရက် ငါးရက်ခန့် အချိန်ယူ ဆောင်ရွက်ရပါတယ်။ မောင်းဆိုင်းအနေနဲ့ကတော့ သုံးလုံး၊ ငါးလုံး၊ ခြောက်လုံး၊ ခုနစ်လုံးဆိုင်းဆိုပြီးရှိပါတယ်။ မောင်းဆိုင်းမှာတပ်ဆင်ဖို့အတွက် မောင်းကို လိုအပ်တဲ့ အရွယ်အစားအလိုက် မန္တလေးက မှာယူတပ်ဆင်ပါတယ်။ လိုအပ်တဲ့လင်းကွင်းကိုလည်း မန္တလေးကပဲ လှမ်းပြီးမှာယူပါတယ်။

**မေး။ ။ ရှမ်းရိုးရာ တိုးနရား၊ ကိန္နရီ၊ ကိန္နရာနဲ့ တူရိယာပစ္စည်းတွေကို ဘယ်ဒေသတွေက အဓိက ဝယ်ယူကြပါသလဲ။ ပြည်ပကို ပို့တာတွေရှိပါသလား။**

ဖြေ။ ။ ပြည်တွင်းအနေနဲ့ကတော့ ရှမ်းပြည်နယ်တောင်ပိုင်းက မြို့တွေ၊ ရှမ်းပြည်နယ်မြောက်ပိုင်းက မြို့တွေ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာဆိုရင် ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းလား၊ တာလေ၊ မြန်မာနိုင်ငံအတွင်းမှာ ရှမ်းတိုင်းရင်းသားတွေအနေများတဲ့ ကချင်ပြည်နယ်၊ ရန်ကုန်၊ ပဲခူးနဲ့ ဧရာဝတီတိုင်းဒေသကြီးတွေကလည်း မှာယူကြပါတယ်။ ပြည်ပအနေနဲ့ကတော့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်နဲ့ ထိုင်းနိုင်ငံတို့က မှာယူကြပါတယ်။

**မေး။ ။ ဒီလုပ်ငန်းကို တစ်နှစ်ပတ်လုံး ဆောင်ရွက်ပါသလား။ ဘယ်အချိန်တွေမှာ ရောင်းအားအကောင်းဆုံးပါလဲ။**

ဖြေ။ ။ တစ်နှစ်ပတ်လုံးဆောင်ရွက်တာဖြစ်ပါတယ်။ ရောင်းအားအကောင်းဆုံး အချိန်တွေကတော့ ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပချိန်၊ သီတင်းကျွတ်ပွဲတော်ချိန်၊ ဝါကျွတ်ပွဲတော်ချိန်တွေမှာပဲ ရောင်းအားကောင်းပါတယ်။ ရှမ်းရိုးရာ တိုးနရား၊ ကိန္နရီ၊ ကိန္နရာအကတွေကို ကျွန်တော်တို့ ရှမ်းလူမျိုးတွေက မြင့်မြတ်တဲ့ဘာသာရေးပွဲတော်တွေမှာပဲ အဓိကထား ကပြလေ့ရှိကြပါတယ်။

**မေး။ ။ ဒီလုပ်ငန်းကို လုပ်သားအင်အား ဘယ်နှဦးနဲ့ လည်ပတ်ဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ မိသားစုဝင်တွေနဲ့အတူ လုပ်သားအင်အား ၁၅ ဦးခန့်နဲ့ တစ်နှစ်ပတ်လုံး လည်ပတ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနေသည်သာမက တိုင်းရင်းသားရိုးရာ လက်မှုပစ္စည်းများ မတိမ်ကောစေရေးအတွက် ခေတ်နှင့်လျော်ညီစွာ တီထွင်ဖန်တီးပြုလုပ်နေသည့် ရှမ်းရိုးရာ တိုးနရား၊ ကိန္နရီ၊ ကိန္နရာနှင့် တူရိယာပစ္စည်းလုပ်ငန်းများအကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

> **“ရောင်းအားအကောင်းဆုံးအချိန်တွေကတော့ ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပချိန်၊ သီတင်းကျွတ်ပွဲတော်ချိန်၊ ဝါကျွတ်ပွဲတော်ချိန်တွေမှာပဲ ရောင်းအားကောင်းပါတယ်။ ရှမ်းရိုးရာ တိုးနရား၊ ကိန္နရီ၊ ကိန္နရာအကတွေကို ကျွန်တော်တို့ ရှမ်းလူမျိုးတွေက မြင့်မြတ်တဲ့ဘာသာရေးပွဲတော်တွေမှာပဲ အဓိကထား ကပြလေ့ရှိ”**




# နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ဘဒ္ဒန္တ အဂ္ဂဉာနာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ ရပ်ကွက် မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက စည်ရှင်ကျောင်း ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ဘဒ္ဒန္တ အဂ္ဂဉာနာဘိဝံသ သက်တော် (၈၅)နှစ် သိက္ခာတော် (၆၆)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်း လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ ၃၃ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းဆရာတော် ဘဒ္ဒန္တ အဂ္ဂဉာနာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



၁၃၈၂ ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဘုမ္မနိုးဆင်ကျွန်းရွာ ခမည်းတော် ဦးအောင်ကျော်- မယ်တော်ဒေါ်သိန်းမိတို့မှ ၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၁၃ ရက် (တနင်္ဂနွေနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၂ ခုနှစ် ကဆုန်လဆန်း ၈ ရက်နေ့တွင် မုံရွာမြို့နယ် ဘုမ္မနိုးဆင်ကျွန်းရွာ တောင်ကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၄ ရက်နေ့တွင် မုံရွာမြို့နယ် ဘုမ္မနိုးဆင်ကျွန်းရွာ ဥဒကုက္ခေပသိမ်၌ ဆားလင်းကြီးမြို့နယ် ငါးခုန်ကျေးရွာ ဒက္ခိဏာရာမကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာ သာသနဟိတကာရီသိင်္ဂါရုံကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒေဘာသ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း ပိုက်ကျိုး ဆရာတော် ဘဒ္ဒန္တ ဇာနေယျဗုဒ္ဓိဘိဝံသ၊ အသောက ဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏဇောတျာဘိဝံသ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၂၄ ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့၊ ၁၃၂၅ ခုနှစ်တွင် ဝိနယပါဠိပါရဂူဘွဲ့၊ ၁၃၂၆ ခုနှစ်တွင် ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်နှင့် စိန်ပန်းရပ် ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတို့၌ စာသင်သားရဟန်းသာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ ၁၃၄၂ ခုနှစ်တွင် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး ပေါ်ပေါက်လာရာ ပထမငါးနှစ်သက်တမ်း၌ ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ ဒုတိယ ငါးနှစ် သက်တမ်းနှင့် တတိယ ငါးနှစ်သက်တမ်းတို့တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ ပညာရေးဗဟိုအဖွဲ့ဝင်ဆရာတော်အဖြစ်လည်းကောင်း၊ စတုတ္ထငါးနှစ် သက်တမ်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်အဖြစ်လည်းကောင်း ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယနှင့် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌမဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင်ဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဋ္ဌနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၆၀ ပြည့်နှစ်တွင် "အဂ္ဂမဟာပဏ္ဍိတဘွဲ့" နှင့် ၁၃၈၂ ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည်သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၅)နှစ် သိက္ခာတော် (၆၆) ဝါအရ ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်၊ (၁၉-၁၁-၂၀၂၃) တနင်္ဂနွေနေ့ နံနက် ၀၉:၃၃ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။



# ပွင့်ဖြူမြို့နယ်၌ မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းသဖြင့် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ နှစ်ပေခန့် ရေကျော်ကျ

**ပွင့်ဖြူ နိုဝင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းခဲ့သဖြင့် ကြီးအုံကြီးဝတမံအတွင်း မိုးရေဝင်ရောက်မှုတိုးလာခဲ့သည့်အတွက် ယနေ့နံနက် ၆ နာရီ တိုင်းထွာရာ၌ တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် တမံရေပိုလွှဲမှ နှစ်ပေခန့် ရေကျော်ကျလျက်ရှိကြောင်း အဆိုပါ ကြီးအုံကြီးဝတမံမှ တာဝန်ခံလက်ထောက် အင်ဂျင်နီယာ ဦးစိုးတင့်ထံမှ သိရသည်။

**အသိပေးနှိုးဆော်ခြင်းများဆောင်ရွက်**

အဆိုပါ တမံရေပိုလွှဲမှ ရေကျော်ကျမှုရှိသော်လည်း တမံအောက်ဘက်ရှိ ဒေသခံပြည်သူများအတွက် စိုးရိမ်စရာအခြေအနေ မရှိကြောင်းနှင့် တမံရေပိုလွှဲနှင့် ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ ယင်းတမံရေပိုလွှဲမှ ရေကျော်ကျမှုနှင့်ပတ်သက်ပြီး တာဝန်ကျဝန်ထမ်းများက အလှည့်ကျရေကင်းများ စောင့်ကြပ်ကြည့်ရှုစစ်ဆေးပြီး တမံအောက်ဘက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများသိရှိနိုင်ရန် သဘာဝဘေး အန္တရာယ်ကင်းဝေးစေရေး စီမံချက်အရ နေ့စဉ် တမံအတွင်း မိုးရေဝင်ရောက်မှုနှင့် ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေကို အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝတမံသည် မင်းဘူးခရိုင်အတွင်း ဆည်ရေအများဆုံး သိုလှောင်ထားနိုင်သည့် တမံတစ်ခုဖြစ်ကာ ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ ဖူလုံစွာ အကျိုးပြုပေးလျက်ရှိသည်။ ယခုရက်ပိုင်း မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းခဲ့သဖြင့် တမံအတွင်း မိုးရေဝင်ရောက်မှုတိုးလာသည့်အတွက် ရေအားလျှပ်စစ်စက်ရုံကို ၂၄ နာရီ စက်လည်ပတ်၍ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကိုလည်း မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ကာ ပြည်သူလူထု လျှပ်စစ်မီးသုံးစွဲနိုင်ရန် အကျိုးပြုပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ရွှေပိတောက်ငါးဈေးသို့ ရေထွက်ကုန် တစ်ရက်လျှင် ပိဿာချိန် သုံးသိန်းခွဲမှ လေးသိန်းအထိ ဝင်ရောက်လျက်ရှိပြီး နိုင်ငံတစ်ဝန်းသို့ ပုံမှန်ဖြန့်ချိရောင်းချ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးသို့ တစ်ရက်လျှင် ရေထွက်ကုန် ပိဿာချိန် သုံးသိန်းခွဲမှ လေးသိန်းအထိ ဝင်ရောက်လျက်ရှိပြီး တန်ဆောင်တိုင် ပွဲတော်ကာလအတွင်း အလှူအတန်းများချိန်၌ပင် စားသုံးမှုဖူလုံအောင် ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။

ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးနှင့် လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးတို့မှ ရန်ကုန်တိုင်းဒေသကြီးနှင့် နိုင်ငံတစ်ဝန်းသို့ ပြည်တွင်းစားသုံးမှုအတွက် ရေထွက်ကုန်ပစ္စည်းများ နေ့စဉ်ဖြန့်ချိလျက်ရှိသည်။

"ပြည်ပပို့ကုန် နည်းသွားပေမယ့် ငါးဈေးတည်ငြိမ်နေတဲ့အတွက် ပြည်တွင်းစားသုံးမှု ပုံမှန်အတိုင်း လည်ပတ်နေပါတယ်။ ပြင်ဦးလွင်၊ အညာဒေသ၊ မန္တလေးနဲ့ ပုသိမ်ကိုအများဆုံးတင်ပို့ရတယ်။ ပွဲတော်ကာလဆိုတော့ မန္တလေးနဲ့ ပုသိမ်ဘက်က ရေထွက်ကုန်ယူတာများတယ်။ အခုလို အလှူအတန်းကာလမှာ ရေချိုနဲ့ ရေငန်ငါးပိဿာချိန် သုံးသိန်းကျော်ကနေ လေးသိန်းအထိ ဝင်ရောက်နေပြီး ရန်ကုန်မြို့နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို နေ့စဉ်ရေထွက်ကုန်တွေ တင်ပို့နေပါတယ်" ဟု ရွှေပိတောက်ငါးဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျင်စောက ပြောသည်။

**ဖြန့်ဖြူးရောင်းချ**

ရွှေပိတောက် ငါးဈေးကြီးတွင် ပုစွန်နှစ်ကျပ်သားဆိုဒ် တစ်ပိဿာလျှင် ကျပ် ၂၆၀၀၀၊ လေးကျပ်သားမှ ခြောက်ကျပ်သားဆိုဒ် ကျပ် ၃၀၀၀၀၊ တစ်ဆယ်သားဆိုဒ် တစ်ပိဿာလျှင် ကျပ် ၅၀၀၀၀၊ ၁၅/၂၀ ကျပ်သားဆိုဒ် တစ်ပိဿာလျှင် ကျပ် ၆၀၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၆၃၀၀၊ ငါးကြင်း တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ ငါးတန် တစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ ရေငန် ရွှေငါး တစ်ပိဿာလျှင် ကျပ် ၄၅၀၀၊ ပလာတူး တစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ မျက်ကြွယ်တစ်ပိဿာလျှင် ကျပ် ၄၅၀၀၊ ငါးကျီးကန်တစ်ပိဿာလျှင် ကျပ် ၄၅၀၀၊ ပြည်ကြီးငါး တစ်ပိဿာလျှင် ကျပ် ၄၀၀၀၀၊ ကင်းမွန် တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀ နှင့် ရေဘဝဲတစ်ပိဿာလျှင် ကျပ် ၃၀၀၀၀ ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

ရွှေပိတောက် ငါးဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၃၈၀ နှင့် ပျံကျဆိုင်ခန်းငယ် ၈၈ ခန်းတို့ဖြင့် နေ့စဉ် နံနက် ၄ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်လျက်ရှိပြီး ကုန်ကြိုသူများ၊ ကုန်ပို့သူများဖြင့် စည်ကားလျက်ရှိသည်။

**ညီမ်းသူ(သတင်းစဉ်)**



# ကထိန်အလှူအကျိုးတရားများ

ပေါက်ပေါက်

မြန်မာပြက္ခဒိန်၏ တစ်ဆယ့်နှစ်လတွင် တန်ဆောင်မုန်းလသည် ရှစ်လမြောက်ဖြစ်ပါသည်။ "တန်ဆောင်မုန်း" ဟူသော ဝေါဟာရကို ရှေးခေတ်ကျောက်စာတို့တွင် "တန်ဆောင်မှုန်"ဟု ရေးထိုးကြသည်။ ရွတ်ဆိုခေါ်ဝေါ်ရာ၌မူကား "တန်ဆောင်မှုန်း" ဖြစ်၏။ ယင်းမှ တန်ဆောင်မုန်းသို့ ရွေ့လျားလာခြင်းဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ "တန်ဆောင်"မှာ "မီးတိုင်"၊ "မှုန်း"မှာ "ပျံ့နှံ့စေခြင်း" ဟု အဓိပ္ပာယ်ရပြီး ထိုဝေါဟာရနှစ်ခု ပေါင်းလိုက်လျှင် "ဆီမီးတိုင်များ မျက်စိတစ်ဆုံး ပွားများထွန်းလင်းနေသည်"ဟု ဆိုလိုကြောင်း မှတ်သားရပါသည်။

မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီပန်းများတွင် တန်ဆောင်မုန်းလ၏ ရာသီပန်းမှာ "ခဝဲပန်း" ဖြစ်ပါသည်။ အဝါရောင်တောက်တောက် ခဝဲပန်းကို တန်ဆောင်မုန်းလ၏ နက္ခတ်ကြိုက်ပန်းအဖြစ် မှတ်ယူကာ "ခဝဲပွင့်တုန်း တန်ဆောင်မုန်း"၊ "ခဝဲပွင့်ချိန် ခင်းကထိန်"၊ "ခဝဲလှိုင်လှိုင် တန်ဆောင်တိုင်" စသည်ဖြင့် မှတ်တမ်းတင်ကြပါသည်။ ရှေးစာဆိုကဝိအကျော်အမော်တို့က ရာသီစာသီးနှံတစ်မျိုးဖြစ်သော ခဝဲသီးပင်၏ ပန်းပွင့်ကို တစ်ဆယ့်နှစ်လရာသီတော်ဝင်ပန်းများစာရင်းတွင် တခမ်းတနား ထည့်ထားခြင်းက စိတ်ဝင်စားစရာဖြစ်နေပါသည်။

ထိုအကြောင်းအရာနှင့်ပတ်သက်၍ စာရေးဆရာကြီး မင်းသုဝဏ်က"ခဝဲပန်းကား ကဗျာဆရာတို့အဖို့ တန်ဆောင်မုန်းလ၏ ရာသီပန်းဖြစ်သည်။ တောချုံပုပ္ပေါင်း(မူရင်းသတ်ပုံ)တို့တွင် တလွန့်လွန့်တက်နေသော ခဝဲနွယ်ပင်အဆစ်တို့မှာ ဝါးကနဲ၊ ဝင်းကနဲ၊ ထိန်ကနဲ၊ လက်ကနဲ နံနက်နေရောင်ခြည်တွင် ပွင့်လန်းနေကြသော ခဝဲပန်းတို့ကို မြန်မာကဗျာဆရာတို့ လွန်စွာသတိပြုခဲ့ကြပုံရသည်။ ခဝဲပွင့်၏ ကြူသင်းသောရနံ့ကိုလည်း လွန်စွာအာရုံပြုခဲ့ကြပုံရသည်။ ထို့ကြောင့်လည်း ပန်းအများရှိသည့်အနက် ခဝဲပန်းကိုသာလျှင် ရွေးချယ်ကာ တန်ဆောင်မုန်းလ၏ ရာသီပန်းအဖြစ် တင်စားခဲ့ခြင်းဖြစ်ပေရာသည်"ဟူ၍ မှတ်တမ်းတင်ထားကြောင်း ၁၉၆၆ ခုနှစ်ထုတ် ဆရာကြီးမင်းသုဝဏ် ရေးသားသော ဖိုးသူတော်ဦးမင်း၏ သဘာဝပြက္ခဒိန်နှင့် အခြားစာများစာအုပ်ထဲတွင် လေ့လာမှတ်သားရပါသည်။

## တန်ဆောင်မုန်းလနှင့် ပွဲတော်များ

တန်ဆောင်မုန်းလသည် မြန်မာတို့၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ ရိုးရာအစဉ်အလာ ယုံကြည်သက်ဝင်မှုများဖြင့် ပြည့်နှက်နေသည်။ ဘာသာရေးဆိုင်ရာပွဲတော်နှင့် အခမ်းအနားများမှာ မီးထွန်းပွဲ၊ ကထိန်ပွဲ၊ ကျီးမနိုးပွဲ၊ မသိုးသင်္ကန်းရက်လှူပွဲ၊ ပုံ့သကူပစ်ပွဲ၊ ရှင်မာလဲပွဲနှင့် ကြာသင်္ကန်းကပ်လှူပူဇော်ပွဲ စသည်တို့ဖြစ်သည်။ အဆိုပါပွဲတော်များအနက် အထင်ရှားဆုံးမှာ ကထိန်ပွဲဖြစ်သည်။

"ကထိန်" သည် "ကထိန" ဟူသောပါဠိကို မြန်မာမှုပြုကာ မြန်မာဝေါဟာရသို့ ပြောင်းလဲထားသောအမည်ဖြစ်ပြီး "မြဲမြံခိုင်ခံ့ခြင်း"ဟု အဓိပ္ပာယ်ရသည်။ ကထိန်ဟူသည် သင်္ကန်းဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ လှူခြင်း၊ ခင်းခြင်း စသော ကထိန်အမှုနှင့်စပ်သမျှ အရာအားလုံးကို ခြုံငုံ၍ ခေါ်ဝေါ်သုံးစွဲသည့်အမည်ဖြစ်သည်။ ထို့ကြောင့် ကထိန်အာနိသင်ငါးပါးကို ကျောင်းတိုက်အပြင်ထွက်မသွားဘဲ ကျောင်းတိုက်အတွင်းတွင်သာ မြဲမြံခိုင်ခံ့နေအောင် ပြုလုပ်နိုင်စွမ်းရှိခြင်းဟု ဆိုလိုကြောင်း လေ့လာမှတ်သားရပါသည်။ ဒကာ ဒကာမများက ကထိန်ခင်းရန်

❝ ကထိန်ခင်းသည်ဆိုသည်မှာ ဥတ်သင်္ကန်း လှူခြင်းကိုသာဆိုလိုပြီး ဥတ်သင်္ကန်း လှူသူကသာ ကထိန်အလှူရှင်ဖြစ်ပါသည်။ ကထိန်ခင်းကြသည့်အခါ ဥတ်သင်္ကန်းကို ကိုယ်တိုင်လှူဒါန်းခွင့်မရသေးသရွေ့ ဘယ်သောအခါမျှ ကထိန်အလှူရှင် မဖြစ်နိုင်သေးပေ။ ထို့ကြောင့် စုပေါင်းမဟာဘုံကထိန် ခင်းကြသည့်အခါ ဥတ်သင်္ကန်းကို အများထည့်ဝင်လှူဒါန်းသည့် အလှူငွေဖြင့် ဝယ်ကြရပါမည်။ တစ်ဦးတစ်ယောက်တည်းက တာဝန်ယူပါရစေဟူ၍ လှူ၍မရ၊ လက်မခံရပါ။ ထို့ပြင် တစ်နှစ်လျှင် ကျောင်းတိုက်တစ်တိုက်၌ တစ်ကြိမ်သာ ကထိန်ခင်းခွင့်ရှိ ❞



သင်္ကန်းကို လှူဒါန်းရုံသာ လှူဒါန်းနိုင်ပြီး သံဃာများကိုယ်တိုင်ကသာ ကထိန်ခင်းရသည်။ ကထိန်သင်္ကန်းကပ်လှူပွဲသည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၂၉ ရက် တိုင်တိုင်ကာလဖြစ်ပါသည်။

## ကထိန်သင်္ကန်းဖြစ်ပေါ်လာပုံ

ကထိန်ဖြစ်ပေါ်လာပုံမှာ ဘဒ္ဒဝဂ္ဂီရဟန်းတော်ကို အကြောင်းပြု၍ မြတ်စွာဘုရားရှင်က ခွင့်ပြုပေးတော်မူခဲ့ခြင်းဖြစ်ပါသည်။ မိုးတွင်းကာလတစ်ခု၌ ဘဒ္ဒဝဂ္ဂီနှင့် ရဟန်းတော်အပါးသုံးကျိပ်တို့သည် ခြောက်ယူဇနာ(၄၈ မိုင်ခန့်) ခရီးရှည်ကို ဖြတ်သန်း၍ ဘုရားရှင်အား ဖူးမြော်ရန်လာကြသည်။ လေထဲမိုးထဲ ရွှံ့နွံထဲ ဖြတ်သန်းလာကြရသဖြင့် သင်္ကန်းများလည်း ရွှဲရွှဲစိုလေးလံလာကြပြီး လွန်စွာပင်ပန်းကြလေသည်။ ထိုခေတ်ထိုကာလတွင် အသစ်လဲလှယ်စရာ သင်္ကန်းအပိုဆောင်ရန် ခွင့်မပြုထားသေးပေ။ ထို့ကြောင့် ဘုရားရှင်က သံဃာတော်များ သင်္ကန်းကြောင့် ဝန်မလေးကြစေရန်နှင့် အလှူရှင်များလည်း စေတနာသဒ္ဓါတရားဖြင့် လှူဒါန်းနိုင်ကြစေရန်အလို့ငှာ ထိုအချိန်မှစ၍ ကထိန်ခင်းခွင့်ပြုတော်မူခဲ့သဖြင့် "ကထိန်သင်္ကန်း" ဝတ်ရုံတော် ပေါ်ပေါက်လာခြင်းဖြစ်သည်။

## ပညတ်ချက်များ

ကထိန်ခင်းရာတွင် ပညတ်များစွာရှိပါသည်။ ကျောင်းရှိသံဃာများက ဒကာ ဒကာမတို့အား ကထိန်ခင်းပေးရန် ရေလာမြောင်းပေး၊ အရိပ်အမြွက်စကားတစ်လုံးတစ်ပါဒမျှ စတင်ပြောဆိုခွင့်မပြုရပါ။ မိုးပေါ်က ရေစက်များ သူ့အလိုလိုကျလာသကဲ့သို့ ဒကာ ဒကာမများ၏ သဒ္ဓါတရားအလျောက်သာ ဖြစ်ပေါ်လာသည့် အလှူသင်္ကန်းဖြစ်ရပါမည်။ ထိုကထိန်သင်္ကန်းကို တစ်ဦးတစ်ယောက်တည်းက လှူဒါန်းနိုင်သလို အများစုပေါင်း "ဘုံကထိန်" အဖြစ်လည်း လှူဒါန်းနိုင်ပါသည်။ သံဃာတော်များ ဆင်မြန်းသည့်သင်္ကန်းသည် အမျိုးအစားသုံးမျိုးရှိပါသည်။ ၎င်းတို့မှာ "ဒုကုဋ်သင်္ကန်း" ခေါ် နှစ်ထပ်သင်္ကန်း၊ "ဧကသီ" ခေါ် အပေါ်ရုံသင်္ကန်း၊ "သင်းပိုင်" ခေါ် ခါးဝတ်သင်္ကန်းတို့ဖြစ်သည်။ ၎င်းသုံးထည်ကိုစုစည်း၍ သင်္ကန်းတစ်စုံဟု သတ်မှတ်သည်။ ၎င်းသင်္ကန်းကို သိမ်ထဲမှာသာ ကပ်ရပါသည်။ ကထိန်ခင်းထိုက်သည့် ရဟန်းကို သင်္ကန်းကပ်သည့်အခါ "ဥတ္တိဒုတိယကမ္မဝါစာ" ဆိုရသဖြင့် ကထိန်သင်္ကန်းကို "ဥတ်သင်္ကန်း" ဟု ခေါ်ကြခြင်းဖြစ်သည်။

## ကထိန်ခင်းထိုက်သောရဟန်း

ကထိန်ခင်းထိုက်သောရဟန်းဆိုသည်မှာ ပုရိမဝါကျွတ်ပြီး ပထမပဝါရဏာနေ့မှာ ပဝါရနာပြုထားသော ရဟန်း၊ ပုရိမဝါ မကျိုးမပျက်သောရဟန်း၊ ရှေးဦးပြုဖွယ် ပုဗ္ဗကရဏတို့ကိုသိခြင်း စသည့်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့်ရဟန်း၊ သံဃာက ဝိနည်းကံနှင့်အညီ ဥတ်ကမ္မဝါဖတ်ပေးမည့် ကထိန်ခင်းရန်သင်္ကန်းကို အလှူခံရရှိသည့် ရဟန်း စသည့် ကထိန်ခင်းရန် စွမ်းဆောင်နိုင်သော ရဟန်းတို့ကို ဆိုလိုပါသည်။

## ကထိန်သင်္ကန်းအကြောင်း သိမှတ်ဖွယ်

အဓိက ဥတ်သင်္ကန်းနှင့်အတူ ပဒေသာပင်တွင် ချိတ်ဆွဲထားသော သင်္ကန်းများကို "ဥတ်ရန်သင်္ကန်း" သို့မဟုတ် ကထိန်အရန်သင်္ကန်းဟု ခေါ်ပါသည်။ ကထိန်အာနိသင်ရသွားမည့် သင်္ကန်းများဖြစ်သဖြင့်လည်း "ကထိန်အာနိသင်သင်္ကန်း"ဟု ခေါ်နိုင်ပါသည်။ ကထိန်ခင်းကြသည်ဆိုရာဝယ် ကထိန်သင်္ကန်းများစွာလှူခြင်း၊ ဝတ္ထုငွေများစွာလှူခြင်းနှင့် ပဒေသာပင်များစွာပြုလုပ်ခြင်းတို့ကို မဆိုလိုပါ။ ကထိန်ခင်းသည်ဆိုသည်မှာ ဥတ်သင်္ကန်းလှူခြင်းကိုသာ ဆိုလိုပြီး ဥတ်သင်္ကန်းလှူသူကသာ ကထိန်အလှူရှင်ဖြစ်ပါသည်။ ကထိန်ခင်းကြသည့်အခါ ဥတ်သင်္ကန်းကို ကိုယ်တိုင်လှူဒါန်းခွင့်မရသေးသရွေ့ ဘယ်သောအခါမျှ ကထိန်အလှူရှင် မဖြစ်နိုင်သေးပေ။ ထို့ကြောင့် စုပေါင်းမဟာဘုံကထိန်ခင်းကြသည့်အခါ ဥတ်သင်္ကန်းကို အများထည့်ဝင်လှူဒါန်းသည့် အလှူငွေဖြင့် ဝယ်ကြရပါမည်။ တစ်ဦးတစ်ယောက်တည်းက တာဝန်ယူပါရစေဟူ၍ လှူ၍မရ၊ လက်မခံရပါ။ ထို့ပြင် တစ်နှစ်လျှင် ကျောင်းတိုက်တစ်တိုက်၌ တစ်ကြိမ်သာ ကထိန်ခင်းခွင့်ရှိပါသည်။

## ကထိန်သင်္ကန်းအလှူရှင်များ သိမှတ်ဖွယ်

အထက်တွင်ဖော်ပြထားသကဲ့သို့ ကထိန်ခင်းမည့်ကျောင်းကို သွားရောက်လှူဒါန်းခြင်းအပြင် မိမိအိမ်တွင် ပင့်လှူ၍လည်းရပါသည်။ ကျောင်းသို့ သွားရောက်လှူဒါန်းသည့်အခါ သို့မဟုတ် ဆရာတော်၊ သံဃာတော်ကို သင်္ကန်းကပ်သည့်အခါ "ဤသင်္ကန်းကို သံဃာအား လှူဒါန်းပါ၏"ဟု နှုတ်ကရွတ်ဆို၍ လှူဒါန်းရပါမည်။ ထိုသင်္ကန်းသည် လတ်တလော ကပ်လှူလက်ခံသည့် ဆရာတော်၊ သံဃာတော်က မပိုင်ဆိုင်သေးပေ။ ကျောင်းတိုက်ရှိ သံဃာအများနှင့်သာ သက်ဆိုင်ပါသည်။ မိမိတို့နေအိမ်တွင် ပင့်ဖိတ်လှူသည့်အခါမှာလည်း သံဃာတော်ကို သင်္ကန်းကပ်လှူသည့်အချိန်၌ ကထိန်ခင်းမည့်ကျောင်းတိုက်၏ ကျောင်းအမည်ကိုတပ်ပြီး လှူဒါန်းရပါမည်။ သို့မှသာ မိမိရည်စူးသည့် သံဃာက ယင်းကျောင်းတိုက်တွင် ကထိန်ခင်းခွင့်ရမည် ဖြစ်ပါသည်။

## ကထိန်သင်္ကန်းအလှူရှင်တွင်ရရှိမည့် ကုသိုလ်တရားငါးပါး

ကထိန်သင်္ကန်းကပ်လှူခြင်းကြောင့် အလှူရှင်များအနေဖြင့် သွားလေရာအရပ်ရပ်တို့၌ အနှောင့်အယှက်မရှိ ဘေးကင်းစွာ သွားလာရခြင်း၊ မိမိပိုင် စည်းစိမ်ဥစ္စာများကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ခြင်း၊ စားကောင်းသောက်ဖွယ် အထူးပေါများ၍ အစားအတွက်ဘေးမဖြစ်နိုင်၊ အဆိပ်မသင့်နိုင်ခြင်း၊ မိမိပိုင်ပစ္စည်းများကို ကာလကြာမြင့်စွာ မေ့လျော့နေသော်လည်း မဆုံးပါးနိုင်ခြင်း၊ ပစ္စည်းများရှာဖွေရာတွင် သူတကာတို့ထက်ထူး၍ အစုလိုက်အပုံလိုက်ရခြင်း၊ ရုပ်ရည်အဆင်း ချောမောလှပခြင်းဟူသော အကျိုးတရားများကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ကျမ်းဂန်များက ဆိုထားပါသည်။

## မသိုးသင်္ကန်း

"မသိုးသင်္ကန်း" ရက်လှူပူဇော်ပွဲမှာလည်း ထင်ရှားသည့်အလှူဒါနတစ်ခုဖြစ်ပါသည်။ မသိုးသင်္ကန်းဟူသည် နေ့မကူး၊ ရက်မကူးစေဘဲ တစ်ရက်အတွင်း အပြီးရက်လုပ်လှူဒါန်းရသော သင်္ကန်းဖြစ်သဖြင့် မသိုးသင်္ကန်းဟု ခေါ်ဆိုခြင်းဖြစ်သည်။ မသိုးသင်္ကန်းကို ကထိန်ကာလ၏ နောက်ဆုံးနေ့ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့မတိုင်မီ လဆန်း ၁၄ ရက် ညနေပိုင်းတွင် စတင်ရက်လုပ်ကြပြီး လပြည့်နေ့ အရုဏ်မတက်မီ အပြီးချုပ်လုပ်ကာ ကပ်လှူကြပါသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် တစ်နှစ်လျှင် တစ်ကြိမ်၊ ထိုတစ်ကြိမ်တွင်လည်း တန်ဆောင်မုန်းလရာသီတွင်သာ ကထိန်ခင်းကြရသည်ဖြစ်ရာ ကထိန်အလှူဒါနမြောက်စေရန်အတွက် ဝိနည်းတော်နှင့်အညီ လှူဒါန်းနိုင်ကြပါစေကြောင်း ဓမ္မကုသိုလ်ပြုလိုက်ရပါသည်။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Supplementary Grammar Exercises

**Verb to be**

**Present Tense (ယခုကာလ) (ဖြစ်သည်)**

**"am", "is", "are"**

e.g. I am a boy. We are students. You are a driver. You are engineers. They are farmers. He is a hairdresser. She is a teacher. It is a toy car.

(A) Choose **am** or **is** or **are**.

1. I ______________ a boy.
2. My mother ______________ a nurse.
3. Ko Ko and Zaw Zaw ______________ my friends.
4. He ______________ an artist.
5. My pencil ______________ on the floor.
6. They ______________ good doctors.
7. Her mother ______________ in the kitchen.
8. We ______________ students.
9. It ______________ my cat.
10. Maung Maung's uncle ______________ a manager.

**(B) Translate the following sentences.**

1. ကိုကိုသည် ဆရာဝန်တစ်ယောက်ဖြစ်သည်။ (a doctor)
2. ဇော်ဇော်သည် ဆရာတစ်ဦး ဖြစ်သည်။ (a teacher)
3. သူတို့သည် ကျောင်းသားများ ဖြစ်ကြသည်။
4. မောင်မောင်သည် အဆိုတော်တစ်ယောက်ဖြစ်သည်။
5. လင်းလင်းသည် ကားမောင်းသမားတစ်ဦး ဖြစ်သည်။ (a driver)

**(C) Change the following sentences into Negative.**

e.g. She is an actor. (သူသည် ရုပ်ရှင်သရုပ်ဆောင် တစ်ယောက် ဖြစ်သည်။)

She **is not/ isn't** an actor. (သူ ရုပ်ရှင်သရုပ်ဆောင်တစ်ယောက် မဟုတ်ပါ။)

e.g. They are engineers.

They **are not/ aren't** engineers.

1. Ko Ko is a student.
2. They are students.
3. Khin Ma is a nurse.
4. Ko Lin is a mechanic.
5. Swe Swe is an airhostess.

**(D) Change the following sentences into Positive Questions as shown in example.**

e.g. She is a teacher. (သူ ဆရာမတစ်ယောက် ဖြစ်သည်။)

Is she a teacher? (သူ ဆရာမ တစ်ယောက် ဖြစ်သလား။)

e.g. They **are** footballers. (သူတို့တွေ ဘောလုံးကစားသမားတွေ ဖြစ်တယ်။)

**Are** they footballers? (သူတို့တွေ ဘောလုံးကစားသမားတွေ ဖြစ်ကြသလား။)

e.g. I **am** a student. (ကျွန်တော် ကျောင်းသား တစ်ယောက်ပါ။)

Are you a student? (သင် ကျောင်းသား တစ်ယောက်လား။) (I ကို you ပြောင်းပြီးမေးခွန်းမေးပါ။)

1. Ko Ko is a doctor.
   ________________________________?
2. They are students.
3. We are actors.
4. Ma Ma is an actress.
5. It is a computer.

**(E). Translate the followings.**

၁။ သင်တို့က ဆရာဝန်တွေလား။ (a doctor)
၂။ သူတို့က သူနာပြုတွေလား။ (nurses)
၃။ ၎င်းက ငှက်တစ်ကောင်လား။ (a bird)
၄။ စုစုက စာရေးဆရာမလား။ (a writer)
၅။ မောင်မောင်က အလုပ်သမားတစ်ယောက်လား။ (a worker)

*******************

## Grade 6

### Unit 6
### Lesson 4 : Let's go shopping

**I. Write how much or how many to complete the questions.**

1. ______________ stars are there in the sky?
2. ______________ people live on islands?
3. ______________ birds are there?
4. ______________ water is in the ocean?
5. ______________ money is in a bank?
6. ______________ countries are there in the world?
7. ______________ bread is eaten per day?
8. ______________ bones are there in the human body?
9. ______________ sand is in the deserts?
10. ______________ information is on the internet?

**II. Fill in the blanks with 'a few' or 'a little'.**

1. I have ____ crayons to draw with.
2. She has ____ toys to play with.
3. There is ____ milk left in the glass.
4. He has ____ coins in his piggy bank.
5. Mom gave me ____ cookies to eat.
6. Can I have ____ water, please?
7. I see ____ birds flying in the sky.
8. There is ____ sugar in the bowl.
9. She has ____ friends to play with at the park.
10. He needs ____ help with his homework.

**Writing**

**Write a paragraph on "A visit to a supermarket".**

**A visit to a supermarket**

____________________________________________

____________________________________________

____________________________________________

____________________________________________

____________________________________________

____________________________________________

____________________________________________

____________________________________________

____________________________________________

____________________________________________

____________________________________________

******************************

Ans:

**Lesson 4: Let's go shopping**

I.1. How many; 2. How many; 3. How many; 4. How much; 5. How much; 6. How many; 7. How much; 8. How many; 9. How much; 10. How much;

II.1. a few; 2. a few; 3. a little; 4. a few; 5. a few; 6. a little; 7. a few; 8. a little; 9. a few; 10. a little;

**Writing**

**A visit to a supermarket**

Last Sunday, my family and I went to the supermarket. It was a big store with lots of aisles filled with colorful things. We saw rows of fruits like apples, bananas, and oranges. There were also shelves full of different types of pasta, rice, and cereals. I loved looking at all the candies and chocolates in the candy aisle. Mom picked up some fresh vegetables like carrots and broccoli. We also got some milk, bread, and eggs. At the end of our visit, we went to the cashier to pay for our groceries. It was a fun and exciting trip to the supermarket, and we bought everything we needed for our home.

*******************

## Grade 7

### Unit 6
### Lesson 3 : Do you like living in the countryside?

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Farmers grow p__________ and crops in Myanmar.
2. There are many f__________ of wheat in Canada.
3. The farmer drove the cows into the c____________.
4. C__________ are useful animals.
5. Farmers use s_________s to frighten birds and stop them from eating the plants.

**II. Choose the correct option.**

1. When the class finished I opened the door and walked __________ the room.
   (a)through (b) along (c) out of
2. Zaw Zaw jumped ___________ the rock ____________ the water.
   (a)off/ into (b) under/across (c) into/ down
3. Mother came ____________ the house and started to cook dinner.
   (a)out of (b) into (c) over
4. When I was younger, I fell ___________ my bike many times.
   (a)through (b) off (c) up
5. The thief jumped ___________ the fence and tried to enter the house.
   (a)over (b) through (c) across

**III. Put in, on or at in the gaps.**

1. Min Min lives ___________ Yangon.
2. There were some beautiful pictures __________ the walls of their sitting room.
3. They are playing __________ the grass __________ the park.
4. Does the bus stop ___________ the railway station?
5. I live in a flat __________ the second floor.

**IV. Fill the gaps using the words in the box.**

| |
|---|
| above below inside outside beside between among around in front behind |

1. There is a bridge _____________ the river.
2. There was not a sound ___________ of the cave.
3. There is a whiteboard ___________ the clock on the wall.
4. He went and sat __________ her.
5. The children love playing ___________.
6. He stood ___________ his mother and his father.
7. The child is hiding __________ the door.
8. He sits __________ of me in class.
9. He put his arm __________ her.
10. The ball was hidden __________ the leaves.

**V. Rearrange the words to make meaningful sentences.**

1. watch/TV/I/ the living-room/ in/ . /
2. in the mirror/ She/ herself/ looks at/ ./
3. car/ in/ She/ is/ the/ ./
4. the/ in/ This/ best/ the/ team/ world/ is/ ./
5. table/ at/ She/ sat/ the/ ./

***************************

Ans:

**Unit 6**

**Lesson 3: Do you like living in the countryside?**

I. 1. paddy; 2. fields; 3. cowshed; 4. Cows; 5. scarecrow;

II. 1. out of 2. off/ into 3. into 4. off 5. over

III 1. in 2. on 3. on/in 4. at 5. on

IV. 1. above 2. in front 3. below 4. beside 5. outside 6. between 7. behind 8. in front 9. around 10. among

V. 1. I watch TV in the living-room. 2. She looks at herself in the mirror. 3. She in the car. 4. This team is the best in the world. 5. She sat at the table.

************************

## Grade 8

### Unit 6
### Lesson 4 : Let's save our earth!

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. We use e_______ to turn on the TV and charge our tablets.
2. F_____________ are mainly used in vehicles.
3. Reading a book before bedtime can be a relaxing h______ to help us sleep better.
4. Smoking is a dangerous h___________.
5. Some people just dump their r____________ in the river.

**II. Supply the correct form of the words given in brackets.**

1. (electric) The __________ went off during the storm.
2. (protect) Her coat gave her ___________ from the rain.
3. (clean) Mya Mya is a ___________ at the hospital.
4. (show) She takes a ____________ every morning.
5. (care) She got low marks due to her ____________ mistakes.

**III. Complete the sentences with the words given below. There are two extras.**

| |
|---|
| clean save recycle warming grow electricity leftover |

1. This is yesterday's ___________ bread.
2. Economy cars ____________ your money.
3. About 60% of the country's ___________ is produced from coal.
4. Cats are ______________ animals.
5. Global __________ will bring disasters to us.

**IV. Supply the correct form of the verbs given in brackets.**

1. (save) I am ___________ up to buy a house.
2. (protect) I have to __________ my daughter.
3. (drive) She quickly __________ us home.
4. (realize) He _________ his mistake at once.
5. (water) Ko Ko ___________ the plants every morning.

**V. Complete the sentence with correct conjunction.**

| |
|---|
| and but or so because |

1. I like to eat apples ________ they are juicy and delicious.
2. It's raining outside ________ we should take an umbrella with us.
3. Do you want a banana ________ an orange for a snack?
4. I am tired ________ I'm going to bed early tonight.
5. The cat is hungry ________ it meows loudly for food.
6. I want to play outside ________ it's sunny and warm today.
7. She is studying hard ________ she wants to get good grades.
8. I don't like spicy food ________ I prefer something milder.
9. Let's go to the park ________ we can have a picnic there.
10. He wore a coat ________ it was cold outside.

*******************

## Grade 9

### Unit 7 Lesson 1 : Tracing global climate

(ယခင်တစ်ပတ်မှအဆက်)

**III. Fill each blank with an appropriate word. The initial letters are given to help you.**

1. We use a thermometer to measure our body t____when we're sick.
2. I hope the w______is sunny for our picnic tomorrow.
3. C_____is the average weather in a place over a long time.
4. G____warming means the Earth is getting warmer all around the world.
5. The a_____ height of my classmates is about 4 feet tall.
6. The sun provides us with h____ to keep us warm.
7. The p____ of the world is over 7 billion.
8. I'm part of the younger g____ because I was born recently.
9. An e____ is like a big, natural community where plants and animals live together.
10. Carbon dioxide and methane are examples of g_____gases.

**IV. Supply the correct forms of the words given in brackets.**

1. (contribute) My grandma is a _____to our family by cooking delicious meals for us.
2. (abundant) There is an ____ of colorful flowers in the garden.
3. (emit) Factories can release ____that can pollute the air.
4. (warm) Global ____ means the Earth is getting hotter over time.
5. (globe) We live on Earth, which is a ____ planet in space.
6. (populate) The _____ of our town is 10,000 people.
7. (activity) I like to do fun ____ like drawing and playing with my toys.
8. (heavy) It rained _____, and we got all wet on our way home.
9. (sudden) The bright sun disappeared behind a cloud _____.
10. (absent) My teacher noticed my ____from school when I was sick.

**V. Supply the correct forms of the verbs given in brackets.**

1. (not, scold) Mom ____ me when I accidentally dropped the plate.
2. (fail) I tried to bake cookies, but they ____ because I forgot an ingredient.
3. (miss) My favorite toy ____, and I'm looking for it in my room.
4. (increase) Eating healthy food can ____your energy.
5. (expose) My fingers felt cold because they ____ to the chilly wind.

*******************

Grammar

**(A) Rewrite the sentences with the appropriate linking words "Therefore / So or because / as".**

Example: **Ko Ko passed the exam with flying colours. (Effect)**
**He studied hard. (Cause)**

Answer (1) : Ko Ko passed the exam with flying colours <u>because he studied hard</u>.

Answer (2) : Ko Ko studied hard. <u>Therefore</u>, he passed the exam with flying colours.

1. I brought my umbrella. It was raining.
2. The cat is hungry. It hasn't eaten anything all day.
3. I'm wearing a jacket. It's cold outside.
4. She studied hard. She got a good grade on the test.
5. I turned off the lights. I wanted to save energy.
6. He ate too much candy. He got a stomachache.
7. We went to the park. The weather was nice.
8. The baby is crying. It's tired.
9. I'm wearing sunglasses. The sun is bright.
10. She's happy. She got a new toy.
11. He missed the bus. He was late for school.
12. I watered the flowers. They grew tall and beautiful.
13. I'm taking an umbrella. It might rain later.
14. He didn't wear a hat. He got a sunburn.
15. I cleaned my room. It was messy.

*******************

Ans:

Unit 7 Lesson 1 : Tracing global climate

III. 1. temperature; 2. weather; 3. Climate; 4. Global; 5. average; 6. heat; 7. population; 8. generation; 9. ecosystem; 10. greenhouse;
IV. 1. contributor; 2. abundance; 3. emissions; 4. warming; 5. global; 6. population; 7. activities; 8. heavily; 9. suddenly; 10. absence;
V. 1. didn't scold; 2. failed; 3. is missing; 4. increase; 5. were exposed;

*******************

Grammar

1. I brought my umbrella because/ as it was raining. 2. The cat is hungry because/ as it hasn't eaten anything all day. 3. I'm wearing a jacket because/ as it's cold outside. 4. She studied hard, therefore she got a good grade on the test. 5. I turned off the lights because I wanted to save energy. 6. He ate too much candy. So, he got a stomachache. 7. We went to the park because the weather was nice. 8. The baby is crying because it's tired. 9. I'm wearing sunglasses because the sun is bright. 10. She's happy because she got a new toy. 11. He missed the bus because he was late for school. 12. I watered the flowers. Therefore, they grew tall and beautiful. 13. I'm taking an umbrella because it might rain later. 14. He didn't wear a hat. Therefore, he got a sunburn. 15. I cleaned my room because it was messy.

*******************

## Grade 12

### Unit 5 COLOURS

(ယခင်တစ်ပတ်တွင် ဖော်ပြပါရှိသော မေးခွန်းများ၏ အဖြေများ)

Ans:

V(4) (A)1. colour; 2. school; 3. vary; 4. colours; 5. meaning; 6. expressions; 7. representations;

(B)1. The purpose of wearing uniforms in school, the army, or the police force is to show that we belong to a particular group. 2. The colours of a national flag represent the country's history, beliefs and values, as well as its glorious past and hopeful future. 3. When we see a group of football fans waving their national flags at the stadium, we can guess that they come from the country represented by the flags they are waving. 4. Advertisers use bright and cheerful colours for their products to say that we will have a brighter future if we use their products. 5. If there were no colour in the world, our lives would definitely be dull.

VI(Unseen Passage)

(A) (1) a person who forges iron — a. blacksmith
(2) the property of being magnetic — b. magnetism
(3) a machine that converts mechanical power to electrical power — c. dynamo
(4) trusted or depended — d. relied
(5) hurt or stinging — e. embittered

(B) (6) During the last 400 years, scientists have relied on mathmatics in their development of their inventions or discoveries. (7) A great British scientist, Michael Fareday got bored with mathematics and he had no education beyond reading and writing. (8) Faraday worked bottle washing in 1812 and Davy felt embittered with jealousy because Faraday became a greater scientist than Davy. (9) The first electric motor, a device that used electricity to poduce movenent, was invented in 1821 and Fareday was interested in the relationship between electricity and magnetism.(10) The discovery in 1831 of Faraday was that when a magnet is moved near a wire, electricity flows in the wire and he made good use of his discovery by producing a machine for making electricity called a dynamo.

*******************

**VII (A) Complete the dialogue with the expressions given in the box. There is an extra.**

| | | |
|---|---|---|
| I am having some problems with Maths | | It's fine |
| Going good | Sorry to know | What's about English |
| How's your study going? | | |

Kyaw Kyaw : Hi Tun Tun, how's going your time?
Tun Tun: 1---------, what about you?
Kyaw Kyaw: 2 -------. What about your study?
Tun Tun: It's not that good. 3 ---------------.
Kyaw Kyaw: 4 ---------------. But why don't you take help from the Math teacher?
Tun Tun: 5 ----------------?

**VII (B) Complete the exchange using the expressions given in the box. There is an extra.**

| | | | |
|---|---|---|---|
| I can't | Are you doing | I'd rather | Oh, did I? |
| Where are you off to | | don't worry about it | |

A: 6 -----anything tonight, Charles?
B: No, I haven't made any plans yet.
A: Would you like to go cycling?
B: 7 ------- not. I'm a bit tired.
A: Do you want to come to scuba diving with us?
B: I'm afraid 8 ------. I've got to study.
A: 9 ------, Charlotte?
B: Do you want to come with me?
A: You left a window open yesterday, Ben.
B: 10 -----! I'm sorry.

*******************

### Supplementary Grammar Exercises

**Subordinating conjunctions in adverbial clauses**

**(A) Choose an appropriate subordinating conjunction for each of the following sentences.**

1. I will go to the park ______it stops raining. (when / while)
2. He is happy _____ he won the game. (because / if)
3. She studied hard _____ she could pass the exam. (so that /unless)
4. We should take an umbrella _____ it starts to rain. (in case/ after)
5. They went to bed early _____they were tired. (since / until)
6. He couldn't find his keys ____he searched everywhere. (although / as)
7. She can have dessert _____ she finishes her dinner. (if / before)
8. I will call you _____I arrive at the airport. (when / unless)
9. They couldn't go to the party ____ they had to study. (because / if)
10. He will come to the meeting _____ he is feeling better. (if/ after)
11. We should go for a walk _____ the weather is nice.(so that / if)
12. She didn't eat anything _____ she wasn't hungry. (because / since)
13. He can join us _____ he finishes his work. (if / when)
14. We will go to the beach _____ it is sunny. (if / before)
15. She will wait for you _____ you return. (when / in case)
16. I will go shopping _____I have some free time. (when / after)
17. They missed the bus ____they were late. (because / since)
18. He won't go to the party _____ he is invited. (unless / if)
19. She is going to the movies _____ her friends. (with / before)
20. They will start the game ____ the referee blows the whistle. (when / while)

**(B) Finish each sentence in such a way that it means exactly the same as the sentence that is given.**

1. It was raining. But we went outside to play.
   Although ______________________________.
2. Hla Hla felt tired, but she did her best in the match.
   Although ______________________________.
3. Ko Lay ran so fast that he won the race.
   Ko Lay was such ___________________________.
4. It was such a hot day that we went swimming in the pool.
   It was so ___________________________________.
5. When the bell rings, it's time to go home.
   By the time _______________________________.
6. By the time she arrived, the party had already started.
   When _______________________________________.
7. Every time it snows, we build a snowman.
   Whenever ___________________________.
8. Whenever she sees a dog, she gets excited.
   Every time ___________________________.
9. I will start my homework as soon as I finish my dinner.
   No sooner ______________________________.
10. No sooner did he arrive home than it started raining.
    As soon as ______________________________.
11. It must stop raining or I won't go to the park.
    Unless ____________________________.
12. You must get up early or you will miss the school bus.
    Unless ____________________________.
13. I brought an umbrella because it's raining.
    As ____________________________.
14. She put on a jacket as it was cold outside.
    Because ____________________________.
15. Khin Lay had finished her homework. And then she helped her mother.
    After Khin Lay ______________________________.
16. Zin Zin had eaten dinner and then watched her favourite TV show.
    After Zin Zin ______________________________.

*******************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊**
**ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများ အားလုံး အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄) ခရိုင်၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်ပညာများ တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်း(၃၄)ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅) နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃) နှစ်သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

**(၄) မွေးမြူရေးအတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆) နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄) နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃) နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်း**
**(၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | စစ်ကိုင်း | ၂ | ခန္တီး | ခန္တီး | ခန္တီး | အထက-ဆင်သေ |
| | | ၃ | ဟုမ္မလင်း | ဟုမ္မလင်း | ဟုမ္မလင်း | အထက(၁)၊ဟုမ္မလင်း |

စာမျက်နှာ ၂၃ သို့ ✧

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် ရန်ကုန်မြို့တို့၌ အကြမ်းဖက်သောင်းကျန်းသူများအား ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်ပွဲ ပြုလုပ်

**ဇမ္ဗူသီရိ နိုဝင်ဘာ ၁၉**

အကြမ်းဖက် သောင်းကျန်းနေသူများအား ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်ပွဲကို ယနေ့ ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ကျင်းပသည်။

အဆိုပါ ကန့်ကွက်ရှုတ်ချပွဲသို့ ငြိမ်းချမ်းရေးကို လိုလားသော ပြည်သူများနှင့် အမျိုးသားရေး တက်ကြွလှုပ်ရှားသူများ တက်ရောက်ကြပြီး ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် Grand Aster Villa ရှေ့ ပျဉ်းမနား-တောင်ညိုလမ်းတွင် စုရပ်ပြုလုပ်၍ ပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်သူများအား ဆန့်ကျင်ကြ၊ အကြမ်းဖက်လုပ်ရပ်တွေ ချက်ချင်းရပ်၊ မြန်မာပြည်တစ်ဝန်းမှာ ငြိမ်းချမ်းရေးပန်းတွေ ပွင့်လန်းပါစေ၊ ပြည်ပအားကိုးပုဆိန်ရိုးများအား အလိုမရှိ၊ အလိုမရှိ၊ ပြည်ထောင်စုကို ဖြိုခွဲမည့်အကြံ ဒို့လက်မခံ၊ အရှေ့မြောက်ဒေသမှာ ငြိမ်းချမ်းရေးပန်းတွေ ပွင့်လမ်းပါစေ၊ အမိမြေကို ကာကွယ်ကြ၊ ပြည်ထောင်စုကို စုပေါင်းကာကွယ်ကြ စသည့် ကြွေးကြော်သံများ ရေးသားထားသည့် ဗီနိုင်းများ ကိုင်ဆောင်ပြီး သံပြိုင်ကြွေးကြော်၍ ပျဉ်းမနား-တောင်ညို လမ်းမကြီးအတိုင်း Grand Aster Villa ရှေ့မှ နေပြည်တော် ကောင်စီရုံးရှေ့အထိ စုပေါင်းချီတက်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြပြီး နေပြည်တော် ကောင်စီရုံးရှေ့ ရောက်ရှိချိန်တွင် မြန်မာ့အမျိုးသားရေးကွန်ရက်မှ အထွေထွေအတွင်းရေးမှူးက အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် KNPP နှင့် PDF သောင်းကျန်းသူများမှ စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်တိုက်ခိုက်မှုများ၊ မြန်မာပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး ပြည်သူများ အတိဒုက္ခရောက်စေရန် အကြမ်းဖက် သောင်းကျန်းသူများ၏ နောက်ကွယ်မှ ကူညီပံ့ပိုးပေးနေသောနိုင်ငံများအား ကန့်ကွက်ကြောင်း ပြောကြားခဲ့သည်။



အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၁) ရပ်ကွက် မဟာဗန္ဓုလလမ်း မြို့တော်ခန်းမရှေ့၌ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှုများအား ဆန့်ကျင်ကန့်ကွက်ရှုတ်ချပွဲကို ယနေ့ညနေ ၄ နာရီခွဲက အမျိုးသားရေးလှုပ်ရှားသူ ရဟန်း သံဃာတော်များက ဦးဆောင်ကျင်းပသည်။

ဦးစွာ အမျိုးသားရေးလှုပ်ရှားသူ ရဟန်းသံဃာတော်များ ဦးဆောင်၍ ဆန္ဒဖော်ထုတ်သူများက ဆန္ဒဖော်ထုတ်ရာတွင် ပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်သူများအား ဆန့်ကျင်ကြ၊ ပြည်ထောင်စုကို စုပေါင်းကာကွယ်ကြ၊ ပြည်ထောင်စု ပြိုကွဲမည့်အကြံ ဒို့လက်မခံ၊ မြန်မာပြည်တစ်ဝန်းမှာ ငြိမ်းချမ်းရေးပန်းများ ပွင့်လန်းပါစေ၊ အကြမ်းဖက်လုပ်ရပ်တွေ ချက်ချင်းရပ်၊ တိုင်းတစ်ပါးအားကိုး ပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ ပြည်တွင်းရေးကို စွက်ဖက်သူ ဒို့ရန်သူ၊ အမိမြေကို ကာကွယ်ကြ (let protect our mother land)၊ ဒါ ငါတို့ပြည်၊ ဒါ ငါတို့ပြည်ထောင်စု၊ ဒါ ငါတို့ ပြည်တွင်းရေး၊ This is : Our Country, Our Union, Our Internal affairs၊ အချုပ်အခြာကို ထိပါးလာသူ မှန်သမျှ ဆန့်ကျင်ကြ၊ အပြစ်မဲ့ပြည်သူများကို အတိဒုက္ခရောက်စေသော အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ကြ ပိုစတာများ ကိုင်ဆောင်၍ ကြွေးကြော်ပြီး ညနေ ၅ နာရီတွင် ဆန္ဒဖော်ထုတ်မှု ပြီးဆုံးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ချောင်းသာကမ်းခြေ၌ ခရီးသွားဧည့်သည်များ စည်ကားလျက်ရှိ

**ချောင်းသာ နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့သို့ တန်ဆောင်တိုင်ကာလမတိုင်မီ ခရီးသွားဧည့်သည်ဝင်ရောက်မှု များပြားလျက်ရှိရာ ယနေ့တွင် ချောင်းသာကမ်းခြေတစ်လျှောက်၌ စည်ကားလျက်ရှိကြောင်း သိရသည်။

ချောင်းသာမြို့ ချောင်းသာကမ်းခြေ၌ အပန်းဖြေအနားယူနိုင်သည့်အပြင် ကား၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊ စက်လှေ၊ မော်တော်ဘုတ်များဖြင့် မိနစ် ၂၀၊ မိနစ် ၃၀ ခန့်ဖြင့် သွားရောက်နိုင်သည့် ဖိုးကုလားကျွန်း၊ သဲဖြူကျွန်း၊ ကျောက်မောင်နှမ စသည့် လည်ပတ်အပန်းဖြေစရာနေရာများလည်းရှိကြောင်း သိရသည်။

ချောင်းသာကမ်းခြေသို့ လာရောက်လည်ပတ်သူများ၊ စိတ်အေးချမ်းသာပျော်ရွှင်စွာ အနားယူနိုင်ရန်၊ လုံခြုံမှုရှိစေရန်၊ ကမ်းခြေသန့်ရှင်းသာယာလှပရန်၊ ကမ်းခြေတွင် ဈေးရောင်းချသည့် ဈေးသည်များ သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချစေရန်၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရန်တို့အတွက် မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်ပြီး ဌာနဆိုင်ရာနှင့် ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**

✧ စာမျက်နှာ ၂၂ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၃ | တနင်္သာရီ | ၄ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂)၊ ကော့သောင်း |
| ၄ | ပဲခူး(အရှေ့) | ၅ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက- ပဲနွယ်ကုန်း |
| ၅ | ပဲခူး (အနောက်) | ၆ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက- သဲကုန်း |
| ၆ | မကွေး | ၇ | ချောက် | ချောက် | ချောက် | အထက- ငွေးချို |
| ၇ | မန္တလေး | ၈ | မဟာ အောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၉ | အမရပူရ | အမရပူရ | အမရပူရ | အထက- ပလစ(၂) |
| | | ၁၀ | တံတားဦး | တံတားဦး | တံတားဦး | အထက- တံတားဦး |
| | | ၁၁ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| ၈ | မွန် | ၁၂ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက- ရွာလွတ်၊ ချောင်းဆုံ |
| ၉ | ရခိုင် | ၁၃ | မြောက်ဦး | မြောက်ဦး | မြောက်ဦး | အထက(၁)၊ မြောက်ဦး |
| | | ၁၄ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၅ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၁၀ | ရန်ကုန် | ၁၆ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၇ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက - တိုက်ကြီး |
| | | ၁၈ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၉ | သဃ်န်းကျွန်း | သဃ်န်းကျွန်း | သဃ်န်းကျွန်း | အထက-သုဝဏ္ဏ |
| | | ၂၀ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၁ | သန်လျင် | သန်လျင် | သန်လျင် | အထက - ဖားကူး |
| | | ၂၂ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၁ | ရှမ်း(တောင်) | ၂၃ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၄ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁)ပင်လုံ |
| | | ၂၅ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| ၁၂ | ရှမ်း (မြောက်) | ၂၆ | ကွတ်ခိုင် | ကွတ်ခိုင် | ကွတ်ခိုင် | အထက(၁)၊ ကွတ်ခိုင် |
| ၁၃ | ရှမ်း(ရှေ့) | ၂၇ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၈ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| ၁၄ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂)၊ ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက- နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက- ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၅ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက- ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၅-၁၁-၂၀၂၃ ရက်မှအဆက်

လှကြည်က သူ့အဓိပ္ပာယ်နှင့်သူ ဆယ်ရင်အား ပြောလိုက်၏။

"ဟုတ်တယ် ကိုလှကြည်၊ ကျုပ်တို့လည်း သူတို့ ဆက်ဆံရေးကို အတော်လေးအကဲခတ်မိတယ်။ ခင်သန်းငွေဟာ ဖိုးအေးဆွေကို အတော်ခင်မင်ပုံရတယ်။ ဒါကြောင့်လည်း တစ်ခါတစ်ခါ ကျုပ်တို့ကလည်း သူတို့ခရီးရောက်ရင်လည်း မြန်မြန်ရောက်သွားအောင်ဆိုပြီး ဘေးတီးပေးသားပဲ။ ဒါပေမဲ့ သူက ရိုးရိုးပါတဲ့"

ဆယ်ရင်သည် ကိုအေးဆွေအား မေးထိုး၍ပြရင်း ပြောလိုက်၏။ ကိုအေးဆွေသည် အဝေးသို့ ငေးနေ၏။

"သူ့ပါးစပ်ကသာ ရိုးနေတာ။ သူ့အမူအရာနဲ့ သူ့မျက်လုံးတွေကမရိုးဘူး ကိုဆယ်ရင်ရေ့။ တကယ်တော့ အေးဆွေဟာ သူ့ကိုယ်သူ လှည့်စားနေတာ"

"ကျုပ်တော့ သလိုမထင်ဘူး။ သူ့အသည်းနှလုံးတွေဟာ ကျောက်ဆောင်ကျောက်ခဲတွေလို မာနေတယ်လို့ထင်တယ်။ ဘာကြောင့်ဆိုရင် ခင်ဗျားကြည့်လေ။ ခင်သန်းငွေဟာ လူချမ်းသာသမီးဖြစ်ပေမဲ့ မာနမကြီးဘူး၊ ဘဝင်မမြင့်ဘူး။ ကျုပ်တို့ကိုတောင် ဒိုးတူပေါင်ဖက်သဘောထားပြီး ဆက်ဆံလေ့ရှိတယ်။ နောက်ပြီး ရုပ်ရည်အားဖြင့်ဆိုရင်လည်း ဘယ်လောက်ချော ဘယ်လောက်လှတုံး။ တစ်ခါတစ်ခါ ကျုပ်တို့ဖြင့် သူ့တွေ့ရင် ငေးတောင်ကြည့်မိတယ်။ ပြီးတော့ အရည်အချင်းလည်း ကြည့်စမ်းပါဦး။ တက္ကသိုလ်က ဘီအေအီးဒီအောင်ထားတဲ့ အမျိုးသမီးတစ်ယောက်၊ ယခုလက်ရှိ ကျောင်းဆရာမအလုပ်နဲ့။ ဒီလို အဘက်ဘက်က ပြည့်စုံနေတဲ့ အမျိုးသမီး အပျိုလေးတစ်ယောက်က ကိုယ့်ကို ရင်းရင်းနှီးနှီးနဲ့ လက်ပွန်းတတီး လာဆက်ဆံနေပါလျက်နဲ့ ဖောက်ပြန်မှုမရှိဘူးဆိုရင် သူ့အသည်းနှလုံးတွေဟာ ကျောက်ဆောင် ကျောက်ခဲတွေလို မာနေလို့ဟာပေါ့"

ဆယ်ရင်သည် လှကြည်အား ပြောနေသည်မှန်သော်လည်း ကိုအေးဆွေမခံချင်အောင်ရည်ရွယ်၍ ဆွပေးလိုက်ခြင်း ဖြစ်လေသည်။

"ဟုတ်မယ်ဗျို့၊ ကိုဆယ်ရင်တွေးသလို အေးဆွေမှာ ချစ်တတ် ခင်တတ်တဲ့အသည်းနှလုံးတွေမရှိဘူးဆိုတာ မှန်လိမ့်မယ်ဗျ။ ကျွန်တော်တို့တော့ ခင်သန်းငွေကို ကြိုက်ပါ့ဗျာ။ ဒါပေမဲ့ ခင်သန်းငွေက ကိုယ့်ကိုကြိုက်ပုံမပေါ်လို့၊ ပြီးတော့ ကိုယ့်သူငယ်ချင်းမျက်နှာလည်းထောက်နေရလို့။ နို့မို့ရင်လား"

လှကြည်ကပါ အားပါးတရ ဆယ်ရင့်စကားကို ထောက်ခံရင်း ဟန်ပါပါဖြင့် အံကြိတ်၍ ကိုအေးဆွေအား မခံချင်အောင် စလိုက်ပြန်၏။

သည်တော့မှ ကိုအေးဆွေသည် သူ့မျက်တောင်များကို ငှက်တောင်ပံခတ်သလို တဖျတ်ဖျတ်နှင့် လျင်မြန်စွာခတ်လိုက်ပြီး လှကြည်နှင့် ဆယ်ရင်တို့အား တစ်လှည့်စီ စူးစူးစိုက်စိုက်ကြည့်လိုက်၏။

"ဒီမှာ ကိုဆယ်ရင်၊ ခင်ဗျားတို့ထင်သလို ကျွန်တော့်အသည်းတွေဟာ မမာပါဘူး။ ပျော့ပါတယ်။ ပျော့တာမှ အိတောင်နေပါသေးတယ်။ နောက်ပြီး ချစ်တတ်တဲ့အသည်းနှလုံးတွေ မရှိဘူးဆိုတာလည်း မဟုတ်ပါဘူး။ ကျွန်တော်ဟာ နုနယ်သေးကွေးတဲ့ ပုထုဇဉ်လူသားတစ်ယောက်ပါ။ လောကီကာမဘုံကို မလွန်ဆန်နိုင်သေးတဲ့ လူထဲက လူတစ်ယောက်ပါဗျာ။ ဒါပေမဲ့ ..."

ကိုအေးဆွေက ရှေ့မဆက်တော့။ သူ့စကားကို ဖြတ်လိုက်သည်။ သူ့မျက်နှာမှာလည်း ညှိုးငယ်၍ ကျသွားသည်။

လှကြည်နှင့် ဆယ်ရင်တို့ကလည်း သူတို့လှည့်ကွက်ထဲသို့ မငြင်းနိုင် မကွယ်နိုင် ဝင်လာသော ကိုအေးဆွေ၏အခြေအနေကိုကြည့်ကာ တစ်ဦးနှင့်တစ်ဦး ပြုံး၍ပြလိုက်ကြသည်။

"ဘာ ဒါပေမဲ့လဲကွ"

လှကြည်က စကားကို ထောက်ပေးလိုက်၏။

"ငါဟာ စိတ်ကူးမယဉ်ချင်ပါဘူး။ နောက်ပြီး ချမ်းမြေ့သာယာနေတဲ့သူ့ဘဝကိုလည်း မနှောင့်ယှက်ချင်ဘူး"

"ဘာလဲ အေးဆွေ၊ ဒါကို ငါလည်း ခဏခဏ ပြောခဲ့ဖူးပြီ။ မင်းက အဆင့်အတန်းချင်းမတူလို့ စိတ်မကူးရဲဘူး၊ မစရဲဘူးလို့ဆိုလိုတာပေါ့"

ကိုအေးဆွေသည် ဝန်ခံဟန်ဖြင့် ငြိမ်သက်နေသည်။

"နေပါဦး၊ အသွင်ချင်းတူဖို့အတွက် ဘဝခံယူချက်နဲ့ ယုံကြည်ချက်တွေ တူနေကြပြီဆို"

လှကြည်သည် ကိုအေးဆွေအား ထပ်၍မေးလိုက်ပြန်၏။

"ဆိုပါတော့"

"ဒါဖြင့်ရင် ပြီးတာပဲမဟုတ်လားကွ"

"မဟုတ်ဘူးလှကြည်၊ လူ့ဘဝဆိုတာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့ကင်းကွာလို့မရဘူး။ အမြဲတမ်းဆက်စပ်နေတာ။ ကိုယ်ချည်းထီးတည်း နေလို့လုပ်လို့မရဘူး။ ငွေငွေရဲ့ဘဝဟာလည်း ဒီလိုပဲ။ သူ့ရဲ့ လူမှုရေးဆက်ဆံရေးတွေနဲ့ပတ်သက်လာရင် ဘယ်လိုပင် ခံယူချက်တွေ၊ ယုံကြည်ချက်တွေ ပြောင်းလဲနေတယ်ဆိုပေမဲ့လို့ တကယ်တမ်းသူ့ဘဝအိမ်ထောင်ရေးကျတော့ သူ့ဘဝကိုသူ ဖန်တီးနိုင်မှာမဟုတ်ဘူး။ စွန့်နိုင်မှာမဟုတ်ဘူး။ သူ့မိဘနဲ့ဆွေမျိုးအသိုင်းအဝိုင်းက ချုပ်ကိုင်ထားမှာ။ အဲဒီလိုချုပ်ကိုင်ထားတာကို သူကလည်း လွန်ဆန်ရဲလိမ့်မယ်လို့မထင်ဘူး"

"တကယ်မှာ မင်းကို သူက ချစ်ရိုးမှန်ရင် ခင်သန်းငွေဟာ သူ့ဘဝကို စွန့်လွှတ်ရဲရမှာပေါ့"

"ကိုလှကြည်ပြောတာဟုတ်တယ်။ ခင်သန်းငွေကသာ အချစ်စစ်အချစ်မှန်နဲ့သာ ချစ်ရိုးမှန်ရင်၊ ချစ်ခဲ့ရင် သူ့ဘဝကို ဘာလို့မစွန့်ရဲရမှာတုံး။ နောက်ပြီး ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကာလကြီးမှာ ဒါတွေကိုထည့်တွက်မနေစမ်းပါနဲ့။ ပြီးတော့ ကျုပ်တို့က ထန်းပိုင်ရှင်စနစ်ကို တိုက်ပစ်သလို လူမှုဆက်ဆံရေးနဲ့ ပတ်သက်လို့လည်း တိုက်ပစ်ရမယ်ဗျ။ ထန်းပိုင်ရှင်သမီးဖြစ်တဲ့ တက္ကသိုလ်က ဒီဂရီရလာတဲ့ အမျိုးသမီးတစ်ယောက်ကို ထန်းလုပ်သားက ရအောင်ယူပြခြင်းဖြင့် မြေကျွန်၊ ယာကျွန်ပမာ အဆင့်အတန်းခွဲခြားခြင်းခံနေရတဲ့ ထန်းကျွန်စနစ်ကို တိုက်ဖျက်ပစ်ရမယ်"

ဆယ်ရင်ကလည်း သူဖြစ်စေချင်သည့်ဆန္ဒမျိုးကို လှကြည်၏စကားများအား ထောက်ခံရင်း လှကြည်၏စကားအတိုင်း ခြေရာနင်း၍ပြောလိုက်သည်။

"တော်ကြစမ်းပါဗျာ။ ခင်ဗျားတို့ဟာက ဟုတ်သေးပါဘူး။ ထန်းပိုင်ရှင်စနစ်တိုက်ချင်တာနဲ့ ထန်းပိုင်ရှင်သမီးအရယူရမယ်ဆိုတာ မှုမဟုတ်သေးပါဘူး"

ကိုအေးဆွေသည် ခေါင်းကိုခါယမ်း၍ပြရင်း ညည်းညူစွာဖြင့် ဆိုလိုက်၏။

"ဒီမှာအေးဆွေ၊ မင်း ငါတို့ကိုမလိမ်နဲ့၊ မှန်မှန်ပြောစမ်း။ မင်း ခင်သန်းငွေကိုချစ်ရေးဆိုပြီးပလား"

လှကြည်သည် ကိုအေးဆွေကို စူးစိုက်၍ကြည့်ကာ တိတိကျကျမေးလိုက်၏။ ကိုအေးဆွေမှာ အင်း အဲ မလှုပ် ငြိမ်သက်၍နေသည်။ အတန်ကြာသည့်တိုင်အောင် မဖြေပေ။ ငြိမ်နေခြင်းသည် ဝန်ခံခြင်းဖြစ်သည်ဟု အောက်မေ့သော လှကြည်က-

"ဒါဖြင့်ရင် ဖွင့်ပြောပြီးပြီပေါ့" ဟု ဆိုလိုက်၏။

"အင့် အင်" ဟုဆိုရင်း ကိုအေးဆွေက ခေါင်းကို အနည်းငယ် ခါယမ်း၍ပြ၏။

"ဘာလဲကွ၊ မင်းဥစ္စာက မဟုတ်ဘူးလိုလို ဟုတ်သလိုလိုနဲ့။ ရှင်းရှင်းပြောစမ်းကွာ"

လှကြည်သည် ကိုအေးဆွေအား အော်ပစ်လိုက်၏။

"မပြောရသေးပါဘူး"

"ဘာလို့ ဒီလောက်ထိ အချိန်ဆွဲနေရတာတုံး။ ငါလည်း ခဏခဏ ပြောပေါင်းများလှပြီ"

ဆယ်ရင်ကလည်း ကိုအေးဆွေအား အားမလို အားမရဟန်ဖြင့် ဝင်၍-

"ဟုတ်သယ် ဖိုးအေးဆွေ၊ ဘာလို့ အချိန်ဆွဲနေရတာတုံး။ ကိုယ်က တကယ်ချစ်ရိုးမှန်ရင် ဖွင့်ပြောချလိုက်ပေါ့။ ဘာလို့ဆိုရင် မင်း စဉ်းစားကြည့်။ ဒီနှစ်သာ တို့ရွာကျောင်းကို ကျောင်းဆရာမအဖြစ်နဲ့ လာနေရလို့သာ မင်းနဲ့ လွတ်လွတ်လပ်လပ် တွေ့နိုင် ဆွေးနွေးနိုင်တာ။ တကယ်လို့ နွေကျောင်းပိတ်ပြီးလို့ နောက်မိုးဦးကျ ကျောင်းပြန်အဖွင့်မှာ တခြားကျောင်းရွှေ့သွားရင် ကိုရင့်အဖို့ သူနဲ့ဆက်သွယ်ဖို့ဆိုတာ အတော်ခဲယဉ်းသွားပြီ။ ခုဆို မကြာခင် ကျောင်းတွေပိတ်တော့မယ်။ ဒီတော့ "လသာတုန်း ဗိုင်းငင့်" နော်။ တော်ကြာမှ "မိုးလွန်းမှ ထွန်ချ" "ထန်းတုံးမှ ရင်းထောင်ထောင်" နေလို့ အလကားဖြစ်နေဦးမယ်"

ဆယ်ရင်သည် အေးတိအေးစက်နှင့် မရွံ့မရဲဖြစ်နေဟန်တူသော ကိုအေးဆွေအား မြှောက်ပေးလိုက်သည်။

"ဖြည်းဖြည်းပေါ့။ အချိန်တွေ အများကြီးရှိနေပါသေးတယ်"

ကိုအေးဆွေက တည်ငြိမ်အေးဆေးသည့်အမူအရာဖြင့် ဆိုလိုက်၏။ ဤသည်ကို လှကြည်နှင့် ဆယ်ရင်တို့က အားမရပေ။ လှကြည်မှာ ပို၍ပင် အားမလိုအားမရ ဖြစ်နေသည်။

"ဘာ ဖြည်းဖြည်းလဲကွ။ ဒီမှာ အေးဆွေ၊ မင်းဟာ ဆိုရှယ်လစ်အဘိဓမ္မာနဲ့ပတ်သက်လို့ တွေးခေါ်ယူဆပုံ၊ ကောက်ချက်ချအဖြေထုတ်ပုံ အစရှိတာတွေကို ပိုင်နိုင်ချင် ပိုင်နိုင်မယ်။ လူတန်းစားတိုက်ပွဲတွေနဲ့ပတ်သက်လို့ နည်းပရိယာယ်ကြွယ်ကြွယ်ဝဝနဲ့ တစ်ဖက်လူတန်းစားကို နိုင်အောင် အလဲတိုက်ချင်တိုက်နိုင်မယ်။ စည်းရုံးရေးနဲ့ပတ်သက်လို့ လိမ္မာပါးနပ်စွာနဲ့ ကိုယ့်ဘက်ပါအောင် စည်းရုံးချင် စည်းရုံးနိုင်မယ်။ ဒါပေမဲ့လို့ အိမ်ထောင်ရေးကို ရှေးရှုနေတဲ့ ဖိုမဆက်ဆံရေး၊ တစ်နည်းအားဖြင့်ဆိုရင် သမီးရည်းစားဆက်ဆံရေးနဲ့ပတ်သက်လို့ကျတော့ မင်းဟာ မပိုင်နိုင်ပါဘူး။ မင်းမှာ ဟာကွက်၊ ပျော့ကွက်တွေ အများကြီးရှိတယ်။ ဘာလဲလို့ဆိုရင် တစ်ဖက်အမျိုးသမီးရဲ့ သဘောအတိမ်အနက်၊ ပိုပြီးရှင်းအောင်ပြောရရင် ခင်သန်းငွေရဲ့ ရင်ထဲမှာရှိနေတဲ့ နှလုံးသားရဲ့ခံစားချက်ကို မင်းဟာ ထိုးဖောက်ပြီး မြင်နိုင်စွမ်းမရှိပါဘူး။ ဒါဟာ မင်းရဲ့ ကြီးမားတဲ့ချို့ယွင်းချက်ပဲ"

ကိုအေးဆွေသည် လှကြည်ပြောသွားသည့် သူ့အပေါ် ဝေဖန်သွားချက်များကို ဝန်ခံရမလိုဖြင့် စိတ်ဝင်စားစွာ နားထောင်နေသည်။

"နောက်ပြီး ခင်သန်းငွေကို မင်းတစ်ယောက်တည်းကတင် ချစ်နေတာ ကြိုက်နေတာမဟုတ်ဘူး။ သူ့ကို ကြိုက်သူ ချစ်သူတွေက ဝိုင်းဝိုင်းလည်နေတာ။ ဒီအထဲမှာ မြို့ပိုင်ဦးဝင်းအောင်ဟာ အကဲဆုံး။ ဒါပေမဲ့ ခင်သန်းငွေက မျက်နှာသာအပေးဆုံးကတော့ မင်းကိုပဲ။ တစ်ခုတော့ရှိတယ်။ ခင်သန်းငွေမိဘတွေက မျက်နှာသာအပေးဆုံး၊ အလိုလားဆုံးကတော့ မြို့ပိုင်ဦးဝင်းအောင်၊ အမုန်းဆုံးကတော့ မင်းကို"

**ဆက်လက်ဖော်ပြပါမည်။**

**"မဟုတ်ဘူးလှကြည်၊ လူ့ဘဝဆိုတာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့ ကင်းကွာလို့မရဘူး။ အမြဲတမ်းဆက်စပ်နေတာ။ ကိုယ်ချည်းထီးတည်း နေလို့ လုပ်လို့ မရဘူး။ ငွေငွေရဲ့ဘဝဟာလည်း ဒီလိုပဲ။ သူ့ရဲ့ လူမှုရေးဆက်ဆံရေးတွေနဲ့ပတ်သက်လာရင် ဘယ်လိုပင်ခံယူချက်တွေ၊ ယုံကြည်ချက်တွေ ပြောင်းလဲနေတယ်ဆိုပေမဲ့လို့ တကယ်တမ်း သူ့ဘဝအိမ်ထောင်ရေးကျတော့ သူ့ဘဝကိုသူ ဖန်တီးနိုင်မှာမဟုတ်ဘူး။ စွန့်နိုင်မှာမဟုတ်ဘူး။ သူ့မိဘနဲ့ ဆွေမျိုးအသိုင်းအဝိုင်းက ချုပ်ကိုင်ထားမှာ။ အဲဒီလိုချုပ်ကိုင်ထားတာကို သူကလည်း . . ."**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲအောင်တဲ့ အသင်း ၁၆ သင်းအထိ ရှိလာ

ယူရို ၂၀၂၄ ပြိုင်ပွဲကို ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာ ဖြစ်ပြီး အဲဒီပြိုင်ပွဲအတွက် အုပ်စုအဆင့်ခြေစစ်ပွဲစဉ်တွေကို ယှဉ်ပြိုင်လျက်ရှိရာ နိုဝင်ဘာ ၁၈ ရက် ပွဲစဉ်တွေအပြီးမှာ ခြေစစ်ပွဲအောင်တဲ့ အသင်း ၁၆ သင်းအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။

ယူရို ၂၀၂၄ ပြိုင်ပွဲမှာ အသင်းပေါင်း ၂၄ သင်းပါဝင်ယှဉ်ပြိုင်မှာဖြစ်ပြီး အုပ်စုအဆင့် ထိပ်ဆုံးနှစ်သင်းက တိုက်ရိုက်ဝင်ခွင့်ရရှိမှာ ဖြစ်တာကြောင့် အုပ်စု ၁၀ အုပ်စုကနေ အသင်းပေါင်း ၂၀ နဲ့ တိုက်ရိုက်ဝင်ခွင့်ရမယ့် ဂျာမနီအသင်းအပါအဝင် အုပ်စုအဆင့်ပွဲစဉ်တွေအပြီးမှာ အသင်းပေါင်း ၂၁ သင်းရှိလာမှာဖြစ်တာမို့ ကျန်ရှိနေတဲ့အသင်း သုံးသင်းနေရာအတွက်ကတော့ play offs ပြိုင်ပွဲတွေကနေ ထွက်ပေါ်လာတဲ့ရလဒ်တွေအရ သိရမှာ ဖြစ်ပါတယ်။

ဂျာမနီအသင်းကတော့ အိမ်ရှင်အသင်းဖြစ်တာနဲ့အညီ ယူရို ၂၀၂၄ ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီး ဂျာမနီအသင်းအတွက် ယူရိုပြိုင်ပွဲကို (၁၄)ကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမှာ ဖြစ်သလို အဲဒီပြိုင်ပွဲမှာ ချန်ပီယံဖြစ်ဖို့လည်း နည်းပြနာဂျယ်စမန်းက မျှော်လင့်ထားတာ ဖြစ်ပါတယ်။






ဂျာမနီအသင်းဟာ ယူရိုပြိုင်ပွဲမှာ ၁၉၇၂ ခုနှစ်၊ ၁၉၈၀ ပြည့်နှစ်နဲ့ ၁၉၉၆ ခုနှစ်တို့မှာ ချန်ပီယံဖြစ်ခဲ့တာကြောင့် နှစ်ပေါင်း ၂၈ နှစ်အကြာ စောင့်စားခဲ့ရတဲ့ ယူရိုချန်ပီယံဆုဖလားကို ရယူဆွတ်ခူးနိုင်ရေး ကြိုးပမ်းသွားဖို့လည်း ပြင်ဆင်နေတာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အိမ်ရှင် ဂျာမနီအသင်းအပါအဝင် ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ပေါ်တူဂီ၊ စပိန်၊ စကော့တလန်၊ တူကီယဲလ်၊ ဩစတြီးယား၊ အင်္ဂလန်၊ ဟန်ဂေရီ၊ ဆလိုဗက်ကီးယား၊ အယ်လ်ဘေးနီးယား၊ ဒိန်းမတ်၊ နယ်သာလန်၊ ရိုမေးနီးယား၊ ဆွစ်ဇာလန် စတဲ့အသင်း ၁၆ သင်းဟာ ယူရို ၂၀၂၄ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

နိုဝင်ဘာ ၁၈ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ အုပ်စုအဆင့်ပွဲစဉ်တွေမှာ နယ်သာလန်အသင်း၊ ရိုမေးနီးယားအသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီးနောက် ခြေစစ်ပွဲအောင်တဲ့အသင်း ၁၆ သင်းအထိ ရှိလာခဲ့တာ ဖြစ်ပါတယ်။

နယ်သာလန်အသင်းဟာ အုပ်စု(B)ရဲ့ အုပ်စုအဆင့်ပွဲစဉ်(၇)မှာ အိုင်ယာလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ဝက်ဂေါ့ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ဖြစ်ပါတယ်။ အဲဒီနိုင်ပွဲကြောင့် နယ်သာလန်အသင်းဟာ အုပ်စုအဆင့် ခုနစ်ပွဲကစားပြီးချိန်မှာ ငါးပွဲနိုင်၊ နှစ်ပွဲရှုံး ရမှတ် ၁၅ မှတ်ရရှိကာ အုပ်စုဒုတိယနေရာနဲ့ ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲအောင်ခဲ့တာ ဖြစ်ပါတယ်။

ရိုမေးနီးယားအသင်းကတော့ အုပ်စု(I)ရဲ့ အုပ်စုအဆင့်ပွဲစဉ်(၉)အဖြစ် အစ္စရေးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးနောက် ရမှတ် ၁၉ မှတ်ရရှိကာ အုပ်စုပထမနေရာနဲ့ ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲအောင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီအုပ်စုမှာ အုပ်စုဒုတိယနေရာနဲ့ ခြေစစ်ပွဲအောင်ခဲ့တဲ့အသင်းကတော့ ဆွစ်ဇာလန်အသင်းဖြစ်ပြီး ဆွစ်ဇာလန်အသင်းဟာ ကိုဆိုဗိုအသင်းနဲ့ ပွဲစဉ်မှာ သရေတစ်မှတ်သာရရှိခဲ့ပေမယ့် ရမှတ် ၁၇ မှတ်နဲ့ ခြေစစ်ပွဲအောင်ခဲ့တာဖြစ်ပါတယ်။

နိုဝင်ဘာ ၁၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသောပွဲစဉ်တွေထဲမှာ ဘီလာရုစ်အသင်းက အန်ဒိုရာအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ခရိုအေးရှားအသင်းက လက်ဗီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အာမေးနီးယားအသင်းနဲ့ ဝေးလ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ၊ ပြင်သစ်အသင်းနဲ့ ဂျီဘရော်တာအသင်းတို့ပွဲစဉ်မှာ ပြင်သစ်အသင်းက ၁၄ ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ပြင်သစ်အသင်းအနေနဲ့ အခုလို ၁၄ ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဟာ ပြင်သစ်အသင်းအတွက် သမိုင်းတစ်လျှောက် အကြီးမားဆုံးသော ဂိုးပြတ်နိုင်ပွဲဖြစ်ပြီး ဒီပွဲစဉ်မှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး အမ်ဘတ်ပီကတော့ ကစားသမားဘဝ သွင်းဂိုး ၃၀၀ ပြည့်မြောက်သွားခဲ့ပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာ တိုက်စစ်မှူး အမ်ဘတ်ပီဟာ ပြင်သစ်အသင်းရဲ့ ဂိုးအများဆုံးသွင်းယူထားတဲ့ ကစားသမားစာရင်းမှာ ဂရစ်ဇ်မန်းကို ကျော်ဖြတ်ပြီး တတိယနေရာအထိ ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ အုပ်စုအဆင့်ပွဲစဉ်(၇)အပြီးမှာ ခုနစ်ပွဲစလုံး အနိုင်ရရှိခဲ့တဲ့အပြင် အဲဒီခုနစ်ပွဲမှာ ရဂိုး ၂၇ ဂိုးအထိရရှိခဲ့ပြီး ပေးဂိုးတစ်ဂိုးသာ ပေးခဲ့ရတဲ့သမိုင်းမှတ်တမ်းတစ်ခုကိုလည်း စိုက်ထူနိုင်ခဲ့တဲ့အပြင် အုပ်စုပထမနေရာနဲ့ ခြေစစ်ပွဲအောင်မြင်ခဲ့တာ ဖြစ်ပါတယ်။

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ယူရို ၂၀၂၄ ပြိုင်ပွဲကို ဇွန် ၁၄ ရက်ကနေ ဇူလိုင် ၁၄ ရက်အထိ ကျင်းပမှာဖြစ်ပြီး အုပ်စုအဆင့်ပွဲစဉ်တွေအပြီးမှာ ဘယ်အသင်းတွေ ခြေစစ်ပွဲ အောင်ပြီးနောက်တစ်ဆင့်ကို တက်လှမ်းလာအုံးမလဲဆိုတာကတော့ စောင့်ကြည့်ရဦးမှာလည်း ဖြစ်ပါတယ်။

## စီရီနယ်လ်ဒိုရှိရာ အယ်လ်နားဆားအသင်းဆီ ပြောင်းရွှေ့ဖို့ထက် မက်ဆီပါဝင်ကစားနေတဲ့ အင်တာမိုင်ယာမီကို စိတ်ဝင်စားနေတဲ့ ဒီဂီယာ



မန်ယူဂိုးသမားဟောင်းဒီဂီယာဟာ ဆော်ဒီအာရေဗျကလပ် အယ်လ်နားဆားအသင်းရဲ့ တစ်ပတ်လုပ်ခလစာ ပေါင်ငါးသိန်းနဲ့ ကမ်းလှမ်းထားမှုကို ငြင်းဆိုထားတယ်လို့ သိရပါတယ်။

အသက် ၃၃ နှစ်အရွယ်ရှိ ဒီဂီယာဟာ နွေရာသီအပြောင်းအရွှေ့အတွင်းက မန်ယူအသင်းကနေ ထွက်ခွာခဲ့ပြီးနောက် လက်ရှိအချိန်မှာအသင်းလက်မဲ့ဖြစ်နေတာ ဖြစ်ပါတယ်။ ဒီဂီယာနဲ့ နီးစပ်မှုရှိတဲ့ သတင်းအရင်းအမြစ်တွေကတော့ ဇနီးဖြစ်သူက ဒီဂီယာကို အရှေ့အလယ်ပိုင်းသို့ သွားရောက်ကစားဖို့ ဆန္ဒမရှိတာကြောင့်ဖြစ်တယ်လို့ ဆိုပါတယ်။

စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းက ဒီဂီယာကိုခေါ်ယူဖို့ စိတ်ဝင်စားနေတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေချိန်မှာ အသင်းဟောင်း မန်ယူအသင်းကလည်း ဒီဂီယာကို ကာလတိုစာချုပ်နဲ့ ခေါ်ယူဖို့ စီစဉ်နေတယ်ဆိုတဲ့အသင်းတွေလည်း ထွက်ပေါ်နေတာဖြစ်ပါတယ်။ မန်ယူအသင်းရဲ့ လက်ရှိဂိုးသမား အိုနားနားဟာလည်း ကင်မရွန်းအသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ်သွားရောက်ကစားခဲ့ချိန်မှာ ဒဏ်ရာရရှိနေတာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ တိုက်စစ်မှူး မက်ဆီပါဝင်ကစားနေတဲ့ အင်တာမိုင်ယာမီအသင်းကလည်း ဒီဂီယာကိုခေါ်ယူဖို့ စီစဉ်နေတာကြောင့် တိုက်စစ်မှူး စီရီနယ်လ်ဒိုပါဝင်ကစားနေတဲ့ အယ်လ်နားဆားအသင်းထက် အင်တာမိုင်ယာမီအသင်းဆီ ပြောင်းရွှေ့ဖို့ ရာနှုန်းများနေတာလည်း ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

- ခရိုအေးရှား ကွင်းလယ်ကစားသမား လူကာမိုဒရစ်ဟာ လာမယ့်နွေရာသီကာလမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးပါက ဆော်ဒီပရီလိဂ်သို့ ပြောင်းရွှေ့ကစားဖို့ ဆုံးဖြတ်ထားတယ်လို့ သိရပါတယ်။
- စပါးအသင်းဟာ ဆန်းဒါးလန်းအသင်းမှ အသက် ၁၈ နှစ်အရွယ် ကွင်းလယ်ကစားသမား ဂျိုဘီဘယ်လင်ဂမ်ကို ခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။
- မန်စီးတီးအသင်းဟာ နော်ဝေအသင်း တိုက်စစ်မှူး ဟာလန်းကို လစာတိုးမြှင့်ပေးပြီး စာချုပ်သစ်တစ်ရပ်ချုပ်ဆိုဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။
- ဂျူဗင်တပ်အသင်းဟာ အာဆင်နယ်အသင်းမှ ဂါနာကွင်းလယ်ကစားသမား သောမက်ပါတေးကို ခေါ်ယူဖို့ ဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကရင်ပြည်နယ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ကျင်းပ

**ဘားအံ နိုဝင်ဘာ ၁၉**

အခြေခံပညာကျောင်းများမှတစ်ဆင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေး ပြည်နယ်ပညာရေးဌာနမှ တာဝန်ယူကျင်းပသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကရင်ပြည်နယ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။



**သရုပ်ပြဖျော်ဖြေတင်ဆက်**

ထို့နောက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့သိုင်းဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းတို့က ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့၊ မြန်မာ့သိုင်းအဖွဲ့နှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကရင်ပြည်နယ် ကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲအနေဖြင့် မြဝတီမြို့နယ် အမျိုးသားဘောလုံးအသင်းနှင့် သံတောင်ကြီးမြို့နယ် အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကရင်ပြည်နယ် ကျောင်းသားအားကစားပွဲတော်ကို အမျိုးသား အမျိုးသမီး ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော အားကစားနည်း ခုနစ်နည်းထည့်သွင်းကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူအားကစားသမားပေါင်း ၈၆၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲအမျိုးအစားအလိုက် ဘားအံမြို့ပေါ်ရှိ အားကစားကွင်း၊ အားကစားရုံ၊ အားကစားခန်းမတို့၌ နိုဝင်ဘာ ၁၆ ရက်မှ ၂၃ ရက်အထိ ရှစ်ရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

■ **MFF Futsal Championship 2023 ပြိုင်ပွဲမှ**

ရွှေပြည်သာအသင်းကို ကိုးဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု (C) မှ Futsal-19 အသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုပထမ၊ SGF အသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (B) မှ Winner Soccer အသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုပထမ၊ မလိကြယ်စင်အသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (A) တွင် လက်ရှိချန်ပီယံ VUC အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ M2K အသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (H) တွင် လင်းလက်အသင်းနှင့် M-Million အသင်း၊ အုပ်စု (G) တွင် Generations အသင်းတို့ နောက်တစ်ဆင့်တက်ရောက်သွားသည်။ နိုဝင်ဘာ ၁၉ ရက်အပြီးတွင် အုပ်စု (A,B,C) ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး အုပ်စုနောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

အုပ်စုနောက်ဆုံးနေ့အဖြစ် Dream Team အသင်းနှင့် လက်ဝဲသုန္ဒရအသင်း၊ YRG အသင်းနှင့် TG United အသင်း၊ ဖူဆယ်ချစ်သူအသင်းနှင့် ရိုးမအသင်း၊ MIU အသင်းနှင့် DT Legends အသင်း၊ Generations အသင်းနှင့် Red Eagle အသင်း၊ လင်းလက်အသင်းနှင့် M-Million အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MFF**

---

# ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**သာကေတ နိုဝင်ဘာ ၁၉**

ရန်ကုန် တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို ယမန်နေ့က တောင်ဥက္ကလာပ မြို့နယ် ပဒေသာအားကစားကွင်း၌ ဗိုလ်လုပွဲ ပွဲစဉ်ကို သာကေတ မြို့နယ်အသင်းနှင့် ဒေါပုံမြို့နယ် အသင်းတို့ ယှဉ်ပြိုင်ကစားရာ သာကေတမြို့နယ် အသင်းက ဒေါပုံမြို့နယ်အသင်းကို ၄ ဂိုး-၃ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဗိုလ်တထောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုအတွက် ဆုတံဆိပ်နှင့်ငွေသားကျပ်ငါးသောင်း၊ ဒေါပုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်မင်းအေးက အကောင်းဆုံးရှေ့တန်းကစားသမားဆုအတွက် ဆုတံဆိပ်နှင့် ငွေသားကျပ်ငါးသောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းထွန်းက အကောင်းဆုံး အလယ်တန်း ကစားသမားဆုအတွက် ဆုတံဆိပ်နှင့် ငွေသားကျပ်ငါးသောင်း၊ ပုဇွန်တောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်က အကောင်းဆုံး နောက်တန်းကစားသမားဆုအတွက် ဆုတံဆိပ်နှင့် ငွေသားကျပ် ငါးသောင်း၊ သာကေတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက



အကောင်းဆုံး ဂိုးသမားဆုအတွက် ဆုတံဆိပ်နှင့် ငွေသားကျပ်ငါးသောင်း၊ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးဝင်းလှိုင်က ဒုတိယဆုရရှိသော ဒေါပုံမြို့နယ်အသင်းသားလည်ဆွဲဆုတံဆိပ်နှင့် ငွေသားကျပ်သုံးသိန်း၊ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးကျော်ထွန်းက ပထမဆုရရှိသော သာကေတမြို့နယ် အသင်းအား ဆုတံဆိပ်လည်ဆွဲနှင့် ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က ငွေသားဆု ကျပ်ငါးသိန်းနှင့် ပထမဆုတံဆိပ် ဒိုင်းဆုဖလားကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

---

# သရက်ချောင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း၊ တစ်ဧကပျမ်းမျှအစို ၁၀၉ ဒသမ ၃၄ တင်းနှုန်း ထွက်ရှိ

**သရက်ချောင်း နိုဝင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ပန်းတောရပ်ကွက်၌ ဆင်းသုခပေါင်းပျိုးစံပြကွက်အား နိုဝင်ဘာ ၁၈ ရက်တွင် ရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှအစို ၁၀၉ ဒသမ ၃၄ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က ရာသီဥတုဖောက်ပြန်ပြောင်းလဲလာမှု၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင်



သက်ရောက်မှုအပေါ် ဆောင်ရွက်ရမည့် နည်းဆော်သတိပေးချက်များကို တောင်သူများအား ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းက တောင်သူပညာပေး ပေါင်းစံပြကွက်စိုက်ပျိုးပြသခြင်းမှာ မျိုးစေ့သက်သာခြင်း၊ ပေါင်စနစ်ပျိုးထောင်ခြင်းဖြင့် ပျိုးပင်သန်စွမ်းခြင်း၊ ပင်ပွားစည်းမှုကောင်းမွန်ခြင်း၊ ကောက်ကွက်မှန်မှန်စိုက်ပျိုးခြင်း၊ ဓာတ်မြေသြဇာ အချိန်ကိုက်အချိုးကျထည့်သွင်းခြင်း၊ ဘက်စုံပိုးမွှားရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းခြင်းဖြင့် ယခုလို အထွက်နှုန်းကောင်းမွန်ခဲ့ပါကြောင်း တောင်သူများအား ရှင်းလင်းဆွေးနွေးသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်၊ သရက်ချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွဋ်အောင်နှင့် ဝန်ထမ်းများနှင့် အကျိုးဆောင်တောင်သူများ တက်ရောက်ကြသည်။

သရက်ချောင်းမြို့နယ်တွင် မိုးစပါးစိုက်ဧက ၂၆၀၁၉ ဧကရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

---

**✻ မန္တလေးဈေးကွက်မှ**

ဈေးကွက်အတွင်း ကုလားပဲခြမ်း တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၀ မှ ၇၅၀၀ ဈေးရှိခဲ့ရာမှ ယခုအချိန်တွင် ကုလားပဲခြမ်းတစ်ပိဿာလျှင် ငွေကျပ်၅၈၀၀ ဈေးသာရှိပြီး ဈေးများသက်သာစွာရှိသည့်အတွက်ကြောင့် အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

“ ကုလားပဲက မြန်မာလူမျိုးတွေရဲ့ အကြိုက်နှစ်သက်ဆုံး ပဲအမျိုးအစားဖြစ်တယ်။ စားတဲ့နေရာမှာလည်း အာဟာရဖြစ်တဲ့အပြင် အရသာမှာလည်း ကောင်းမွန်တဲ့အတွက် မြန်မာလူမျိုးတွေဟာ ကုလားပဲကို မျိုးစုံလုပ်စားကြပါတယ်။ အလှူအတန်းတွေမှာလည်း မပါမဖြစ် ကြိုက်နှစ်သက်တဲ့ပဲပါ။ အခုချိန်မှာ ကုလားပဲကို ပြည်တွင်းစားသုံးမှု တင်မကပဲ ပြည်ပကိုလည်း တင်ပို့နေရပါတယ်။ ဈေးကွက်အတွင်းမှာ ကုလားပဲတွေဟာ ဈေးသက်သာစွာရှိတဲ့အတွက် အရောင်းအဝယ်ကောင်းနေတယ်။ ယခင်ဈေးထက် သက်သာစွာနဲ့ ပြည်သူတွေစားသုံးနိုင်လာပါတယ်။ အိန္ဒိယဝယ်လက်တွေကလည်း ဝယ်ယူနေကြပါတယ်။ ကုလားပဲကဲ့သို့ မြေပဲလုံးဆန်တွေကိုလည်း ဈေးနှုန်းသက်သာစွာနဲ့ ပြည်သူတွေဝယ်ယူစားသုံးနိုင်ပါပြီ။ အခုလိုမျိုးဈေးသက်သာစွာ ဝယ်ယူစားသုံးလာနိုင်တာဟာ ကောင်းတဲ့လက္ခဏာတစ်ရပ်ဖြစ်ပါတယ်” ဟု ၎င်းကပြောသည်။

**ကုလားပဲအုပ်စု**

အဆိုပါ ကုလားပဲကို တစ်နှစ်လျှင်တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း၊ ကုလားပဲကို အထက်အညာဒေသ တိုင်းဒေသကြီးများတွင် အဓိကအများဆုံးစိုက်ပျိုးကြပြီး အောက်ပိုင်းဒေသများတွင် ဟင်္သာတတစ်ဝိုက်နှင့် ပဲခူးဒေသတစ်ဝိုက်တို့တွင် အနည်းငယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲအုပ်စုအနေဖြင့် ဗမာကုလားပဲ၊ ထိုင်ဝမ်ကုလားပဲ၊ V2၊ V7၊ 929 စသည်ဖြင့် အမျိုးအစားများရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

---

**❍ ကျောဖုံးမှ**

နှစ်ရက်ပြင်ဆင်ချိန်ရရှိမည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာလည်း ဂျပန်အသင်းနှင့် အဝေးကွင်းကစားပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီးကတည်းက မြောက်ကိုရီးယားနှင့်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဂျပန်အသင်းနှင့် အဝေးကွင်းပွဲတွင် မပါဝင်ခဲ့သည့် ကစားသမားအချို့ကိုလည်း အသင်းနှင့်ပြန်လည်ပူးပေါင်းစေလျက်ရှိပြီး မြောက်ကိုရီးယားနှင့်ပွဲအတွက် အပြီးသတ်လူစာရင်းကို နိုဝင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်မည်ဖြစ်သည်။

မြန်မာအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့၏ ကမ္ဘာ့ဖလားခြေစစ်ပွဲကို နိုဝင်ဘာ ၂၁ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းပွဲအတွက် ကြိုတင်လက်မှတ်များကို နိုဝင်ဘာ ၂၀ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး အထူးတန်း ကျပ် ငါးထောင်၊ ရိုးရိုးတန်း ကျပ် နှစ်ထောင် သတ်မှတ်ထားသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**




## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်-၂၊ ဦးပိုင်အမှတ်(၂၇-က)/၆၂ B လမ်း၊ ၂၀x၂၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူဦးကျော်သီဟအောင်ထွေး [၁၀/မဒန(နိုင်)၁၁၉၈၇၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ဒေါ်အိအိစိုး [၁၂/သကတ(နိုင်)၁၆၇၄၈၀] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် (MB-831014) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-420118927**

## ကျောက်ဆည်အသင်း(ရန်ကုန်)
## မဟာဘုံကထိန်ဖိတ်ကြားလွှာ

ကျောက်ဆည်အသင်း(ရန်ကုန်)၏ (၂၁)နှစ်မြောက် ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ် ပဏ္ဍိတာရာမကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်တို့အား ဆက်ကပ်လှူဒါန်းပွဲကို ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်ရှိ ဓမ္မာရုံဗိမာန်တော်ကြီးတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များအားလုံး မိသားစုနှင့်အတူကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ လှူဖွယ်ပစ္စည်းများကို အသင်းတိုက်သို့ ကြိုတင်လှူဒါန်းနိုင်ပါသည်-

ကျင်းပမည့်နေ့ရက် - ၂၅-၁၁-၂၀၂၃
ကျင်းပမည့်အချိန် - ၁၉:၀၀နာရီ
ကျင်းပမည့်နေရာ - ကျောက်ဆည်အသင်းဓမ္မာရုံ(ဗဟန်းမြို့နယ်)
အနောက်ရွှေဂုံတိုင်လမ်းနှင့်ရေတာရှည်လမ်းသစ်ထောင့်၊
ဆက်သွယ်ရန်ဖုန်း - ၀၉-၅၁၄၈၉၆၅၊ ၀၉- ၂၅၄၄၁၇၃၀၃

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါးမြို့နယ်၊ အထက (သမင်အင်းကုန်း)ကျောင်းမှ ဒုတိယမူလတန်းပြဆရာမ နော်အေးအေးချို နှင့် ဒေါ်နော်အေးအေးချို [၇/ကတခ(နိုင်)၁၇၄၇၉၅] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်-၅၁၄/၄ ၊ဦးပိုင်အမှတ်(၂၀၁-ခ)/၂၉.Aလမ်းx၅၆.D လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လွှမ်ရှန် [၁/မမန(နိုင်)၀၂၂၃၃]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၃၂၀/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်မြင့် [၉/မကန(နိုင်) ၀၀၆၂၁၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါးမြို့နယ်၊ မူလွန် (ညောင်ဝိုင်း)ကျောင်းမှ လ/ထ မူလတန်းပြ ဆရာမ နော်ဟေသားစေး နှင့် ဒေါ်နော်ဟေသားစေး [၇/ကတခ(နိုင်)၁၅၇၆၀၀]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါးမြို့နယ်၊ အထက (သမင်အင်းကုန်း) ကျောင်းမှ အထက်တန်းပြ ဆရာမ နော်ဃီးလာ နှင့် ဒေါ်နော်ဃီးလာ [၇/ကတခ(နိုင်)၀၇၂၉၆၅] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဗိုလ်တာရာ-၁လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/စီမံကိန်း- ၂ရပ်ကွက်၊ မြေကွက်အမှတ်-၁၇၈/ခ၊ မြေအကျယ်အဝန်း(၃၀x၆၀)ပေမှတရားဝင်မခွဲမစိတ်ရသေးသော(၁၅ပေx ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အုတ်ခံအိမ်အပါအဝင် ရေမီးအကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်မျိုးပိုင်[၁၂/ဗဟန(နိုင်)၀၁၆၄၁၆]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးမောင်သိန်းကျော် [၁၁/မပန(နိုင်)၀၇၂၈၆၉] ကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုမြတ်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၁၉/၂၀၂၁)**
**တိုက်-၂၁၅၊ ဒုတိယထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၆၅၇၈၄၆၈၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

